မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ

မာသက

၂၀၂၃ ခုနှစ် သတင်းလွှာ



½yg½

ဘုရားသခင်၏ သာသနာတော်မြတ်တည်းဟူသော မြန်မာနိုင်ငံရှိ အသင်းတော်များ တစ်လုံး တစ်ဝတည်းဖြစ်ခြင်း၊ လူသားတစ်ရပ်လုံး ညီညွတ်ခြင်းနှင့် တလောကလုံး ပြည့်စုံကြွယ်ဝသော အသက်တာအတွက် မြန်မာ့ရေခံမြေခံနှင့်လျှော်ညီစွာ အသင်းတော်များအားလုံး စုစည်းလက်တွဲ၍ အစေခံဝန်ထမ်းရန်။

&ywnvyaqmir

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည် မြန်မာနိုင်ငံရှိ ခရစ်ယာန်အသင်းတော် များကို အခြေခံ၍ ဖွဲ့စည်းထားသောဂိုဏ်းပေါင်းစုံသာသနာ့အဖွဲ့အစည်းဖြစ်ပါသည်။မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည် မြန်မာနိုင်ငံတွင်ရှိသော အသင်းတော်များနှင့် ခရစ်ယာန် အဖွဲ့အစည်းများ အားလုံးစည်းလုံးညီညွတ်၍ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ ဝိညာဉ်သဘော ပြည့်ဝ ခြင်း၊ ဘက်စုံသာသနာ့လုပ်ငန်း ဖော်ထုတ်လုပ်ဆောင်ခြင်း၊ ပြန်လည်သင့်မြတ်ခြင်း၊ ငြိမ်းချမ်းရေး၊ တရားမျှတခြင်း၊ လူ့ဂုဏ်သိက္ခာမြှင့်တင်ခြင်း၊ ကျား/မ ရေးရာ တန်းတူညီမျှခြင်း၊ အစေခံဝန်ထမ်းခြင်း၊ သက်သေခံခြင်းနှင့် ဘာသာပေါင်းစုံ ချစ်ခင် လက်တွဲလုပ်ဆောင်ခြင်းတို့ကို ဦးတည်လုပ်ဆောင်မည် ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များကို ယုံကြည်ခြင်း နှင့် ကျင့်သုံးမှု အပြန်အလှန်အသိအမှတ်ပြုခြင်း၊ လုပ်ဆောင်နိုင်သော စွမ်းအားပြည့်ဝစေခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း၊ ပြည်တွင်းပြည်ပမှ အရင်းအမြစ် များ ဝေမျှဖလှယ်ခြင်း၊ မိတ်ဖက်လုပ်ဆောင်ခြင်း၊ ညှိနှိုင်းစုစည်း လက်တွဲလုပ်ဆောင်ခြင်းများဖြင့် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

တာဝန်ခံစာတည်း
သိက္ခာတော်ရဆရာမန်းပါမာစတန်
အယ်ဒီတာ
CPS Team
မျက်နှာဖုံးပန်းချီ
စောဂျုံး

မျက်နှာဖုံးဒီဇိုင်း
စောပိုးနီ
အတွင်းသရုပ်ဖော်
ညီထွေး (ကလေး)
စာစီစာရိုက်
CPS Team

ပုံနှိပ် -
ကိုမျိုးသန်း
စောင်ရေ -
၁၅၀၀
၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဝေသည်။



နှုတ်ခွန်းဆက် အမှာစကား

သာသနာပိုင်ချုပ်ကြီးစတီဗင်သန်းမြင့်ဦး

သခင်ယေရှုခရစ်၏ ကျေးဇူးတော်၊ ဘုရားသခင်၏မေတ္တာတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ မိဿဟာရတော်သည် ညီအစ်ကိုမောင်နှမအပေါင်းနှင့်အတူ တည်ရှိပါစေသောဟု ဆုတောင်းလျက် နှုတ်ခွန်းဆက်အပ်ပါသည်။

ရှေးဦးစွာ ပြင်းထန်လှစွာသော ကပ်ရောဂါနှင့် နိုင်ငံ့အကြပ်အတည်းဆိုင်ရာ မုန်တိုင်းကြီးများအကြား စုံစမ်းခြင်းများနဲ့ ဒုက္ခဆင်းရဲခြင်းများကို သည်းခံရင်း ပြိုလဲသွားခြင်းမရှိဘဲ တစ်လုံးတစ်ဝသာသနာ့ခရီးစဉ်ကို ဇွဲနဲဘဲနဲ့ ခရီးဆက်နိုင်ကြသည့်အတွက် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းကြပါစို့။

ရှေ့ဆက်ပြီး တစ်လုံးတစ်ဝတည်းပန်းတိုင်ကို အရောက်ချီတက်နိုင်ကြဖို့အတွက် ပထမဦးစွာ သေခြင်းအပါအဝင် ဒုက္ခဆင်းရဲခြင်းအပေါင်းရဲ့အရင်းအမြစ်ဟာ အသွေးအသားရှိတဲ့ ဆုပ်ကိုင်လို့ရနိုင်တဲ့အရာတွေမဟုတ်ဘဲ ကမ္ဘာတစ်ခုလုံးကို လွှမ်းခြုံထားတဲ့ အထွတ်အမြတ်၊ အာဏာစက်၊ မှောင်မိုက်တန်ခိုးတည်းဟူသော စာတန် (Satan) နဲ့ (ဧဖက် ၆:၁၂)၊ လူတွေရဲ့အတွင်းထဲကနေ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေထွက်ပေါ်လာစေပြီး ကောင်းတာကိုသိ၍ လုပ်သော်လည်း မကောင်းတာလုပ်မိသွားအောင် တွန်းပို့နေသော 'အား'ဖြစ်သည့် အပြစ်တရား (Sin) ဖြစ်ကြောင်းကို (ရောမ ၇:၁၄-၂၃) သမ္မာသတိရှိကြဖို့ဖြစ်ပါတယ် (၁ပေ ၅:၈)။ ထိုကဲ့သို့အရာခပ်သိမ်းရဲ့ အတွင်းနဲ့အပြင်မှာ လွှမ်းခြုံစိုးမိုး၊ ထိန်းချုပ်နေတဲ့တန်ခိုး၊ အင်အားတွေဖြစ်တဲ့ (Satan and Sin) ကို လူသားတွေအနေနဲ့ ဘယ်လိုမှ မကျော်လွှားနိုင်ဘူးဆိုတာ ကျွန်ုပ်တို့မှီတင်းနေထိုင်ကြရတဲ့ ကမ္ဘာတစ်ဝှမ်းလုံးမှာ ထပ်တလဲလဲ ဖြစ်ပေါ်တွေ့ကြုံခံစားနေရတဲ့ ကြောက်မက်ဖွယ်ရာဖြစ်ရပ်များနဲ့ ကြီးမားများပြားလွန်းလှတဲ့ဒုက္ခဆင်းရဲခြင်းများက သက်သေပါပဲ။

ဒါကြောင့် ဒုတိယအနေနဲ့ ထိုအရာအပေါင်းမှ တစ်ခုတည်းသောလွတ်ရာလမ်း (The Way) ဖြစ်တဲ့ လက်ဝါးကားတိုင်ပေါ်မှာ တစ်လောကလုံးရဲ့အပြစ်ကို မိမိအပေါ်သို့ဆွဲယူ၍ အသေခံရှင်ပြန်ခြင်းဖြင့် စာတန်နဲ့အပြစ်ကို အမြစ်ဖြတ်ဆေးကြောပေးကာ ကယ်တင်လွတ်မြောက်စေသော၊ အသစ်ဖြစ်စေသည့်တန်ခိုးတည်းဟူသော သခင်ယေရှု၏ဧဝံဂေလိတရား (Gospel of Jesus Christ) ကို မိမိတို့အတွင်းတွင် စီးဆင်းလည်ပတ်နေစေကြဖို့ဖြစ်ပါတယ်။

တတိယအနေနဲ့ ထိုသို့ကယ်တင်လွတ်မြောက်စေသောတန်ခိုးဖြစ်သည့် သခင်ယေရှု၏ဧဝံဂေလိတရားကို မိမိတို့အတွင်းတွင် စီးဆင်းလည်ပတ်နေစေဖို့အတွက် မိမိတို့ကိုယ်တိုင်က ခရစ်ယာန်အစစ်များ (Genuine Christmas) များဖြစ်ဖို့လိုပါတယ်။ ခရစ်ယာန်အစစ်ဆိုတာကတော့ ငါဆိုတာမဟုတ်တော့ဘဲနဲ့ ခရစ်တော်သာမိမိ၌အသက်ရှင်တော့သောသူဖြစ်ပါတယ်။(ဂလာတိ ၂:၂၀)

ဤကဲ့သို့ ခရစ်တော်သာ မိမိတို့၌အသက်ရှင်တော့ပါက စတုတ္ထအနေနဲ့ မိမိတို့သည် ယခုလက်ရှိအခြေအနေ၊ ဤလက်ရှိဘဝ လောကကြီး၌ပင် သခင်ယေရှု လောကသို့ ဆင်းသက်ကြွလာစဉ်ကပင် ယူဆောင်ပြီးဖြစ်၍ ဤလောက၌တည်ရှိနေပြီဖြစ်သည့် ကောင်းကင်နိုင်ငံတည်းဟူသော ဘုန်းတန်ခိုးနှင့်ပြည့်စုံသော ဘုရားသခင်၏နိုင်ငံတော် (The Glorious Kingdom of God) အတွင်းရောက်ရှိဝင်စားနေကြရပြီဖြစ်သဖြင့် (လုကာ ၁၇:၂၁) ကျွန်ုပ်တို့အတွက် ဆင်းရဲဒုက္ခနှင့်သုခကောင်းကြီး၊ သေခြင်းနှင့်ရှင်ခြင်း၊ နေ့နှင့်ည၊ အမှောင်နှင့်အလင်းတို့သည် သဘောသဘာဝအတူတူပင် ဖြစ်သွားပါသည်။ (ဆာလံ ၁၃၉:၁၁-၁၂)

ဤသို့ဖြစ်ပါက ပဌမအချက်အနေဖြင့် ခရစ်ယာန်များ၊ ခရစ်ယာန်အသင်းတော်များသည် ဤမှောင်မိုက်ကမ္ဘာအတွင်း မည်သို့မည်ပုံ ခရီးဆက်ရမည်ကို ဘုရားသခင်ကဲ့သို့ မြင်လာနိုင်ကြပါမည်။ တစ်နည်းအားဖြင့် ဘုရားသခင်က မိမိဖန်ဆင်းခြင်းအပြီးသတ်သောအခါ ဖန်ဆင်းခြင်းတစ်ခုလုံးကို "အလွန်ကောင်းသည်" (Very Good) ဟု မြင်သကဲ့သို့ မြင်လာနိုင်ပြီး (ကမ္ဘာ ၁:၃၁) ဘုရားသခင်ကဲ့သို့ပင် မည်မျှဆိုးဝါးသောသူ၊ မည်မျှဆိုးဝါးသောအခြေအနေကိုမဆို ကောင်းလာဖို့အတွက် မိမိအသက်ကိုစွန့်၍ပင် ဆောင်ရွက်နိုင်လာကြပါလိမ့်မည်။


ဤသို့အားဖြင့် ဘုရားသခင်၏ အန္တိမအလိုတော်ဆန္ဒတော်ဖြစ်သော ဖန်ဆင်းခြင်း၏မူလပကတိဖြစ်သည့် ဘုရားသခင်၊ လူသားများနှင့်ဖန်ဆင်းခြင်းတစ်ခုလုံး ညီညွတ်မှုတာ ထာဝရ သဟဇာတ တစ်လုံးတစ်ဝတည်းဖြစ်လျက်ရှိရာ အလွန်ကောင်းခြင်းအဖြစ်သို့ ပြန်လည်ရောက်ရှိကြမည်ဖြစ်ပါသည်။ ဤသည်ကား ကျွန်ုပ်တို့ကြိုးစားလျှောက်လှမ်းလျက်ရှိသော တစ်လုံးတစ်ဝတည်းသာသနာ့ခရီး၏ပန်းတိုင်ပင် ဖြစ်ပါတော့သတည်း။

တစ်လုံးတစ်ဝတည်းအမှုတော်မြတ်၌

သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦး

ဥက္ကဋ္ဌ

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ



အထွေထွေအတွင်းရေးမှူး အမှာစကား

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ – ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ။

"မင်္ဂလာပါ"ဟု မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ (မခသက) မှ ကယ်တင်ရှင်သခင်ခရစ်တော်မွေးနေ့တော်မြတ်ကို ကြိုဆိုလျက် နှုတ်ခွန်း ဆက်သအပ်ပါသည်။ ယခု ၂၀၂၃ခုနှစ်သည် မခသက၏ တစ်လုံးတစ်ဝတည်း ဖြစ်ရေး သာသနာတော်နှစ် (၁၀၉)နှစ်ပြည့် အချိန်အခါ ဖြစ်ပါသည်။

၂၀၂၃ ခုနှစ် တစ်နှစ်တာလုံး မခသကရှိ လုပ်ငန်းဌာနများနှင့် အထူးစီမံကိန်း လုပ်ငန်းများကို ဘေးကင်းစွာဖြင့် မပျက်မကွက် ပြီးဆုံးအောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။ ထို့နည်းတူ တစ်လုံးတစ်ဝတည်းဖြစ်ရေး အနာဂါတ်လုပ်ငန်းစဉ်များကိုလည်း ပြည်တွင်းပြည်ပရှိ မိတ်ဖက်သာသနာအဖွဲ့များနှင့် ညှိနှိုင်းတိုင်ပင်၍ ကြိုတင်ပြင်ဆင်ထားနိုင်ခဲ့ပါသည်။

ဆက်လက်၍ နှိုးဆော်လိုသည်မှာ ဒုက္ခရောက်သည့်အချိန်၊ သုခရှိသည့်ကာလ မိသားစုအချင်းချင်း အပြန်အလှန် ကူညီမစလျှက် မကုန်နိုင်သောကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့် သခင့်ထံ၌ သတိရဆုတောင်းပေးခြင်းများကို မခြားမလပ် စိတ်ရောကိုယ်ပါ ပြုပေးကြပါရန် ဖြစ်ပါသည်။

အထူးလက်ကိုင်ထားစေလိုသော ရွေကျမ်းချက်မှာ "မြစ်တစ်မြစ်ရှိသေး၏။ ထိုမြစ်ရေသည် စီး၍ ဘုရားသခင်၏ မြို့တည်းဟူသော အမြင့်ဆုံးသောဘုရား ကျိန်းဝပ်တော်မူရာ သန့်ရှင်းသော မြို့တော်ကို ရွှင်လန်းစေတတ်၏။" (ဆာလံ ၊ ၄၆း၄) ဖြစ်ပါသည်။

သခင်ကျိန်းဝပ်တော်မူရာ သန့်ရှင်းသောမြို့တော်ကို ရွှင်လန်းစေသော မြစ်ရေကဲ့သို့ စိတ်နှလုံးသားကို သခင့်ထံသို့ ဦးတည်လျက် တစ်လုံးတစ်ဝတည်း အမှုတော်မြတ်အတွက် ဆက်လက်ချီတက်ကြပါစို့ဟူ၍ အမှာစကား ပါးအပ်ပါသည်။

တစ်လုံးတစ်ဝတည်းအမှုတော်မြတ်၌
လေးစားစွာဖြင့်

သီကွာတော်ရဆရာမန်းပါမာစတန်
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ

Myanmar Council of Churches

That They All May Be One (John 17: 21)

မာတိကာ

၁ ... ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်အမှာစကား
၂ ... အထွေထွေအတွင်းရေးမှူး၏ အဖွင့်စကား

Bible Study

၄ ... အသက်ရှင်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော် ....
ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးကွမ်းရှင်းဇော်နန်


သတင်းကဏ္ဍ

၆ ... အထွေထွေအတွင်းရေးမှူး အစီရင်ခံစာ
၉ ... ယုံကြည်ခြင်းနှင့် ကျင့်သုံးမှုကော်မရှင်
၁၀ ... မြို့ပြကျေးလက်သာသနာပြုရေးကော်မတီ
၁၂ ... တစ်လုံးတစ်ဝတည်းဖြစ်ရေးပညာရေးအစီအစဉ်ဌာန
၁၄ ... တစ်လုံးတစ်ဝတည်းဖြစ်ရေးလူငယ်ဌာန
၁၆ ... လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန
၁၇. .. သာသနာပြုရေးနှင့် တစ်လုံးတစ်ဝတည်းဖြစ်ရေးဌာန
၁၉ ... မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံမဓ္မသိပ္ပံ
၂၁ ... ဝန်ထမ်းခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာန
၂၃ ... တစ်လုံးတစ်ဝတည်းဖြစ်ရေး အမျိုးသမီးလုပ်ငန်း
၂၇ ... Civil Peace Service (CPS)
၃၀ ... MCC-HIV/AIDS ကာကွယ်တားဆီးရေးနှင့် ပြုစုစောင့်ရှောက်ရေးစီမံကိန်း
၃၃ ... ပြည်သူလူထုအခြေပြု ၄င်္ဂျားရောဂါ ကာကွယ်နှိမ်နင်းရေး စီမံချက်

ဆောင်းပါးကဏ္ဍ

၃၅ ... အမျိုးသမီးရှုထောင့်မှ
တစ်လုံးတစ်ဝတည်းဖြစ်ခြင်း ... သိက္ခာတော်ရဒေါက်တာခင်ဆွေဦး
၃၈ ... ဂေဟဗေဒရှုထောင့်မှ ဘုရားသခင်၏
မိသားစုအသိုက်အမြုံ ... သိက္ခာတော်ရဒေါက်တာရွှေဂျမ်း
၄၃ ... အသင်းတော်နှင့်
လွှဲမှားသော ဩဝါဒသစ် ... သိက္ခာတော်ရဒေါက်တာသန်းဇော်မိုး
၄၆ ... ရေတွင်းပျက်ထဲမှသည် မခသက ဆီသို့ ... ဟေဟီစော

[Bible Study]



ဂိုဏ်းချုပ်ဆရာတော်ကြီးဦးကွမ်းရှင်းဇော်နန်

အသက်ရှင်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်

အခြေပြုကျမ်းချက်

ယောဟန် ၄:၂၃-၂၄၊ မဿဲ ၆:၉-၁၃၊ ဖိ ၂၉-၁၀၊ ဟေရာ ၆၅:၁၇၊ ဗျာ ၂၁:၁-၂၄၊ ယေဖေကျေ ၃ ၆:၂၅-၂၇

ကျွန်တော်တို့ လူသားများဖက်မှ ဘုရားကျေနပ်စေဖို့ အတွက် ဘာလုပ်ပေးနိုင်မည်နည်း။ ကျွန်ုပ်တို့အဖို့ ဘုရားပြုပေး ပြီးသောအမှုအတွက် ကျေးဇူးတင်ရန်၊ ချီးမွမ်းရန်၊ ဝန်ခံရန် မှတပါး အခြားမရှိပြီ။

ဘုရားပြုပေးပြီးသောအမှုများသည် မျက်စိဖြင့် မြင်ရသောအရာများရှိသကဲ့သို့ မျက်စိဖြင့်မမြင်ရသောအရာများဟူ၍ ရှိသည်။ မြင်ရသောအရာများသည် ရေတွက်၍ မကုန်နိုင်သကဲ့သို့ မမြင်ရသောအရာများသည် ပို၍မရှိမဖြစ်လိုအပ်သော အရာများဖြစ်သည်ဟု ယူဆရပေမည်။ (ဥပမာ - ရှုရှိုက်ရသောလေ၊ သောက်သုံးရသောရေ၊ ကျန်းမာခြင်းအသက်တာ၊ စစ်မှန်သောဘုရားကိုသိခြင်းနှင့် အသိဉာဏ်များသည် ဘုရားသခင်မှ ကျွန်ုပ်တို့အတွက် ပြုပေးသောအမှုအရာများဖြစ်သည်။ ထို့ကြောင့် ဝန်ခံချီးမွမ်းသက်သေခံဖို့ လိုအပ်ပါသည်။)

ထို့အတွက်ကြောင့် ထိုဘုရားသခင်ကို မည်ကဲ့သို့ ဝတ်ပြုကိုးကွယ်မည်နည်း။ ဘုရားလက်ခံနိုင်သောနည်းလမ်းသည် ဓမ္မဟောင်း၌ ယဇ်ပူဇော်ခြင်းဖြစ်ပြီး ဓမ္မသစ်ခေတ်တွင် သမ္မာတရား (Truth) ခရစ်တော်အားဖြင့် ဘုရားလက်ခံသည်။

ဝတ်ပြုကိုးကွယ်ခြင်းဆိုရာ၌ ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်သောကြောင့် နာမ်ဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ဝတ်ပြုကိုးကွယ်ခြင်းကို ဆိုလိုသည်။

ဝတ်ပြုကိုးကွယ်ခြင်း၏အဓိပ္ပါယ်

မိုးမြေရှုပ၊ အရှုပ အရာခပ်သိမ်းကို ပိုင်သအုပ်စိုးတော်မူသော အနန္တတန်ခိုးရှင် ထာဝရဘုရားသခင်သည် ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင် ဖြစ်သောကြောင့် ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်ရဟု ပညတ်ထားပါသည်။ သမ္မာကျမ်းစာ၌ပါသည်ကား ထိုသခင်အား ဝတ်ပြုကိုးကွယ်သောသူတို့သည် ဝိညာဉ်တော်နှင့်လည်းကောင်း၊ သစ္စာ (နှုတ်ကပတ်တော်)နှင့်လည်းကောင်း ဝတ်ပြုကိုးကွယ်ရမည်။

နာမ်ဝိညာဉ်နှင့် ကိုးကွယ်ခြင်းအဓိပ္ပါယ်

ဘုရားသခင်သည် ဝိညာဉ်ဖြစ်သောကြောင့် ဝိညာဉ်နှင့် ကိုးကွယ်ရမည်။ ထို့အတူ သစ္စာနှင့်ပြည့်စုံသောဘုရားဖြစ်သောကြောင့် သစ္စာ(နှုတ်ကပါတ်တော်/ခရစ်တော်)နှင့် ကိုးကွယ်ရမည်။ ဖန်ဆင်းထားသောလူသားများ ဝိညာဉ်နှင့်ကိုးကွယ်နိုင်ရန် ဘုရားသခင်သည် ခန္ဓာ၊ စိတ်၊ ဝိညာဉ် သုံးပါးဖြင့် ဖန်ဆင်းထားသည်။ ဝိညာဉ်ဘုရားကို ကိုးကွယ်နိုင်ရန် ဝိညာဉ်ထည့်သွင်းထားပေးသော လူသားများသာ ဝတ်ပြုနိုင်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၌ရှိသောဝိညာဉ်နှင့် ဘုရား၏ဝိညာဉ် ထိတွေ့ပြီး အလိုတော်၌ ဝမ်းမြောက်ခြင်းဖြင့် ခန္ဓာ၊ စိတ်၊ ဝိညာဉ်အားလုံး အကြွင်းမဲ့ ဝတ်ပြုကိုးကွယ်ခြင်းဖြစ်သည်။

သစ္စာနှင့်ဝတ်ပြုကိုးကွယ်ခြင်း

သစ္စာနှင့်ဝတ်ပြုကိုးကွယ်ခြင်းဆိုသည်မှာ နှုတ်ကပါတ်တော်နှင့်အညီ ဝတ်ပြုကိုးကွယ်ခြင်းကိုဆိုလိုသည်။ ထို့ကြောင့် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရာ၌ နှုတ်ကပါတ်တော်နှင့်အညီ ဘုရားသခင်အလိုတော်အတိုင်း ဝတ်ပြုကိုးကွယ်ရမည်။ နှုတ်ကပါတ်တော်နှင့်အညီဖြစ်သောကြောင့် အသင်းတော်၌ မှားယွင်းသောဩဝါဒ၊ လူ၏ဩဝါဒ မဟောမိရန်အရေးကြီးသည်။

ဆုတောင်းပဌနာပြုတိုင်း ဘုရားသခင်လက်ခံကောင်းချီးပေးမည်ဟု လုံးဝယုံကြည်စိတ်ချ၍ မရပါ။ မှားယွင်းစွာကိုးကွယ်သော ဓမ္မဟောင်းခေတ်မှ ဣသရေလလူမျိုးများ၏ အခြေအနေကို သင်ခန်းစာယူဖို့ လိုအပ်ပါသည်။

ယေရှုခရစ်တော်၏တပည့်တော်များထဲမှ ပေတရုသည် စစ်မှန်သောနောင်တဖြင့် ပြစ်မှားခြင်းမှ ပြန်လှည့်ကာ အဆုံးတိုင် သခင့်အမှုတော်ကို ပြီးမြောက်စေခဲ့သူဖြစ်သည်။ ယုဒရုကာရုတ်သည် မှားယွင်းသောနောင်တဖြင့် အဆုံးစီရင်သွားကာ သမိုင်းမလှခဲ့ပေ။ ခရစ်တော်ကို ယုဒမြင်သောအမြင်သည် လောကအသွေးအသားအမြင်သာ ဖြစ်သည်။ ဘုရားဖြစ်ခြင်းကို မမြင်ပါ။

သခင်ခရစ်တော်သင်ပေးသော ဆုတောင်းပဌနာသည် ယုံကြည်သူသားသမီးများအဖို့ ရိုးရှင်းသော ဆုတောင်းချက်ဖြစ်သည်သာမက စွဲလမ်းစေသော၊ ကျေနပ်စေသော၊ ပြီးပြည့်စုံစေသော ပဌနာဖြစ်သည်။ လိုအပ်သောဆုတောင်းချက်တင်ပြရန် တံခါးဖြစ်သည်။

သမ္မာကျမ်းစာထဲမှ ဘုရားသခင်အသုံးပြုသော ပရောဖက်များသည် နှိမ့်ချစွာ ဆုတောင်းသူများဖြစ်သည်။ ငိုကြွေးမြည်တမ်းခြင်းဖြင့်လည်းကောင်း၊ ဒူးထောက်ဝန်ခံခြင်းဖြင့်လည်းကောင်း၊ ရက်ပေါင်းများစွာ အစာရှောင်ခြင်းဖြင့် မိမိတို့လူမျိုးအတွက် ပင်ပန်းဆင်းရဲစွာ ငိုကြွေးဆုတောင်းခဲ့ကြသည်။ ပရောဖက်ယေရမိသည် အငိုအသန်ဆုံးပရောဖက်ဖြစ်သည်ဟု သိရှိရသည်။ ဣသရေလလူမျိုးတို့၏ဘုရင် ဒါဝိဒ်သည် မျက်ရည်ကျလျက် နှစ်ပေါင်းများစွာ ပင်ပန်းဆင်းရဲစွာ ငိုကြွေးဆုတောင်းခဲ့ရပြီး ဘုရားသခင်ချီးမြှောက်ခြင်းကိုခံရသူဖြစ်သည်။

တမန်တော်ပေါလုသည်လည်း သခင်ခရစ်တော်၏ဇေဝဲဂေလိအမှုတော် ပြီးစီးစေရန် ရက်လချီပြီး မျက်ရည်ကျလျက် ဆုတောင်းကာ သခင်ကို ကျေနပ်စေခဲ့သည်။ ခေါင်းဆောင်တစ်ဦးသည် နှိမ့်ချစွာ ဒူးထောက်ဆုတောင်းဖို့လိုသည်။

ဤလောကကမ္ဘာကြီး၌ ကျွန်ုပ်တို့အသက်ရှင်သည့်ကာလတွင် ယုံကြည်ခြင်းအားဖြင့် လုပ်ဆောင်နေသော အမှုအရာအားလုံးသည် ဘုရားသခင်ပြင်ဆင်တော်မူသော ကောင်းကင်သစ်၊ မြေကြီးသစ်၌ ရောက်ရှိခံစားနိုင်ရန် ဖြစ်သည်။ ကောင်းကင်သစ်၊ မြေကြီးသစ်၌ ရောက်ရှိခံစားနိုင်သော ကျွန်ုပ်တို့၏အသက်တာသည် ခရစ်တော်၏အသွေးတော်ဖြင့် ဆေးကြောခံယူသူ၊ ကျောက်နှလုံးမှ အသားနှလုံးဖြင့် အသက်ရှင်သူများဖြစ်သည်။ “လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။ (၂ကော ၅:၁၇)”

သင့်အသက်တာ၌ ဖန်ဆင်းစမှ ဘုရားနှင့် မိတ်သဟာရပြုနိုင်သော အာဒံနှင့်ဧဝတို့၏အသက်တာ မရရှိနိုင်ပြီလော။ ခရစ်တော်ကို မိမိရဲ့ကယ်တင်ပိုင်ရှင်အသက်သခင်အဖြစ် စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ကိုးစားခြင်းဖြင့် ပြန်လည် မိတ်သဟာရပြုနိုင်မည်ဖြစ်သည်။

အသစ်သောအသက်တာ၊ အသားနှလုံးဖြင့် အသက်ရှင်သောသူသာလျှင် ဘုရားသခင်နှင့် မိတ်သဟာရဖွဲ့နိုင်မည်ဖြစ်သည်။ ကောင်းကင်သစ်၊ မြေကြီးသစ်သည် ဘုရားသခင်နှင့် မိတ်သဟာရဖွဲ့နိုင်သောဘုရားသားသမီးများ ကောင်းကင်တေးသီချင်းဖြင့် ချီးမွမ်းဝတ်ပြုမည့်နေရာဖြစ်သည်။ ချီးမွမ်းဝတ်ပြုခြင်းသည် ဘုရားကို ဘုန်းပေးခြင်း၊ ဂုဏ်ပြုခြင်းဖြစ်သည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီနှင့် အဖွဲ့ဝင်အသင်းတော်(၁၃)ပါးမှ ယုံကြည်သူများ၊ မိတ်ဖက်ပူးပေါင်းဆက်သွယ်သော အဖွဲ့ဝင်များအားလုံး ဘုရားသခင် ပြင်ဆင်ထားပေးသော ကောင်းကင်သစ်၊ မြေကြီးသစ်တွင် အတူတကွ မိတ်သဟာရဖွဲ့ ဝတ်ပြုကိုးကွယ်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။





အထွေထွေအတွင်းရေးမှူးအစီရင်ခံစာ



သိက္ခာတော်ရဆရာမန်းပါမာစတန်
အထွေထွေအတွင်းရေးမှူး

နိဒါန်း

မခသက ကောင်စီသက်တမ်း (၂၀၂၂-၂၀၂၄)၏ အဓိက အချက်ဖြစ်သော “ကောင်းကင်သစ်နှင့် မြေကြီးသစ်” ကို ခံယူလျက် ၂၀၂၃ တစ်နှစ်တာကာလအတွင်း လုပ်ဆောင်ပြီးစီးခဲ့သော တစ်လုံးတစ်ဝတည်းဖြစ်ရေး လုပ်ငန်းအစီအစဉ်များကို ဂုဏ်တော်ချီးမွမ်းလျက် လေးစားစွာဖြင့် အစီရင်ခံ တင်ပြအပ်ပါသည်။

(က) မခသက၏ ပင်တိုင်လုပ်ငန်းများ

မခသက၏ တစ်လုံးတစ်ဝတည်းဖြစ်ရေး လုပ်ငန်းများဖြစ်သော လူငယ်လုပ်ငန်း၊ အမျိုးသမီးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ သာသနာပြုရေးလုပ်ငန်း၊ ဘဏ္ဍာနှင့် ပစ္စည်းရေးရာ၊ ဂုဏ်ပေါင်းစုံခမ္မသိပ္ပံ၊ ၄င်္ဂျားရောဂါစီမံကိန်း၊ Climate Change Adaptation စီမံကိန်း၊ Civil Peace Service စီမံကိန်း၊ HIV/AIDS လုပ်ငန်းစသည့် လုပ်ငန်းများကို စီမံထားသည့် အတိုင်း အောင်မြင်စွာ လက်တွဲလုပ်ဆောင်နိုင်ခဲ့ကြပါ သည်။ ဤစာစောင်တွင် လုပ်ငန်းအသီးသီး၏ အစီရင်ခံစာများကို တင်ပြထားပါသည်။

(ခ) Unity week of prayer (တစ်လုံးတစ်ဝတည်းဖြစ်ရေး စုပေါင်းဆုတောင်းရာ ရက်အဋ္ဌပတ်)

ကက်သလစ်ဆရာတော်များအဖွဲ့ချုပ် (CBCM) နှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ (MCC) တို့မှ ဦးဆောင်ပြီး မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မိတ်သဟာရအဖွဲ့ချုပ် (MECA)၊ မြန်မာနိုင်ငံ ခရစ်တော်သာသနာ ပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (MCMC) တို့မှ ပူးပေါင်းပါဝင်၍ နှစ်စဉ်ပြုလုပ်လျက်ရှိသော တစ်လုံးတစ်ဝတည်းဖြစ်ရေး စုပေါင်း ဆုတောင်းရာ ရက်အဋ္ဌပါတ် (Unity Week of Prayer) အစီအစဉ်ကို ၁၈-၂၅၊ ဖေဖော်ဝါရီ ရက်များအတွင်း ကောင်းမွန်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။ ဖွင့်ပွဲအစီအစဉ်ကို စိန့်မေရီကသီဒြယ်ကျောင်းတော်ကြီး၌လည်းကောင်း၊ ပိတ်ပွဲအစီအစဉ်ကို တြိနတီကသီဒြယ်ကျောင်းတော်ကြီး၌လည်းကောင်း ပြုလုပ်နိုင်ခဲ့ပါသည်။ ထို့နည်းတူ ရန်ကုန်အသင်းတော်များကောင်စီ၊ နယ်မြေအလိုက် အသင်းတော်များစုပေါင်းဆု တောင်းခဲ့ကြပါသည်။

(ဂ) တစ်လုံးတစ်ဝတည်းဖြစ်ရေး တနင်္ဂနွေ (MCC Sunday)

မခသက၏ အဖွဲ့ဝင်အသင်းတော်များ၊ ဒေသန္တရ အသင်းတော်ကောင်စီများသည် နှီးဆော်ထားသည့်အတိုင်း တစ်လုံး









တစ်ဝတည်းဖြစ်ရေး တနင်္ဂနွေနေ့ ဝတ်ပြုကိုးကွယ်ခြင်းကို ပိုမို တိုးပွားလုပ်ဆောင်လျက်ရှိပါသည်၊ အလှူတော်ငွေများကိုလည်း အသင်းတော်များမှ ပေးလှူလျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ပိုမို တိုးပွားလက်ခံရရှိပါသည်။

(ဃ) ဒေသန္တရအသင်းတော်ကောင်စီများနှင့် ထိတွေ့ခြင်း၊ လက်တွဲလုပ်ဆောင်ခြင်း

၂၀၂၃ခုနှစ်အတွင်း မခသကသည် ရန်ကုန်အသင်းတော်များကောင်စီ၊ ပဲခူးအသင်းတော်များကောင်စီ၊ တောင်ကြီးအသင်းတော်များကောင်စီ၊ ဘားအံအသင်းတော်များကောင်စီ၊ မော်လမြိုင်အသင်းတော်များကောင်စီ၊ မန္တလေးအသင်းတော်များကောင်စီ၊ ပြင်ဦးလွင်အသင်းတော်များကောင်စီ၊ မင်းကွန်းအသင်းတော်များကောင်စီ၊ မြစ်ကြီးနားအသင်းတော်များကောင်စီ၊ သန်လျက်အသင်းတော်များကောင်စီ၊ ပြည်အသင်းတော်များကောင်စီ၊ တောင်ငူအသင်းတော်များကောင်စီ၊ ပူတာအိုအသင်းတော်များကောင်စီ၊ နမ့်ဆမ်အသင်းတော်များကောင်စီ၊ မြောက်ဒဂုံအသင်းတော်များကောင်စီ၊ ဟိုပင်အသင်းတော်များကောင်စီ၊ မိုးညှင်းအသင်းတော်များကောင်စီများနှင့် တိုက်ရိုက် ထိတွေ့လျက် လုပ်ငန်းအစီအစဉ်များကို လုပ်ဆောင်နိုင်ခဲ့ပါသည်။

(င) ပူးပေါင်းဆက်သွယ်သောအဖွဲ့အစည်းများနှင့် ထိတွေ့ခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်း

၂၀၂၃ ခုနှစ်အတွင်း မခသကသည် ရန်ကုန်အသင်းတော်များကောင်စီနှင့် လက်တွဲ၍ ပူးပေါင်းဆက်သွယ်သော အဖွဲ့များနှင့် လစဉ် စုပေါင်းဝတ်ပြုခြင်းအစီအစဉ်ကို လက်ခံခြင်း၊ ဧည့်ခံကျွေးမွေးခြင်းများကို အလှည့်ကျ ဖိတ်ခေါ်ဝေမျှခြင်းများဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရန်ကုန်တွင် တည်ရှိသော၊ ပူးပေါင်းဆက်သွယ်သောအဖွဲ့များမှာ YMCA (ရန်ကုန်)၊ YMCA (National)၊ YWCA (ရန်ကုန်)၊ YWCA (National)၊ Vision Trust၊ World Vision၊ Word of Hope၊ MYFC၊ ECLOF၊ MCLM၊ ATEM၊ MCHWA တို့ ဖြစ်ပါသည်။

(စ) သဘာဝဘေးဒဏ် တုန့်ပြန်ခြင်း

၂၀၂၃ခုနှစ်အတွင်း မခသကသည် မိုခါမုန်တိုင်းတိုက် ခတ်ခြင်းကြောင့် ထိခိုက်ခံရသူများအတွက် အရေးပေါ်ကယ် ဆယ်ရေးများကို စစ်တွေ၊ ဘူးသီးတောင်၊ ပလက်ဝ၊ ပုသိမ်ဒေသများမှ အသင်းတော်မိတ်သဟာယများနှင့် လက်တွဲ၍ လုပ်ဆောင်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး ရေဘေးဒဏ်သင့် အသင်းတော်များသို့လည်း ပဲခူးအသင်းတော်များကောင်စီ၊ လှည်းကူးအသင်းတော်များနှင့် လက်တွဲ၍ ပံ့ပိုးကူညီနိုင်ခဲ့ပါသည်။









(ဆ) Compassion (Child Mission)

မဓသကနှင့် လက်တွဲလုပ်ဆောင်နေသော Compassion အဖွဲ့ကြီးသည် ကလေးသူငယ် ဥဿုံဖွံ့ဖြိုးရေးစီမံကိန်းကို ပုသိမ်မြောင်းမြ ကရင်နှစ်ခြင်းသာသနာနယ်ရှိ အသင်းတော် (၁၇) ပါးနှင့် လုပ်ငန်းများကို ကောင်းမွန်စွာ လုပ်ဆောင်လျက် ရှိနေပါသည်။

(ဇ) တိုက်ပွဲရှောင် ပြည်သူများအား ပံ့ပိုးခြင်း

၂၀၂၃ခုနှစ်အတွင်း မဓသကသည် ပြည်တွင်းရှိ တိုက်ပွဲရှောင်ပြည်သူများကို တောင်ကြီး အသင်းတော်များကောင်စီ၊ ဘားအံအသင်းတော်များကောင်စီ၊ လွိုင်ကော်အသင်းတော်များနှင့် လက်တွဲ၍ ကူညီပံ့ပိုးမှုများကို လုပ်ဆောင်နိုင်ခဲ့ပါသည်။

(စျ) ပြည်ပခရီးစဉ်များ

၂၀၂၃ခုနှစ်အတွင်း မဓသက၏ အထွေထွေအတွင်းရေးမှူးသည် မိတ်ဖက်သာသနာအဖွဲ့များ၏ တစ်လုံးတစ်ဝတည်းဖြစ်ရေး အစီအစဉ်များ၍ ပါဝင်လုပ်ဆောင်ရန် ပြည်ပခရီးစဉ်များကို အောက်ပါအတိုင်း သွားရောက်ခဲ့ပါသည်။

(၁) ၂၁-၂၅ ဖေဖော်ဝါရီလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ပြုလုပ်သော Bread for the World ၏ Partner Meeting သို့ လည်းကောင်း။

(၂) ၁-၅ မေလတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ပြုလုပ်သော CCA ၏ အစီအစဉ်ဖြစ်သည့် Asia Church and Ecumenical Leaders conference သို့လည်းကောင်း၊

(၃) ၁၁-၁၆၊ ဇူလိုင်လတွင် အမေရိကန်နိုင်ငံ၊ တက်ကဆက်ပြည်နယ်၊ ဟူစတန်မြို့၌ ကျင်းပသော BCANA ၏ Annual Conference သို့ တစ်လုံးတစ်ဝတည်းသာသနာလုပ်ငန်းစဉ်များနှင့် ရွေးပြည်တော်သစ် ဆေးရုံကိစ္စတင်ပြရန်လည်းကောင်း။

(၄) ၂၇ စက်တင်ဘာ မှ ၃ အောက်တိုဘာလအထိ အိန္ဒိယနိုင်ငံ၊ ကိုတာရန်မြို့၌ ကျင်းပသော CCA's 15th General Assembly သို့ လည်းကောင်း၊

(၅) ၂၈-၃၀ နိုဝင်ဘာတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသော ACT Church of Sweden နှင့် တွေ့ဆုံခြင်း အစီအစဉ်သို့လည်းကောင်း တက်ရောက်ခဲ့ပါသည်။

အကျိုးကျေးဇူးများ

၂၀၂၃ခုနှစ်အတွင်း စိန်ခေါ်ချက်နှင့် အခက်အခဲများရှိသော်လည်း မူလလျာထားသော လုပ်ငန်းအစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ လုပ်ဆောင်ပြီးစီးခဲ့သော တစ်လုံး တစ်ဝတည်းဖြစ်ရေး လုပ်ငန်းအစီအစဉ်များသည် အသင်းတော်များ၏ တစ်လုံးတစ်ဝတည်းဖြစ်ရေး ရှေ့ဆက်လှုပ်ရှားမှုများအတွက် ကြီးစွာသော အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေပါသည်။

နိဂုံး

အချုပ်အားဖြင့်ဆိုရသော် (၂၀၂၂-၂၀၂၄) ကောင်စီသက်တမ်း၏ အဓိကအချက်ဖြစ်သော "ကောင်းကင်သစ်နှင့် မြေကြီးသစ်" (New Heaven and New Earth) ခေါင်းစဉ်နှင့်အညီ မဓသကသည် အထူးကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မဓသကလုပ်ငန်းများ၌ ပါဝင်ကူညီလုပ်ဆောင်နေကြသော တစ်လုံးတစ်ဝတည်း လုပ်ဖော်ဆောင်ဖက် ဆရာ/ဆရာမများအားလုံးအပေါ်သို့ ဘုရားသခင်၏ မြတ်သော ဆုကျေးဇူးမင်္ဂလာများ သက်ရောက်ပါစေဟု ဆုတောင်းလျက် ဤအစီရင်ခံစာကို နိဂုံးချုပ်အပ်ပါသည်။





ယုံကြည်ခြင်းနှင့်ကျင့်သုံးမှုကော်မရှင်

သီကွာတော်ရဒေါက်တာဗန်ကုန်း
သဘာပတိ

ယုံကြည်ခြင်းနှင့် ကျင့်သုံးမှုကော်မရှင်သည် ခရစ်ယာန်အသင်းတော်များ တစ်လုံးတဝတည်းဖြစ်ရေးကို ဦးတည်လျှက် ခေတ်အဆက်ဆက် ကျင့်သုံးလာခဲ့သော ခရစ်ယာန် တို့၏ ယုံကြည်ခြင်းနှင့်အစဉ်အလာများကို လေ့လာကာ အချင်းချင်း ဝေမျှခြင်းဖြင့် အသင်းတော်များစည်းလုံးညီညွတ်ခြင်းကို ရရှိစေရန် လုပ်ဆောင်နေသော ကော်မရှင်ဖြစ်ပါသည်။

၂၀၂၃ခုနှစ်၊ မေလ(၉) ရက်၊ စိန့်မေရီ ကသီဒြယ်၊ ရန်ကုန်မြို့တွင် မခသကနှင့် ကက်သလစ်ဆရာတော်ကြီးများ အကြားတစ်လုံးတဝတည်းဖြစ်ရေး အတွေးအမြင်များကို ဖလှယ်ရန် Synod of Synodality နှင့် ကွန်စီးလျားမိတ်သဟာယဆိုင်ရာ အကြောင်းအရာများကို လေ့လာကာ ဆက်လက်၍ အတူတကွ လုပ်ဆောင်နိုင်မည့် အရာများကို ဆွေးနွေးနိုင်ခဲ့ပါသည်။

ထိုအစီအစဉ်တွင် (၈၉) ဦး၊ ကျား (၆၀) မ (၂၉) ဦး ပါဝင်ခဲ့ပြီး (၁) ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ (၂) မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (၃) မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)၊ (၄) မက်သဒစ်အသင်းတော် (အောက်မြန်မာနိုင်ငံ) (၅) လွတ်လပ်သော တိုင်းရင်းခရစ်ယာန်သာသနာအသင်းတော် (၆) မရာဇဝံဂေလိအသင်းတော် (၇) အမျိုးသားချင်းထောက်ပံ့သည့် ကရင်နှစ်ခြင်းခရစ်ယာန် သာသနာပြုအသင်း (၈) ကယ်တင်ခြင်းတပ်အသင်းတော်၊ (၉) ရန်ကုန်ခရစ်ယာန်အသင်းတော်များကောင်စီ တို့မှ ပါဝင်ခဲ့ပါသည်။





မြို့ပြကျေးလက်သာသနာပြုရေးကော်မတီ



သိက္ခာတော်ရဆရာကျော်လှ
အစီအစဉ်အတွင်းရေးမှူး

ရှေးဦးစွာ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းလျက် နာမတော်သည် ဘုန်းကြီး၍ မင်္ဂလာရှိပါစေသော။

ဤကဲ့သို့ ခဲယဉ်းကြပ်တည်းသော ခေတ်ကာလ အခက်အခဲများစွာနှင့် စိန်ခေါ်မှုများအကြားတွင် ကျွန်တော်များ မြို့ပြကျေးလက်သာသနာ (Urban Rural Mission) သည် ရှင်လုကာ ၄:၁၈-၁၉တွင် သခင်ယေရှု မိန့်တော်မူသကဲ့သို့ "ဘုရားသခင်၏ အလိုတော်နှင့်ဆန့်ကျင်သောအရာများ" လူမှုဝန်းကျင်တွင် ဖြစ်ပေါ်နေသော မတရားမှုတို့ကို တွန်းလှန်၍ တရားမျှတမှု ရရှိခံစားနိုင်စေရန် ဖော်ထုတ်လုပ်ဆောင်နေသော မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ (MCC) လုပ်ငန်းဌာနများအနက် URM ဌာန တစ်ခုဖြစ်ပါသည်။

မြို့ပြကျေးလက်သာသနာ (Urban Rural Mission) သည် ပထဝီမြေအနေအထား၊ နေရာ၊ ကာလံ၊ ဒေသကို ဆိုလိုခြင်းမဟုတ်ပဲ မိမိတို့၏လူမှုဝန်းကျင်တွင် ဖြစ်ပေါ်နေသော အမှုအရာ (ISSUE) များကိုသာ ရည်ညွှန်းခြင်း ဖြစ်သည်။

လုပ်ငန်းစဉ်များ

(၁) ၂၃-၂၄ ဧန်နဝါရီလ ၂၀၂၃ ခုနှစ်တွင် ဧမောန္တေလ ယူနီယံ အသင်းတော် လှိုင်သာယာတွင် Inspiration for COs အစီအစဉ်ကို ပြုလုပ်နိုင်ခဲ့သည်။

(၂) ၂၆ ဧန်နဝါရီလ ၂၀၂၃ ခုနှစ်တွင် Justice Base Approch (JBA) တွေ့ဆုံပွဲကို အွန်လိုင်းအားဖြင့် တက်ရောက်ပါဝင်ခဲ့သည်။

(၃) ဖေဖော်ဝါရီလတွင် People Forum ကို URM New COs များနှင့် ယခင် URM COs ဟောင်းများပူးပေါင်းကာ ၂၀၂၃-၂၀၂၄ လုပ်ငန်းစဉ်များအတွက် တွေ့ဆုံဆွေးနွေးခြင်း ပြုလုပ်ရာ၌ မေတ္တာအဖွဲ့မှလည်း လေ့လာသူအနေဖြင့် ငါးဦး ပါဝင်တက်ရောက်ခဲ့ပါသည်။

(၄) မတ်လ ၁၆ ရက် ၂၀၂၃ခုနှစ်တွင် URM Proposal ကို ဆရာအယ်လင်စောဦး၊ ဆရာဦးအမ်ဂျာနော၊ ဆရာတော် အော်လီဗာဂျိုးဇက်နှင့် ဆရာတော် ဦးကျော်လှတို့ ဆွေးနွေးတိုင်ပင် ရေးသားခဲ့ကြပါသည်။

(၅) ၅ ဂျူလိုင်လ ၂၀၂၃ ခုနှစ်တွင် Act for Peace (AFP) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ အစည်းအဝေးကို ပြုလုပ်ခဲ့သည်။

(၆) United Nations Office on Drugs and Crime (UNODC) မှ ပြုလုပ်သော CSO tools for Drugs and Crime Training Workshop ကို ပါဝင်တက်ရောက်ခဲ့ပါသည်။

FY 2021-2022 Covid-19 ကပ်ဘေးကြီး၏ ပြင်းထန်သော ရိုက်ခတ်မှုများနှင့်အတူ မျက်မှောက်ခေတ်ကာလ အကြပ်

အတည်းများစွာအကြားမှ အောက်ပါအစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

1. Community Organizers Follow up Training.
2. Advocacy for Community Organizers Training.
3. Safeguarding (Women and Children) Training.
4. People Forum
5. Awareness on Human Rights & Citizenship
6. May Day Celebration
7. Human Right Day Celebration
8. Environmental Related Day Celebration
9. Recruit New Community Organizers Training
10. Disable Inclusion and Psychological First Aids

အစီအစဉ်များပြုလုပ်ခဲ့ပါသည်။

ယခုမျက်မှောက်ဖြစ်ပျက်နေသော လူအများရင်ဆိုင်ကြုံတွေ့ဖြတ်သန်းမှုများမှာ နေရာ၊ ကာလံ၊ ဒေသအလိုက် ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ အခမဲ့ပြည့်တန်ဆာပြုခြင်း၊ အခြားတနည်းနည်းဖြင့် ကာမဆိုင်ရာ ကိစ္စပြုလုပ်ခြင်း၊ အခမဲ့စေခိုင်းခြင်း၊ အခမဲ့ဝန်ဆောင်မှုပေးစေခြင်း၊ ကျေးကျွန်ကဲ့သို့ စေခိုင်းစေခြင်း၊ သူတပါး ခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းအား ထုတ်ယူပယ်ရှားခြင်း၊ ရောင်းချခြင်း၊ မတရားဖမ်းဆီးခံရခြင်း စသည့် အမျိုးမျိုးသော မတရားမှုများဖြင့် လူမှုဝန်းကျင်တွင် ခေါင်းပုံဖြတ်ခံနေကြရပါသည်။ အထက် ဖော်ပြပါ အကြောင်းအရာများကို “ဘုရားသခင်၏ အလိုတော်သာ ဖြစ်ကြောင်း” မည်သူ တစ်စုံတစ်ဦးကမျှ လက်ခံမည်မဟုတ်ကြောင်း မြေကြီးလက်ခတ်မလွဲ သေချာလှပါသည်။

ထိုကဲ့သို့အမျိုးမျိုးသော ခေါင်းပုံဖြတ်၊ မတရားမှုများသည် ကျွန်ုပ်တို့နေထိုင်သော ဝန်းကျင်တွင် ပြည့်နက်လျက်ရှိပြီး URM COs ဝန်းကျင်စည်းရုံးရေးမှူးများတို့သည် မိမိတို့၏နေရာဒေသအလိုက် ဖြစ်ပေါ် နေသော အမျိုးမျိုးသော ခေါင်းပုံဖြတ်မှု၊ မတရားမှုခံရသောသူများအတွက် တရားမျှတမှု (Justice) ခံစားရရှိစေရန် နည်းလမ်းအသွယ်သွယ်၊ ပုံစံအမျိုးမျိုးအားဖြင့် ထိုသို့သောသူတို့အတွက် ရပ်တည်လုပ်ဆောင် အစေခံလျက် နေကြပါသည်။

COs များ၏ ဆက်ကပ်ခြင်း (Commitment)၊ အတတ်ပညာ (Skills)၊ လုပ်ဆောင်နိုင်သောစွမ်းရည် (Ability)၊ ရဲရင့်ခြင်း (Brave)၊ အစေခံသောနှလုံးသား စိတ်သဘောတို့ကို လေးစားဂုဏ်ပြုထိုက်သလို ဤနေရာမှ လေးစားဂုဏ်ယူပါကြောင်း ဖော်ပြလိုက်ရပါသည်။

ကျွန်ုပ်တို့ဝန်းကျင်သည် တရားမျှတမှုကို အခြေခံသော (သို့) တရားမျှတမှုကို ရှေ့ရှုသော လူသားချင်း စာနာထောက်ထားမှု များစွာ လိုအပ်ပါသည်။ လူတစ်ဦးသည် အမျိုးမျိုးသော အမည် (သို့) အမျိုးမျိုးသော အမှတ်တံဆိပ်များဖြင့် လွှမ်းမိုးခြင်း (သို့) လူမျိုးတစ်မျိုးသည် အမျိုးမျိုးသောအမည် (သို့) အမျိုးမျိုးသော အမှတ်တံဆိပ်ဖြင့် လွှမ်းမိုးချုပ်ကိုင်ထားခြင်းသည် လူမျိုးကြီးဝါဒသာ ဖြစ်သည်။ အတ္တကြီးခြင်းဖြစ်သည်။ ၎င်းသည်လည်း ဘုရားသခင် အလိုရှိသောအရာ မဖြစ်ကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိနေထိုင်သော ဝန်းကျင်ကို (1) Look ရှုမြင်တတ်သောသူ၊ ရှုမြင်နိုင်သောသူ (2) Listen ဝန်းကျင်ကို နားထောင်သောသူ (3) Link ဝန်းကျင်နှင့် လက်တွဲပူးပေါင်းချိတ်ဆက်ဆောင်ရွက်သောသူများဖြစ်ကြပြီး အကူအညီ လိုအပ်နေသောသူများ အငယ်ဆုံးသောသူများ၊ မတရားမှုခံနေရသောသူများ၊ ဝန်းကျင်အတွက် အစေခံနိုင်သောသူများ ဖြစ်ကြပါစို့။

အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံပါစေသော။ အသုံးတော်ခံ တန်ဆာပလာများ ဖြစ်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပြုလျက် ဖော်ပြအပ်ပါသည်။







တလုံးတဝတည်းဖြစ်ရေးပညာရေးအစီအစဉ်ဌာန



မိုင်ကြည်ကြည်ဝင်း
အမှုဆောင်အတွင်းရေးမှူး

တစ်လုံးတစ်ဝတည်းဖြစ်ရေး ပညာရေးအစီအစဉ်ဌာနသည် အဖွဲ့ဝင်အသင်းတော်များအကြားနှင့် အခြားသော ဘာသာတရားများအကြား အပြန်အလှန်နားလည်မှုများ၊ ဆက်နွယ်မှုများ၊ သဘောထားများနှင့် အပြုအမူများ တိုးမြင့်လာစေရန် နှင့် အဖွဲ့ဝင်အသင်းတော်များ၏ အသင်းတော်ကျောင်းများအတွက် တစ် လုံး တစ်ဝတည်းဖြစ်ရေး ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ သင်ရိုး ညွှန်းတမ်းများနှင့် သင်ခန်းစာများ စနစ်တကျဖွံ့ဖြိုးလာစေရန် ဟူသော ရည်ရွယ်ချက် (၂) ရပ်ဖြင့် ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဌာနအစီအစဉ်များကို အကောင်အထည်ဖော် ဆောင် ရွက်လျက် ရှိပါသည်။

အစီအစဉ်များအနေဖြင့် တစ်လုံးတစ်ဝတည်းဖြစ်ရေး အသင်းတော်ကျောင်းဆရာ၊ ဆရာမဖြစ်သင်တန်းများ၊ တစ်လုံးတစ်ဝတည်းဖြစ်ရေး ဂျူနီယာဟိုင်းအရွယ် ကလေးသင်တန်းများ ပြုလုပ်ခြင်း၊ တစ်လုံးတစ်ဝတည်းဖြစ်ရေး သင်ရိုးညွှန်းတမ်းစာအုပ်၊ ပညာရေးစာစောင်များ၊ မဂ္ဂဇင်းထုတ်ဝေခြင်းများ ပြုလုပ်လျက်ရှိပြီး အခြားသောအစီအစဉ်များကိုလည်း ပြုလုပ်လျက်ရှိပါသည်။

တစ်လုံးတစ်ဝတည်းဖြစ်ရေး ပညာရေးအစီအစဉ်ဌာန၏ ဖော်ဆောင်လျက်ရှိသော စီမံကိန်းများမှာ Bread for the World: Promotion of Ecumenical Movement and Environment ၊ Act Church of Sweden: Strengthening Ecumenical Movement to Promote Gender Equality ၊ Compassion: Psycho Social Support for Women and Children နှင့် Church in Action – KiA: Child Friendly Space တို့ ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ မှ အတွင်း တစ်လုံးတစ်ဝတည်းဖြစ်ရေး ပညာရေးအစီအစဉ် ဌာနသည် အောက်ပါအစီအစဉ်များကို ပြုလုပ်ခဲ့ပါသည်။

(၁) “8th Ecumenical Junior High Camp–Kalaw, 2023”

“8th Ecumenical Junior High Camp” အစီအစဉ်ကို “Caring Together” ခေါင်းစဉ်ဖြင့် ရှမ်းပြည်နယ်၊ ကလောမြို့





တွင်ရှိသော ကလောကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်တွင် ၂၀၂၃ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ (၂၇)ရက်နေ့ထိ (၅)ရက်တာ ပြုလုပ်ခဲ့ပါသည်။ တက်ရောက်သူဦးရေမှာ ကျား(၂၁)ဦး၊ မ(၃၂)ဦး စုစုပေါင်း (၅၃)ဦးဖြစ်ပြီး သင်ကြားသူဆရာ၊ဆရာမများနှင့် စီစဉ်သူအားလုံး အပါအဝင် စုစုပေါင်း (၇၇)ဦး ဖြင့် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။

ရလဒ်များအနေဖြင့် မခသကအကြောင်းနှင့် အဖွဲ့ဝင် အသင်းတော်များ အကြောင်းကို သိရှိလာသည်။ အဖွဲ့ဝင်အသင်းတော်များနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိလာသည်။ တစ်လုံးတစ်ဝတည်း စိတ်သဘောထားများနှင့် အမြင်များ တိုးပွားလာသည်။ Gender ညီမျှမှုနှင့် ပါတ်သက်သော အသိပညာအသစ်များ တိုးပွားလာသည်။ မိမိကိုယ်သော်လည်းကောင်း၊ သူတစ်ပါးကိုသော်လည်းကောင်း ကရုဏိကရုန် လိုအပ်ကြောင်း သိရှိလာသည်။ အသင်းအဖွဲ့နှင့် လုပ်ဆောင်ရသော အလေ့အကျင့်ကိုလည်း ရရှိခဲ့ပါသည်။ စိတ်ကျန်းမာရေးဆိုင်ရာ အသိပညာများ ရရှိခဲ့ပါသည်။

(၂) "6th Ecumenical Church School Teacher Training–2023"

"6th Ecumenical Church School Teacher Training" ကို ၂၀၂၃ခုနှစ်၊ ဇူလိုင်လ (၂)ရက်နေ့မှ (၂၉)ရက်နေ့အထိ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ပါသည်။ ပါဝင်တက်ရောက်ခဲ့သူဦးရေမှာ ကျား(၃)ဦး ၊ မ(၂၃)ဦး စုစုပေါင်း(၂၆)ဦး ဖြစ်ပါသည်။

ရလဒ်များအနေဖြင့် နှုတ်ကပတ်တော်အခြေခံအုတ်မြစ်၊ သီဩလော်ဂျီအုတ်မြစ်၊ စိတ်ပညာအုတ်မြစ်၊ သမိုင်းကြောင်းအုတ် မြစ်၊ လူမှုရေး အုတ်မြစ်နှင့် သင်ရိုးညွှန်းတမ်းအုတ်မြစ်များကို ကလေးသူငယ်များအတွက် ချမှတ်ရေးဆွဲ သင်ကြားပေးနိုင်မည့် နည်းလမ်းများရရှိခဲ့ကြပါသည်။ ကိုးကွယ်မှုမတူညီသော ဘာသာ တရားများ၏ သဘောသဘာဝနှင့် အနှစ်သာရ အကြောင်းများကို သင်ယူရခြင်းအားဖြင့် အခြားဘာသာတရားများအပေါ် အပြုသဘောများနှင့် နားလည်မှုအမြင်များ တိုးပွားကျယ်ပြန့်လာခဲ့ကြပါသည်။ တစ်လုံးတစ်ဝတည်းဖြစ်ရေးဆိုင်ရာ အသင်းတော်ကျောင်း သင်ခန်းစာများကို လက်တွေ့ရေးဆွဲနိုင်ခဲ့ကြပါသည်။ ဘာသာတရား တစ်ခုနှင့်တစ်ခု၊ အသင်းတော်တစ်ပါးနှင့် တစ်ပါးအကြား နားလည်ပေးမှု၊ လေးစားပေးနိုင်မှုတို့ကို ခံစားရရှိခဲ့ပါသည်။ သင်တန်းမှရရှိသော အရာများကို လက်ဆင့်ကမ်းလျက် ဆင့်ပွားသင်တန်းများ ပြန်လည်ပြုလုပ်ဝေမျှချင်သော ဆန္ဒများ ဖြစ်ပေါ်လာသည်။ တစ်လုံးတစ်ဝတည်းဖြစ်ရေးပညာရေးဆိုင်ရာ အခြေခံသဘောတရားများကို သိရှိခဲ့ပါသည်။

(၃) "Strengthening Committees' Member Capacity on Ecumenic"

"Strengthening Committees' Member Capacity on Ecumenic" အစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် ကော်မတီဝင် စုစုပေါင်း (၁၅) ဦးဖြင့် ပြုလုပ်ခဲ့ပါသည်။ ရလဒ်အနေဖြင့် ကော်တီဝင်များ အချင်းချင်းသော်လည်းကောင်း၊ အဖွဲ့ဝင်အသင်းတော်များ အချင်းချင်းသော်လည်းကောင်း၊ ပို၍ရင်းနှီးကျွမ်းဝင်မှု ရှိလာသည်။ တစ်လုံးတစ်ဝတည်းစိတ်သဘောထားများနှင့် အမြင်များ တိုးပွားလာသည်။ တစ်လုံးတစ်ဝတည်းစိတ်နှင့် ဌာနအစီအစဉ်များကို ဆွေးနွေးတိုင်ပင်ခဲ့ခြင်းဖြင့် အစီအစဉ်များကိုအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။





တလုံးတဝတည်းဖြစ်ရေးလူငယ်လုပ်ငန်း



စောလုကာ
အမှုဆောင်အတွင်းရေးမှူး

တစ်လုံးတစ်ဝတည်းဖြစ်ရေး လူငယ်လုပ်ငန်းသည် အမြော်အမြင်ရှိပြီး၊ နိုးကြားသော လူငယ်ခေါင်းဆောင်များ၏ ဦးဆောင်မှုဖြင့် လွတ်လပ်ရေးအကြိုခေတ် ၁၉၄၆ ခုနှစ်၊ ဧပြီလ အတွင်း၊ သန်လျင်တွင် "တိုင်းရင်းသား လုလင်" ဟူသောအမည်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး၊ ၁၉၄၇ ခုနှစ်တွင် ပြည်မြို့ ၌ "ဗမာနိုင်ငံလုံးဆိုင်ရာ ခရစ်ယာန် လူငယ်များအဖွဲ့ချုပ်" (ဗာခလ) ထပ်မံပြောင်းလဲ ဖွဲ့စည်းခဲ့ပါသည်။ ဗာခလ ၏ ဖွဲ့စည်းပုံမှာ တစ်ဦးချင်း ပါဝင်မှုသာ ဖြစ်သောကြောင့် အသင်းတော်လူငယ်များ၏ ပါဝင်မှုအရေးကြီးကြောင်းကို သိမြင်လျက်၊ ၁၉၆၇ ခုနှစ်မှစ၍ "မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်များ မိတ်သဟာယ" (မာခလမေ) ကို ထပ်မံဖွဲ့စည်း လုပ်ဆောင်ခဲ့ပါသည်။

တစ်လုံးတစ်ဝတည်းဖြစ်ရေး လူငယ်လုပ်ငန်း၏ ဖော်ဆောင်လျက်ရှိသော စီမံကိန်းများမှာ PEME (Bread for The World), Church of Sweden, Compassion, Danmission, KerK Church in Action တို့ဖြစ်ပါသည်။

တစ်လုံးတစ်ဝတည်းဖြစ်ရေး လူငယ်လုပ်ငန်းသည် စီမံကိန်းများ၏ အစီအစဉ်များကိုအောက်ဖော်ပြပါအတိုင်း ပြုလုပ်ခဲ့ပါသည်။

(၁) "Awareness raising training on Gender and social justice with youth leaders" အစီအစဉ်ကို ဘားအံအသင်းတော်များကောင်စီ၊ မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်(အင်္ဂလီကန်) နှင့် တစ်လုံးတစ်ဝတည်းဖြစ်ရေး လူငယ်လုပ်ငန်းတို့ပူးပေါင်းကာ ၂၀၂၃ခုနှစ်၊ မေလ ၁၀ရက်နေ့မှ ၁၂ ရက်နေ့အထိ ဘားအံမြို့ရှိ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)၊ ဘိရှော့ကုန်း၌ (၃)ရက်တာ ပြုလုပ်ခဲ့ပါသည်။ တက်ရောက်သူဦးရေမှာ ကျား(၂၄)ဦး နှင့် မ(၁၆)ဦး စုစုပေါင်း လူငယ် (၄၀)ဦးဖြစ်ပါသည်။ ရလဒ်အနေဖြင့် Social and Gender နှင့် ပတ်သက်သော အသိပညာများသော်လည်းကောင်း နှုတ်ကပတ်တော် နှင့် သက်ဆိုင်သော အချက်များ၊ တစ်လုံးတစ်ဝတည်းဖြစ်ရေး အသိအမြင်များအား လူငယ်များကို သင်ကြားပေးခြင်း၊ ထို့ကြောင့် လူငယ်များသည် မိမိတို့ အသင်းတော်၊ မိသားစု၊ မိမိရပ်ရွာ ပတ်ဝန်းကျင်တွင် ထိုပညာရပ်များအား သင်ယူရရှိကာ ပြန်လည် လက်ဆင့်ကမ်း မျှဝေနိုင်ခြင်း နှင့် လက်တွေ့ လုပ်ဆောင်နိုင်ခြင်းများ ရရှိခဲ့ပါသည်။

(၂) "World Environmental Related Day" အစီအစဉ်ကို ၂၀၂၃ခုနှစ်၊ ဇွန်လ(၃)ရက်နေ့တွင် မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(ရန်ကုန်) ၌ တစ်ရက်တာ ပြုလုပ်ခဲ့ပါသည်။ ပါဝင်တက်ရောက်သူဦးရေမှာ ကျား(၆၄)ဦး နှင့် မ(၇၉) ဦး စုစုပေါင်း လူငယ် (၁၄၃) ဦးဖြစ်ပါသည်။ ရလဒ်အနေဖြင့် လူငယ်များအတွက် သဘာဝပတ်ဝန်းကျင် အပြောင်အလဲနှင့် ဖြစ်ပေါ်လျက်ရှိသော သဘာဝပတ်ဝန်းကျင်ဘေး ကပ်ဘေး အဆိုးရွားဆုံး ထိခိုက်ခံစားနေရသော အကြောင်းအရာများကို တနေ့တာသင်ခန်းစာများမှ လူငယ်များအတွက် ပို့ချ အမြင်ဖွင့်နိုင်ခဲ့ပါသည်။ ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင် အခြေအနေများကိုလည်း နှုတ်ကပတ်တော်နှင့်အတူ ရှေ့ဆက် ထိန်းသိမ်းရှောက်နိုင်ရန် လူငယ်များ အသင်းတော်တွင်းမက ကိုယ်နှင့် သက်ဆိုင်သော ပတ်ဝန်းကျင်များတွင် ပါဝင် လုပ်ဆောင်လာရန် တိုက်တွန်းနိုးဆော်မှုများနှင့်တကွ အသိပေး အမြင်ဖွင့်နိုင်ခဲ့ပါသည်။

(၃) "Training on promoting cultural of Dialogue for peaceful coexistence with youth leaders" အစီအစဉ်ကို ၂၀၂၃ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့မှ (၇)ရက်နေ့ထိ MKNCC ၊ မြစ်ကြီးနားမြို့၌ (၃)ရက်တာပြုလုပ်ခဲ့ပါသည်။ ပါဝင်တက်ရောက်သူဦးရေမှာ ကျား(၂၀)ဦး နှင့် မ(၂၀) ဦး စုစုပေါင်းလူငယ် (၄၀) ဦးဖြစ်ပါသည်။ ရလဒ်အနေဖြင့် အသင်းတော်များ ယနေ့တွင် တွေ့ကြုံနေရသော စိန်ခေါ်မှုများ အသင်းတော်များ အချင်းချင်း

ပြုကွဲစေသော သွန်သင်မှုများနှင့် အသင်းများအတွင်းရှိ လူငယ်များ၏ ယုံကြည်မှုနှင့် ကျင့်သုံးမှုများကို ထိခိုက်လာနေသော မှားယွင်းသော အယူဝါဒ နောက်လိုက်ပါမသွားမိစေရန် အမြင်ဖွင့် ဝေမျှဆွေးနွေးခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။ ဤကဲ့သို့အမြင်ဖွင့်သင်တန်းများအား လူငယ်များတွက် ဆက်လက်လုပ်ဆောင်ပေးရန် လူငယ်အများမှ စိတ်အားထက်သန်စွာ တောင်းဆိုမှုများလည်း ရှိခဲ့သည်။

(၄) "Training on Gender Equality with youth from Regional Council of Churches" အစီအစဉ်ကို ၂၀၂၃ခုနှစ်၊ ဇူလိုင်လ (၂၅)ရက်နေ့မှ (၂၇)ရက်နေ့ထိ ပြည်မြို့ရှိ PCCU ၌ (၃) ရက်တာ ပြုလုပ်ခဲ့ပါသည်။ စုစုပေါင်းလူငယ် (၄၀)ဦး တက်ရောက်ပါဝင်ခဲ့ပါသည်။ ရလဒ်အနေဖြင့် Social and Gender justice နှင့်ပတ်သက်သော အသိပညာများ သော်လည်းကောင်း နှုတ်ကပတ်တော် နှင့် သက်ဆိုင်သော အချက်များ၊ တစ်လုံးတစ်ဝတည်းဖြစ်ရေး အသိအမြင်များအား မိမိ ပတ်ဝန်းကျင်များတွင် ဖြစ်ပေါ်လျက်ရှိသော ထိခိုက်ခံစား နေရသူများအား ကိုယ်နှင့်အမျှ ချစ်လျက် အသင်းတော်တွင်းသည်သာမက မိမိရှိသော မြင်တွေ့နေရသော ပတ်ဝန်းကျင်များတွင် လူငယ်များ တစ်ယောက်နှင့် တစ်ယောက် အသင်းတော်တစ်ပါး နှင့် တစ်ပါး ချိတ်ဆက်ကာ ပါဝင်ကူညီပေးရန် အသိအမြင်ဖွင့်ပေးခြင်းများ လုပ်ဆောင် နိုင်ခဲ့ပါသည်။

(၅) "Strengthening Committees' Member Capacity on Ecumenic (Committees' Meeting)" တစ်လုံးတစ်ဝတည်း လူငယ်လုပ်ငန်း ကော်မတီအစည်း အဝေးအား ၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၃၀)ရက်နေ့တွင် Zoom Online Meeting ဖြင့် ကျေးဇူးတော်ကြောင့် ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခွင့်ရခဲ့ပါသည်။ ကျား (၁၅)ဦး၊ မ(၆)ဦး ကော်မတီဝင် စုစုပေါင်း (၂၁)ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး၌ တစ်လုံးတစ်ဝတည်း လူငယ်လုပ်ငန်း အစီအစဉ်များအား အကောင်အထည်ဖော်ရေးဆွဲပြီး အစီအစဉ်များ လုပ်ဆောင်မည့် အချိန်၊နေရာ၊ ပြုလုပ်မည့် ရက်အတိအကျကို အကောင်အထည်ဖော် ချမှတ်ကာ ဆုံးဖြတ်နိုင်ခဲ့ပါသည်။ အစီအစဉ်များ လုပ်ဆောင်ရာတွင် လူငယ်များ၏ လုံခြုံရေးအတွက် ယခင်ကထက် ပို၍သတိပြုတတ်လာခြင်း၊ လူငယ်များ စုဝေးရာတွင် ယခင်ကဲ့သို့ စုဝေးရန် ခက်ခဲခဲ့သဖြင့် စိတ်ချလုံခြုံသော အရပ်သို့ ပြောင်းလဲလုပ်ဆောင်ရခြင်း၊ အခြေအနေအမျိုးမျိုးကြောင့် အစီအစဉ်များ လုပ်ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိနေခြင်းသာမက ရေးဆွဲထားသော အစီအစဉ်များနှင့် ဦးတည်ချက်များသည်လည်း ပြောင်းလဲလိုက်ရသည့် အခြေအနေများနှင့် ကြုံတွေ့ခဲ့ရခြင်း နှင့် နေရာဒေသကွဲပြားမှုအရ လုပ်ဆောင်ရသည့် အစီအစဉ်များနှင့် ခေါင်းစဉ်များ အား ပို၍အာရုံစိုက်ရခြင်း စသည့် သင်ခန်းစာများရရှိခဲ့ပါသည်။

(၆) "Event on Youth Mental Healthy" အစီအစဉ်ကို ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့တွင် တောင်ကြီးအသင်းတော်များကောင်စီ၌ ပြုလုပ်ခဲ့ပါသည်။ ပါဝင်တက်ရောက်သူဦးရေမှာ ကျား(၃၄) နှင့် မ(၄၆) စုစုပေါင်း လူငယ် (၈၀)ဦး ဖြစ်ပါသည်။ ရလဒ်အနေဖြင့် လူငယ်များသည် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ၌ မိမိကိုယ်ကိုကာကွယ်ရေး၊ တစ်လုံးတစ်ဝဖြစ်ရေး၊ ဝိညာဉ်ရေးရာ ကျန်းမာရေးတို့နှင့် ပတ်သက်သည့် ဗဟုသုတနှင့် အသိပညာများကို ရရှိခဲ့ကြပါသည်။ ထို့ပြင် လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခ အခြေအနေများအတွင်း မည်ကဲ့သို့ လုံခြုံစွာ နေထိုင်ရမည်နှင့် မိမိကိုယ်ကို မည်ကဲ့သို့ ဂရုစိုက်ရမည်ကိုလည်း သိရှိသွားခဲ့ကြပါသည်။

(၇) "TOT Youth Counselor Training" အစီအစဉ်ကို ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့မှ (၁၁)ရက်နေ့အထိ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၌ (၃)ရက်တာပြုလုပ်ခဲ့ပါသည်။ ပါဝင်တက်ရောက်သူဦးရေမှာ ကျား(၁၀)နှင့်မ(၁၀) စုစုပေါင်း(၂၀)ဦးဖြစ်ပါသည်။





၅။ စိန်ခေါ်မှုနှင့် သင်ခန်းစာများ

အချို့သောအဖွဲ့ဝင် အသင်းတော်များ၏ မခသက လုပ်ငန်းစဉ်များတွင် ရင်းနှီးမှုဝေးကွာခြင်း၊ သက်ဆိုင်ရာ ဒေသန္တရ အသင်းတော်များမှ အဆက်အသွယ် အားနည်းခြင်းများသည် တစ်လုံးတစ်ဝတည်းဖြစ်ရေး လူငယ်လုပ်ငန်း၏ ရှေ့လုပ်ငန်းစဉ်များအတွက် ကြီးမားသော စိန်ခေါ်မှုများဖြစ်ပြီး၊ ဒေသန္တရအသင်းတော်များနှင့်သော်လည်းကောင်း၊ အဖွဲ့ဝင် အသင်းတော်ရှိ လူငယ်များနှင့်သော်လည်းကောင်း ပိုမိုရင်းနှီး လုပ်ဆောင်နိုင်ရန် ဆက်သွယ်ကြိုးပမ်းလျက် ရှိပါသည်။ ယခုအခါ တွေ့ကြုံခံစားနေကြရသော မြေပြင်အခြေအနေများနှင့် ကပ်ရောဂါများကြောင့် သင်တန်းများကို အဖွဲ့ဝင်အသင်းတော်များနှင့် သော်လည်းကောင်း၊ ဒေသန္တရ ခရစ်ယာန်အသင်းတော်များကောင်စီဖြင့် သော်လည်းကောင်း၊ သင်တန်းများအား အတူတကွ ပြုလုပ်ရန် ခက်ခဲနေသောအခြေအနေများဖြင့် အားလုံး တွေ့ကြုံနေကြရပါသည်။

နိဂုံးနှင့် ထောက်ခံတင်ပြချက်များ

ဘုရားရှင်ကျေးဇူးတော်အားဖြင့် အခြေအနေများစွာ ဖြစ်ပေါ်သော်လည်း တစ်လုံးတစ်ဝဖြစ်ရေး လူငယ်လုပ်ငန်းများ ကို ယနေ့ထက်တိုင် လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိပြီး၊ ဆက်လက် လုပ်ကိုင်ခွင့်ပေးသောကြောင့် ကျေးဇူးတော်ချီးမွမ်းရင်း၊ အတူတကွ လက်တွဲဖော်ဆောင်ပေးကြသောသူ တစ်ယောက်စီ တိုင်းကိုလည်း အထူးပင်ကျေးဇူးကြောင်း ဖော်ပြရင်း တစ်လုံး တစ်ဝတည်းဖြစ်ရေး အမှုတော်မြတ်တွင် အတူတကွ ဆက်လက် ပါဝင်လက်တွဲလုပ်ဆောင်သွားဖို့ရန် တိုက်တွန်းရင်း အထူးပင် ကျေးဇူးတင်ကြောင်းဖော်ပြရင်း နိဂုံးချုပ်အပ်ပါသည်။



လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်



သီကွာတော်ရဆရာအော်လီဗာကျိုးကော်
အစီအစဉ်အတွင်းရေးမှူး၊

လူစွမ်းအားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်သည် တစ်လုံးတစ်ဝတည်းစိတ်ဓါတ်၊ အမြင်များ တိုးပွားလာစေရန်နှင့် လူစွမ်းအားအရင်းအမြစ်များ တိုးတက်လာစေရန်အတွက် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အသင်းတော်အခြေပြုကျောင်းများအား ထောက်ပံ့ခြင်း

အသင်းတော်အခြေပြုကျောင်းများ ဆက်လက်ရပ်တည်သွားနိုင်ရန် ကူညီထောက်ပံ့ခြင်းအစီအစဉ်ဖြင့် Charity Home (Anglican၊ ရခိုင်ပြည်နယ်)၊ Hpu Hsan Paw Education Center (Baptist ကရင်ပြည်နယ်)၊ စွန်တောင် နှစ်ခြင်း အသင်းတော် ပညာရေးလုပ်ငန်း (Baptist၊ ချင်းပြည်နယ်)၊ ကယား ပြည်နယ် နှစ်ခြင်းသာသနာနယ်၊ ဗေသေသဒဂေဟာ (Baptist လှည်းကူး) တို့မှ ကလေး အယောက် (၅၀) ဦးတို့ကို ကူညီ ထောက်ပံ့ပေးနိုင်ခဲ့သည်။ ကလေးများပညာရေးကို နှောင့်နှေးမှု မရှိဘဲ စဉ်ဆက်မပြတ် လေ့လာနိုင်ခဲ့ပါသည်။

အလုပ်သင်ဝန်ထမ်းခေါ်ယူခြင်း

တစ်လုံးတစ်ဝတည်းဖြစ်ရေးစိတ်ဓါတ်၊ အမြင်များ တိုးပွားလာပြီး မခသကလုပ်ငန်းအစီအစဉ်များ၌ ပါဝင်ဆက်ကပ် အစေခံလာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၃ခုနှစ် မေလမှ ၂၀၂၄ခုနှစ် ဧပြီလအထိ ၁နှစ်သက်တမ်းအတွက် နော်လေးမွန်ခင်နှင့် မဝင်ဒီရွန်းလွဲရည်ထွန်း တို့ကို အလုပ်သင် ဝန်ထမ်းအဖြစ် မေလ (၂)ရက်နေ့မှ စတင်ခန့်အပ်နိုင်ခဲ့ပါသည်။

Mission and Ecumenism Dept, Ecumenical Education Dept, Myanmar Ecumenical Institute တို့မှ (၁) လတာ ပြုလုပ်သော သင်တန်းများနှင့် အခြားမခသက သင်တန်းများ၌ သင်ယူလေ့လာခြင်းများသာမက ကူညီ လုပ်ဆောင်ပေးလျက်ရှိပါသည်။

ရှေ့လုပ်ငန်းစဉ်များ

၂၀၂၃ ခုနှစ် ပညာသင်ထောက်ပံ့ခြင်းကို အောက်တိုဘာလအတွင်း ဆောင်ရွက်သွားရန် ရှိပါသည်။ ထို့အတူ Bread for the World အဖွဲ့အစည်းနှင့် ချိတ်ဆက်လျက် ပြည်ပပညာတော်သင် ထောက်ပံ့ခြင်းများကို ဆောင်ရွက်သွားရန်ရှိပါသည်။


(ပြင်ဦးလွင်အစီအစဉ်)



သာသနာပြုရေးနှင့် တစ်လုံးတစ်ဝတည်းဖြစ်ရေးဌာန



Rev.ဆိုင်မွန်ဗန်လာ်ဆွားငါ
(Executive Secretary)

နိဒါန်း

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ တစ်လုံးတစ်ဝတည်းဖြစ်ရေးဌာနသည် မြန်မာနိုင်ငံ၏ နေရာဒေသ အသီးသီးတွင် ရှိသော အဖွဲ့ဝင်အသင်းတော်များအကြား အပြန်အလှန် ထိတွေ့ခြင်းဖြင့်ဖြစ်စေ၊ မိတ်သဟာယဖွဲ့ခြင်းဖြစ်စေ၊ တစ်လုံးတစ်ဝတည်း စိတ်ဓါတ်နှင့် အပြန်အလှန် နားလည်ခြင်း၊ သဘာဝ ပတ်ဝန်းကျင်စောင့်ရှောက်ရေးကို သာသနာပြုမှု ရှုထောင့်နဲ့ လုပ်ငန်းဖော်ဆောင်လျက် ရှိနေပါသည်။ ထို့အပြင် အခြား ဘာသာဝင်များနှင့် အဖွဲ့ဝင်အသင်းတော်အကြား အချင်းချင်းတွေ့ဆုံဆွေးနွေးခြင်း၏ အရေးကြီးပုံကို ပိုမို နားလည်စေရေးအတွက် ဆောင်ရွက်လျှက်ရှိပါသည်။

လုပ်ငန်းစဉ်များ

(၁) ၂၅-၂၆ ဧပြီလတွင် All Saints Church, ပြင်ဦးလွင်၌ Seminar on Groaning of Creation: Our Stewardship and Kinship အစီအစဉ်ကို ခေတ်နဲ့သင့်လျော်သော သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း ပိုပြီး လုပ်ဆောင်နိုင်ရန် ဆွေးနွေးခြင်းရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ရာ အဖွဲ့ဝင် အသင်းတော် (၄) ပါးမှ (၃၀) ဦးတက်ရောက်ခဲ့ပြီး The practice of alternative forms of energy, reduction of carbon emissions, greening of the church, the continuous effort to follow a simple lifestyle, are to be encouraged in Pyin Oo Lwin and Myanmar, as crucial Christian ethics for our age ဆိုသော ရလဒ်များ ရရှိခဲ့ပါသည်။

(၂) မေလ ၂၄-၂၅ တွင် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၊ တောင်ကြီး၌ Seminar on Unity among Churches in Present Myanmar Context အစီအစဉ်ကို ခေတ်နဲ့သင့်လျော်သော ပြည်နှင်ဒဏ်ခြင်း, Christian Unity ဆွေးနွေးခြင်း ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ရာ (1) Chinese Baptist (2) Karen Baptist (3) Presbyterian (4) Anglican (5) Lisu Baptist (6) Kachin Baptist (7) Shan Baptist (8) Chin Baptist (9) Salvation Army (10) First Union Baptist စသည့် အသင်းတော်များမှ (၃၂) ဦး တက်ရောက်ခဲ့ကာ ပြည်နှင်ဒဏ်ခြင်းကို ခရစ်ယာန်ရှုထောင့်မှ အသေးစိတ် ဆွေးနွေးနိုင်ခဲ့ပါသည်။

(၃) မေလ၌ MCC တွင် Producing Interfaith Dialogue Guidebook အစီအစဉ်ကို ခေတ်နဲ့သင့်လျော်သော Interfaith Dialogue Guidebook ထုတ်နိုင်ရန် ဆွေးနွေးခြင်း ရည်ရွယ်ချက်ဖြင့် ဌါနသဘာပတိ ဦးဆောင်မူဖြင့် ဘာသာပေါင်းစုံ မှ Resource Person (Christian, Buddhist, Islam and Hindu) နှင့် GS, AGS, Treasurer များ အပါအဝင် (၉) ဦး တက်ရောက်ခဲ့ကာ Historic milestone for Mission department! အနေဖြင့် Interfaith Dialogue Guidebook (100 books) ထုတ်နိုင်ခဲ့ပါသည်။

(၃) ဇွန်လ ၂၀၂၃ တွင် တစ်လတာ Interfaith Dialogue Training Course ကို Regional council အသီးသီးတွင် Inter-

faith dialogue Champion မွေးထုတ်နိုင်ရန်။ သူတို့သည် မိမိဒေသတွင် ဘာသာပေါင်းစုံလုပ်ငန်းကို ထဲထဲဝင်ဝင်ပါဝင်ပြီး Peaceful coexistence amongst people of other faiths ရရှိနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ရာ ဒေသန္တရအသင်းတော် (၁၄) ပါး (တောင်ကြီး၊ စစ်ကိုင်း၊ မြစ်ကြီးနား၊ ဟုမ္မလင်း၊ မင်းတုန်း၊ မကွေး၊ ပြင်ဦးလွင်၊ မော်လမြိုင်၊ ဘားအံ၊ တောင်ငူ၊ ပြည်၊ ရန်ကုန်နှင့် တာချီလိတ်) မှ (၃၂) ဦး တက်ရောက်ခဲ့ကာ သမိုင်းဝင် Interfaith Dialogue Guidebook စတင်အသုံးပြုသင်ကြားနိုင်ခြင်းအပြင်- သင်တန်းတွင် Roman Catholic, Seventh day Adventist အသင်းတော်မှပါဝင်တက်ရောက်ခဲ့ပါသည်။

(၄) ၁၂-၁၃ ဇူလိုင်လ ၂၀၂၃တွင် ကရင်နှစ်ခြင်းအသင်းတော်၊ တောင်ကြီး ၌ Multiplication program (Interfaith Dialogue) အစီအစဉ်ကို Taunggyi Regional Councils မှတစ်လသင်တန်းတွင် ပါဝင်သော Champion (Alumni) ၃ ဦး၏ ဆောင်ရွက်မှုများ ပိုပြီးအားကောင်း (Strengthening) လာစေရန်။ တောင်ကြီးဒေသတွင် အသင်းတော်များ ဘာသာ ပေါင်းစုံလုပ်ငန်းကို ထဲထဲဝင်ဝင် ပါဝင်ပြီး Peaceful coexistence amongst people of other faiths ရရှိနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ရာ (1) Karen Baptist (3) Presbyterian (4) Anglican (5) Lisu Baptist (6) Kachin Baptist (7) Shan Baptist (8) Chin Baptist (9) Salvation Army (10) First Union Baptist မှ (၂၅) ဦး တက်ရောက်ခဲ့ပါသည်။









မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံမဟာသိပ္ပံ



နိုင်ကေသီမင်းဒင်
အကျိုးဆောင်ညွှန်ကြားရေးမှူး

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံမဟာသိပ္ပံသည် ၂၀၂၃ ခုနှစ်ကာလအတွင်း လုပ်ဆောင်ခဲ့သော လုပ်ငန်းဆောင်ရွက်မှုကို ကျေးဇူးတော် ချီးမွမ်းလျက် တင်ပြအပ်ပါသည်။

(၁) ၂၀၂၃ခုနှစ်၊ ဇွန်လ ၁၉မှ၂၁ရက်အထိ မြို့မ မက်သဒစ် အသင်းတော်၊ ပဲခူးမြို့၌ "ဂျဲန်ဒါဆိုင်ရာ အသိပညာမြှင့်တင်ခြင်း သင်တန်းဆွေးနွေးပွဲ"အစီအစဉ်ကို ဒေသန္တရအသင်းတော်ကောင်စီများအား တစ်လုံးတစ်ဝဖြစ်ရေးဆိုင်ရာသဘောတရားများနှင့်အတူ ဂျဲန်ဒါဆိုင်ရာအသိပညာများဖြန့်ဝေရန် ရည်ရွယ်၍ ပြုလုပ်ခဲ့ရာ ပဲခူးအသင်းတော်များကောင်စီမှ ကျား(၁၄) နှင့် မ(၁၉) စုစုပေါင်း၃၃ရေ (၃၂)ဦးပါဝင်တက်ရောက်ခဲ့ပြီး တစ်လုံးတစ်ဝတည်းဖြစ်ရေးဆိုင်ရာခမ္မသဘောတရားများကို လေ့လာကာ လက်တွေ့လုပ်ဆောင်နိုင်မည့်အရာများကို ဆွေးနွေးနိုင်ခဲ့ခြင်း၊ ဂျဲန်ဒါဆိုင်ရာအသိပညာများဖြန့်ဝေနိုင်ခဲ့ပြီး တစ်လုံးတစ်ဝတည်းဖြစ်ရေးသာသနာ့လုပ်ငန်းများတွင် ဂျဲန်ဒါကို သင့်လျော်သောနည်းလမ်းများဖြင့် ထည့်သွင်းတတ်စေရန် ဝေမျှနိုင်ခဲ့ခြင်း စသည့် ရလဒ်များ ရရှိခဲ့ပါသည်။

(၂) ၂၀၂၃ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့မှ (၂၁)ရက်နေ့အထိ "တစ်လုံးတစ်ဝတည်းဖြစ်ရေးခေါင်းဆောင်သင်တန်းအပတ်စဉ် (၄၁)"ကို မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံသာသနာ့ရိပ်သာ၌ တစ်လုံးတစ်ဝတည်းဆိုင်ရာ အသိပညာများကို အသင်းတော်များနှင့် ဒေသန္တရကောင်စီတို့တွင် ပြန်လည်ဖြန့်ဝေနိုင်သူများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ရာ အဖွဲ့ဝင်အသင်းတော်များမှ ကျား(၁၇)ဦးနှင့်မ(၉)ဦး စုစုပေါင်း (၁၇)ဦး ပါဝင်တက်ရောက်ခဲ့ကြပြီး ရလဒ်အနေဖြင့် တစ်လုံးတစ်ဝတည်းဆိုင်ရာခမ္မသဘောတရားများကို သမ္မာကျမ်းစာရှုထောင့်၊ လူမှုရေးရှုထောင့်တို့မှ လေ့လာသင်ယူနိုင်ခြင်း၊ ဒိုင်ယာလော့ဒ်နှင့်ကိုးကွယ်ယုံကြည်မှုမတူသော ဘာသာတရားများအကြား ငြိမ်းချမ်းမှုတည်ဆောက်ရေးဆိုင်ရာအသိပညာများ၊ ဂျဲန်ဒါဆိုင်ရာအသိပညာများ၊ ခရစ်ယာန်ဂိုဏ်းဂဏအသီးသီး၏ ယုံကြည်ခြင်းနှင့်ကျင့်သုံးမှုဆိုင်ရာများ၊ အစွန်းရောက်ခရစ်ယာန်အဖွဲ့အစည်းများဆိုင်ရာအကြောင်းများ၊ တစ်လုံးတစ်ဝဖြစ်ခြင်းဆိုင်ရာ ခမ္မသဘောများကို အသင်းတော်များတွင် မည်ကဲ့သို့ လက်ဆင့်ကမ်းနိုင်မည်ကို အတူတကွဆွေးနွေးနိုင်ခဲ့ခြင်းများ ရရှိခဲ့ပါသည်။





(၃) ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့မှ(၆)ရက်နေ့ အထိ ကသီဒြယ်ဘုရားကျောင်း၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်(အင်္ဂလိကန်)၊ မြစ်ကြီးနားမြို့၌ "တစ်လုံးတစ်ဝတည်းဆိုင်ရာ ဓမ္မသဘောကို အခြေခံသောဒိုင်ယာလော့ဒ်" အစီအစဉ်ကို တစ်လုံးတစ်ဝဖြစ်ရေးဆိုင်ရာအသိအမြင်များပြည့်ဝလျက် အသင်းတော်အချင်းချင်း ဒိုင်ယာလော့ဒ်ပြုလုပ်ခြင်းအားဖြင့် အသင်းတော်များအချင်းချင်းစည်းလုံးပြီး ပိုမိုညီညွတ်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ရာ မြစ်ကြီးနားခရစ်ယာန်အသင်းတော်များကောင်စီအဖွဲ့ဝင်များမှ ကျား(၁၇)ဦးနှင့်မ(၅)ဦး စုစုပေါင်း(၂၁)ဦး တက်ရောက်ခဲ့ပါသည်။

စာကြည့်တိုက်

မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံဓမ္မသိပ္ပံ စာကြည့်တိုက်တွင် တစ်လုံးတစ်ဝတည်းဆိုင်ရာ ဓမ္မသဘောတရား ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊စီးပွားရေးဆိုင်ရာ၊ နိုင်ငံရေး၊ သမိုင်းကြောင်းနှင့် ဘာသာတရားများဆိုင်ရာစာအုပ် စုစုပေါင်း(၈၁၅၀)အုပ်ကို ဝယ်ယူ၊ စုဆောင်းထားပြီးပါသည်။ လစဉ်ထုတ်မဂ္ဂဇင်းများ၊ စာစောင်များကိုလည်း ဝယ်ယူထားရှိပါသည်။

လက်ရှိတွင် Online library software (KOHA Software) ကို အသုံးပြုကာ စာရင်းသွင်းခြင်း လုပ်ငန်းများနှင့် စာကြည့်တိုက် အဆင့်မြှင့်ခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။

နိဂုံး

မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံဓမ္မသိပ္ပံသည် တစ်လုံးတစ်ဝတည်းဖြစ်ရေးဆိုင်ရာ ပညာရပ်များကို ဖြန့်ဝေလျက်ရှိသောလုပ်ငန်းအစီအစဉ်ဖြစ်သောကြောင့် အဖွဲ့ဝင် အသင်းတော်များ၊ ဒေသန္တရအသင်းတော်များကောင်စီများတို့ ပူးပေါင်းပါဝင်မှုသည် အရေးပါသောကဏ္ဍဖြစ်ပါသည်။ ထို့ကြောင့် ဗဟိုကော်မတီဝင်များအနေဖြင့် လမ်းညွှန်မှုပြုခြင်း၊ ဆုတောင်းခွန်အားပေးခြင်းများဖြင့် ပါဝင်ပေးပါရန် အထူးမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။







ဝန်ထမ်းခြင်းနှင့် ဖွံ့ဖြိုးရေးဌာန



စောဖြိုးမောင်မောင်မြ
အမှုဆောင်အတွင်းရေးမှူး

နောက်ခံသမိုင်း

မြန်မာနိုင်ငံသာသနာပြုအဖွဲ့များကို ကိုယ်စားပြုသော ကောင်စီသည် ၁၉၁၄ ခုနှစ် Burma Representative Council of Mission ကို ဖွဲ့စည်းစဉ်ကတည်းကပင် မြန်မာလူမှုဝန်ထမ်းလုပ်ငန်းဆောင်ရွက်မှုမှာ တည်ရှိနေပြီးဖြစ်သည်။ ယင်းလုပ်ငန်းများကို သဘာဝနှင့်လူလုပ်ဘေးဒဏ်ခံစားရသူများ၊ မတရားခေါင်းပုံဖြတ်ခံရသည့် တောင်သူလယ်သမားများ၊ ကျန်းမာရေးချို့တဲ့သူများ၊ ပညာရေးနိမ့်ကျသူများ၏ ဘဝကို မြင့်တင်ပေးသည့် ဖေးမကူညီမှုများပါဝင်ပါသည်။

၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေး၊ စနစ်ပြောင်းလဲမှုနှင့်အတူ လူမျိုးစုအရေးပြဿနာများ ဖြစ်ပေါ်လာခဲ့သည်။ ထိုပြောင်းလဲမှု ရေခံမြေခံအခြေအနေအရ The Burma Christian Council ကို Burma Council of Churches (BCC) ဟု ၁၉၇၄ ခုနှစ်တွင် အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ထိုပြောင်းလဲမှုများကြောင့် ဒုက္ခဆင်းရဲတွေ့ကြုံခံစားရသူများကိုဖေးမကူညီရန် ရည်ရွယ်လျက် ခရစ်ယာန်ဝန်ထမ်းဘုတ် (Christian Service Board- CSB) ဟူ၍ ဖွဲ့စည်းဖြစ်ပေါ်လာခဲ့ပါသည်။

ယင်းဘုတ်အဖွဲ့ဆောင်ရွက်ချက်များတွင် အရေးပေါ်ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး (စိုက်ပျိုး/မွေးမြူ) အသင်းတော်လှည့်လည်ရုံပုံငွေ၊ လူမှုဝန်ထမ်းလုပ်ငန်းများ (ပညာရေး၊ ကျန်းမာရေးကဏ္ဍများ) ပါဝင်ပါသည်။ ၁၉၇၇ ခုနှစ်၊ ၁၉၉၁ ခုနှစ်ကာလများတွင် ကျေးလက်ပြည်သူလူထုအတွက် သာမက တောင်တန်းဒေသရှိ တိုင်းရင်းသားတို့၏ လူမှုဖွံ့ဖြိုးရေးကို ရည်ရွယ်လျက် အထူးစီမံကိန်း (၃)ကို လုပ်ဆောင်ခဲ့သည်။ ယင်းတို့မှာ Training Institute Particapation in National Development (TIPIND) နှင့် Ten Years Project (၁၀နှစ်ဘက်စုံ ဖွံ့ဖြိုးရေးစီမံကိန်း) တို့ဖြစ်သည်။ ဒေသခံများအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့သည်။

၁၉၉၂ ခုနှစ်မှ စတင်၍ ဤလုပ်ငန်းကိုထိရောက်စွာလုပ်ဆောင်နိုင်ရေးအတွက် လေ့လာပြင်ဆင်ခြင်းကို ပြုလုပ်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ပြန်လည်သုံးသပ်ခြင်းကိုပြုလုပ်ခဲ့သည်။ CSB မှ Service and Developement Department ဟုအမည်ပြောင်းလဲခေါ်ဝေါ်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ဝန်ထမ်းခြင်းနှင့် ဖွံ့ဖြိုးရေးဌာနသည် ၂၀၁၇-၂၀၁၉ သုံးနှစ်တာကာလအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။

၁။ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများ
၂။ ရပ်ရွာအခြေပြုလုပ်ငန်းများကို ပံ့ပိုးခြင်း နှင့်
၃။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်ဌာနလုပ်ငန်း၏အစီအစဉ်များ

Awareness raising for Member Churches on Environmental & Climate Change

၁။ ၂၀၂၃ ခုနှစ် ဇွန်လ (၁-၃)ရက်နေ့တွင် Awareness raising for Member Churches on Environmental & Climate Change အစီအစဉ်ကို လီဆူနှစ်ခြင်းအသင်းချုပ်၊ ပြင်ဦးလွင်တွင် (၁) လူနှင့်သဘာဝပတ်ဝန်းကျင် အပြန်အလှန် ဆက်နွယ်နေမှုကို သတိထား တန်ဖိုးထားတတ်လာစေရန်။ (၂) ဖန်ဆင်းခြင်းတစ်ရပ်လုံးထိန်းသိမ်းစောင့်ရှောက်ခြင်း အမှုတော်မြတ်ကို အသင်းတော်များ၏ သာသနာ့လုပ်ငန်းအဖြစ် ဖော်ဆောင်လာနိုင်ရန်ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ရာ အဖွဲ့ဝင်အသင်းတော်များနှင့် ပူးပေါင်းဆက်သွယ်သော အဖွဲ့အစည်းများမှ ကိုယ် စားလှယ်တော် (၃၂) ဦးတက်ရောက်ခဲ့ပြီး ရလာဒ်အနေဖြင့် အသင်းတော်ကိုယ်စားပြုပါဝင်တက်ရောက်သူများသည်မိမိတို့ မှီတင်းနေထိုင်သောသဘာဝပတ်ဝန်းကျင်အားယခင်ကထက် ပိုမို တန်ဖိုးထားဂရုပြုနေထိုင်လာသည်။

၂။ ၂၀၂၃ ခုနှစ် မတ်လ (၆-၁၀) ရက်နေ့တွင် Wast management training for all MCC staff အစီအစဉ်ကို ငွေ

ဆောင်တွင် ပလတ်စတစ်သုံးစွဲခြင်းနှင့်အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်းကို ပိုမိုသိ ရှိနားလည်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ရာ မခသကဝန်ထမ်း (၃၄) ဦးတက်ရောက်ခဲ့ကာ ရလာဒ်အနေဖြင့် (၁) ပလတ်စတစ်၏ဆိုးကျိုးများကိုပိုမိုသိရှိလာသည်။ (၂) စနစ်တကျအမှိုက်စွန့်ပစ်ခြင်းနှင့်ပတ်သတ်၍ပိုမိုသိရှိလေ့လာသင်ယူခဲ့ရသည်။

၃။ ၂၀၂၃ ခုနှစ် မတ်လ (၂၃) ခုနှစ်တွင် လှည်းကူးရှိ မေတ္တာဘုတ္တင် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်သည့်အရာများကိုအဖွဲ့ဝင်အသင်းတော်အနေဖြင့်သိရှိနားလည်သဘောပေါက်ပြီး တတ်နိုင်သည့်ဘက်မှအတူကွပူးပေါင်း ပါဝင်လုပ်ဆောင်လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် Coordination meeting related to CCA with member churches & regional council of churches အစီအစဉ်ကို ပြုလုပ်ခဲ့ရာ အသင်းတော်ကိုယ်စားလှည်များ၊ ဌာနကော်မတီဝင်များနှင့် ဒေသန္တရအသင်းတော်အသီးအသီးမှ ကိုယ်စားလှယ်တော် (၂၄) ဦးတက်ရောက်ခဲ့ကာ ရလာဒ်အနေဖြင့် (၁) စီမံကိန်းလုပ်ငန်းများကိုကောင်းစွာနားလည်သိရှိလာပြီး တတ်နိုင်သည့်ဘက် မှအတူအကွပူးပေါင်းဆောင်ရွက်လာသည်။ (၂) စီမံကိန်း၏လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းများကိုအတူကွပူးပေါင်းလုပ် ဆောင်လာနိုင်သည်။

၄။ ဧပြီလ (၁၅-၁၉) ရက်တွင် ဘားအံတွင် လည်းကောင်း၊ ဇွန်လ (၂၁-၂၆) ရက်နေ့တွင် ပြည်တွင် လည်းကောင်း Capacity building training & awareness training on climate change အစီအစဉ်ကို (၁) လူသား နှင့်သဘာဝပတ်ဝန်းကျင် အပြန်အလှန် ဆက်နွယ်နေမှုကို သတိထား တန်ဖိုးထားတတ်လာစေရန်။ (၂) ဖန်ဆင်းခြင်း တစ်ရပ်လုံးထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမှုတော်မြတ်ကို အသင်းတော်များ၏ သာသနာ့လုပ်ငန်းအဖြစ် ဖော်ဆောင်လာနိုင်ရန်။ (၃) သဘာပတ်ဝန်းကျင်ထိန်းသိမ်းခြင်းသည်လည်း ခရစ်ယာန် များ၏ဘုရားပေးတာဝန်တစ်ရပ်ဖြစ်သည်ကိုပိုမို သဘောပေါက် နားလည်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ရာ ပြည်အသင်းတော်များကောင်စီနှင့် ဘားအံအသင်းတော်များကောင်စီမှ ကိုယ်စားလှယ် (၉၄) ဦး တက်ရောက်ခဲ့ကာ ရလာဒ်နေဖြင့် အသင်းတော်ကိုယ်စားပြုပါဝင်တက်ရောက်သူများသည် မိမိတို့ မှီတင်းနေထိုင်သော သဘာဝပတ်ဝန်းကျင်အား ယခင်ကထက် ပိုမို တန်ဖိုးထား ဂရုပြု နေထိုင်လာသည်။

၅။ ဧပြီလမှ ဩဂုတ်လအထိ Practicum – CCA အစီအစဉ်ကို ဘားအံအသင်းတော်များကောင်စီ၊ ပြည်အသင်းတော်များကောင်စီ၊ တောင်ငူအသင်းတော်များကောင်စီ၊ ပဲခူးအသင်းတော်များကောင်စီအသီးသီးတွင် စီမံကိန်းမှာရရှိလာသည့် အသိအမြင်များကို မိမိတို့သက်ဆိုင်ရာနယ်မြေ၊ အသင်းတော်များတွင်လက်တွေ့လုပ်ငန်းများပြန်လည်လုပ်ဆောင်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ရာ ရလာဒ်အနေဖြင့် Climate change adaptation နှင့်သက်ဆိုင်သောလုပ်ငန်းများကို မိမိတို့သက်ဆိုင်ရာနယ်မြေများတွင်အသင်းတော်များစုပေါင်းပြီးလုပ်ဆောင်လာနိုင်ပါသည်။

ရရှိသော သင်ခန်းစာများ

အဖွဲ့ဝင်အသင်းတော်မှတာဝန်ရှိသူများသည် မိမိတို့ သက်ဆိုင်ရာ အသင်းတော်များ၏ သာသနာ့တာဝန်များ တစ်ဖက်ရှိနေသောကြောင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်မှသာ ချမှတ်ထားသော အစီအစဉ်အတိုင်း ပြီးစီးအောင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ လက်ရှိသွားလာရန် ခက်ခဲသော အနေအထားမျိုးတွင် ဌာန၏အစီအစဉ်ကို ပြီးမြောက် အောင်ဆောင်ရွက် နိုင်ခဲ့ပါသည်။ အသင်းတော်များ အနေ ဖြင့်လည်း လက်ရှိဖြစ် ပျက်နေသော အခြေအနေများအား အစဉ်သုံးသပ်မှသာလျှင် စီစဉ်ထားသော အရာများကို အခက်အခဲအနည်းဆုံးဖြင့် ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အသင်းတော်များတွင် ရာသီဥတု ပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ အသိအမြင်နှင့် လက်တွေ့လုပ်ဆောင်မှုများ အားနည်းနေသေးကြောင်းတွေ့ရှိရပါသည်။

နိဂုံး

ဌာန၏ လုပ်ငန်းများကို မခသကမှ တာဝန်ရှိခေါင်းဆောင်များ၊ ဂိုဏ်းဂဏ အဖွဲ့ဝင်အသင်းတော် (၁၃) ပါးနှင့် Co-operating body မှ ခေါင်းဆောင်များ၏ ပူးပေါင်းပါဝင် ပံ့ပိုးခြင်း၊ တာဝန်ယူဆောင်ရွက်ပေးခြင်း၊ ဌာနကော်မတီဝင်များ၏လမ်းညွှန်မှုဖြင့် ဌာနလုပ်ငန်းများကို ၂၀၂၃ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလအထိ အခက်အခဲ အကြပ်အတည်းများကြားမှအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းအပေါ် အထူးပင် ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။





တစ်လုံးတစ်ဝတည်းဖြစ်ရေးအမျိုးသမီးလုပ်ငန်း



နော်သွဲ့စာ
အမှုဆောင်အတွင်းရေးမှူး


မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ တစ်လုံးတစ်ဝတည်းဖြစ်ရေး အမျိုးသမီးလုပ်ငန်းသည် ၁၉၇၀ခုနှစ် အတွင်းတွင် ဂိုဏ်းပေါင်းစုံမှ အမျိုးသမီးခေါင်းဆောင်များအတူ တကွ တွေ့ဆုံလက်တွဲကြလျက် စတင် ဖွဲ့စည်းခဲ့ကြပါသည်။ အသင်းတော်ရှိ အမျိုးသမီးများ တစ်လုံးတစ်ဝတည်းဖြစ်ရေးကို မျက်ခြေမပြတ်စေဘဲ ခေတ်နှင့် အညီ အတွေးအခေါ်၊ ဗဟုသုတ ကြွယ်ဝစေမှု၊ ခေါင်းဆောင်မှုအရည်အသွေးများ တိုးတက်စေမှု၊ စီးပွါးရေး၊ လူမှုရေး၊ ဝိညာဉ်ရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်စေမှုတို့အတွက် အစီအစဉ်များလုပ်ဆောင်လျက်ရှိပါသည်။


၁။ (က) Awareness training psycho support for children and women

Awareness training psycho support for children and women သင်တန်းကို တစ်လုံးတစ်ဝတည်းဖြစ်ရေး အမျိုးသမီးလုပ်ငန်း၊ တစ်လုံးတစ်ဝတည်းဖြစ်ရေးလူငယ်လုပ်ငန်း၊ တစ်လုံးတစ်ဝတည်းဖြစ်ရေး ပညာရေးအစီအစဉ် ဌာနတို့မှ ပူးပေါင်း၍ (၂၀-၂၅) ဖေဖော်ဝါရီလ၊ ၂၀၂၃ခုနှစ်တွင် ZOOM (online)ဖြင့် ပြုလုပ်ခဲ့ရာ အဖွဲ့ဝင်အသင်းတော် (၉)ပါး၊ ဒေသန္တရအသင်းတော်များကောင်စီ (၁)ပါး၊ ကွန်ယက်ချိတ်ဆက်သည့်အဖွဲ့ (၇)ခုမှ ကျား (၁၅)၊ မ (၃၆) စုစု ပေါင်း (၅၁) ဦးတက်ရောက်ခဲ့ပါသည်။ ထို့နောက် (၁၃-၁၈) မတ်လ ၂၀၂၃ ခုနှစ်တွင် ဒုတိယတစ်ကြိမ်ထပ်မံပြု လုပ်ခဲ့ရာ အဖွဲ့ဝင်အသင်းတော် (၈) ပါး၊ ဒေသန္တရ အသင်းတော်များကောင်စီ (၅) ပါး၊ ကွန်ယက်ချိတ်ဆက်သည့် အဖွဲ့ (၈) ခုမှ ကျား (၁၁)၊ မ (၃၈) စုစုပေါင်း (၄၉) ဦးတက်ရောက်ခဲ့ပါသည်။

၁။ (ခ) Awareness training psycho support for children and women (Follow Up)

ဤအစီအစဉ်ကို (၁၈) စက်တင်ဘာလ ၂၀၂၃ ခုနှစ်တွင် ZOOM (online)ဖြင့် ပြုလုပ်ခဲ့ရာ ကျား (၃)၊ မ (၁၇) ဦး စုစုပေါင်း (၂၀) ဦးတက်ရောက်ခဲ့ပြီး၊(၂၅) စက်တင်ဘာလ ၂၀၂၃ ခုနှစ်တွင် ဒုတိယအကြိမ်ထပ်မံပြုလုပ်ခဲ့ရာ ကျား (၃)၊ မ (၁၇) ဦး စုစုပေါင်း (၂၀) ဦးတက်ရောက်ခဲ့ပါသည်။





၁။ (ဂ) Awareness training psycho support for children and women (Review Workshop)

Review Workshop ကို(၁၃) နိုဝင်ဘာလ ၂၀၂၃ ခုနှစ်တွင် အစီအစဉ်ကို Zoom (online) ဖြင့်ပြုလုပ်ခဲ့ရာ ကျား (၄)၊ မ (၃၈) ဦး စုစုပေါင်း (၄၂) ဦးတက်ရောက်ခဲ့ပါသည်။

ရလဒ်များ

(၁) စိတ်ဖိစီးမှု၊ စိတ်ဒဏ်ရာများကို မည်ကဲ့သို့ ဖြေလျှော့ရမည်ကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းနိုင်မည့်နည်းလမ်းများကို သိရှိခြင်း၊

(၂) ဂျဲန်ဒါအခြေပြုအကြမ်းဖက်ခံရသူများအတွက် မည်ကဲ့သို့ ကူညီလမ်းညွှန်မှုများပေးခြင်း၊ ဆက်သွယ်မှုပေးခြင်းများတို့ကိုသိရှိလာခြင်း၊

(၃) အကြပ်အတည်းကာလအတွင်း စိတ်ဒဏ်ရာ ကုစားခြင်း ဆိုင်ရာအသိပညာများရရှိခြင်း၊

(၄) ပြုစုစောင့်ရှောက်ပေးသူတစ်ယောက်အနေဖြင့် မိမိကိုယ် ကိုယ်ဂရုပြုခြင်း၊ အခြားသူများကိုပြုစုစောင့်ရှောက်သည့် အခါတွင်မည်ကဲ့သို့ပြုလုပ်ရမည်ကိုသိရှိလာခြင်း၊

(၅) သင်တန်းသူ၊ သင်တန်းသားများ မိမိတို့ရရှိသည့် အသိပညာ ဗဟုသုတများကို လက်တွေ့ ပြန်လည်လုပ်ဆောင်ခြင်းအစီ အစဉ်ကို အချင်းချင်းဝေမျှနိုင်ခဲ့ခြင်း၊

၂။ Awareness Raising on Gender Based Violence, Women's Protection Law, and Women's Rights

၂။ (က) (၄-၇) ဧပြီလ၊ ၂၀၂၃ခုနှစ်၊ ICHM Church၊ မြစ်ကြီးနားမြို့တွင် အဖွဲ့ဝင် အသင်းတော် (၄) ပါး မြစ်ကြီးနားခရစ်ယာန် အသင်းတော်များကောင်စီနှင့် ကက်သလစ်အသင်းတော်များတို့မှ ကျား (၁၄)၊ မ (၄၁)၊ စုစု ပေါင်း (၅၅) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

၂။ (ခ) (၂၉) မေလ၊၂၀၂၃ခုနှစ်မှ ၁၊ ဇွန်လ၊ ၂၀၂၃ခုနှစ်အထိ ခရစ်တော်ဘုရင်မင်းဘွဲ့ခံ၊ ကသီဒြယ်ဘုရားကျောင်း (အင်္ဂလိကန်) မြစ်ကြီးနားမြို့တွင် ကက်သလစ်အသင်းတော်၊ အဖွဲ့ဝင် အသင်းတော် (၃)ပါးနှင့် ဒေသန္တရခရစ်ယာန် အသင်းတော်များကောင်စီ (၆)ပါးတို့မှ ကျား (၇)၊ မ (၃၅)၊ စုစုပေါင်း (၄၂)ဦးတက်ရောက်ခဲ့ပါသည်။



ရလဒ်များ

(၁) အစီအစဉ်များကို အဖွဲ့ဝင်အသင်းတော်များနှင့် ဒေသန္တရ အသင်းတော်များကောင်စီတို့ အတူတကွ ပူးပေါင်းလုပ် ဆောင်ခွင့်ရရှိသည့်အတွက် အမျိုးသမီးများနှင့်အမျိုးသားများအကြား၊ အသင်းတော်များအကြား အချင်းချင်းရင်းနှီးမှုများရရှိလာပြီး ပွင့်လင်းမြင်သာမှုများ ရရှိခံစားလာရခြင်း၊

(၂) Convention on the Elimination of all forms of Discrimination against Women (CEDAW), Women's Rights and Women's Protection Law စသည့် အကြောင်းအရာများတို့ကိုသင်ယူရရှိခြင်း၊

(၃) နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုဖြစ်လာပါက မည်ကဲ့သို့ တိုင် တန်းခြင်းများပြုလုပ်ရခြင်း၊ ချိတ်ဆက် ဆက်သွယ်အကူ အညီယူခြင်း၊ အမှုလွှဲပြောင်းခြင်းစသည့် နည်းလမ်းများ သိရှိလာခြင်း၊

(၄) မိသားစုနှင့် လူမှုဝန်းကျင်အကြားတွင် အကြမ်းဖက်သည့် လုပ်ရပ်များကို မည်ကဲ့သို့လျှော့ချရမည်ကို သိမြင်လာခြင်း၊ ထို့ပြင်အမျိုးသမီး အခွင့်အရေးကိုသာမက လူ့အခွင့်အရေး ကိုပါဝိုမိသိရှိနားလည်လာခြင်း။

၃။ Awareness Raising on Gender Based Violence, Women's Protection Law, and Women's Rights (ပြန်လည် သုံးသပ်ခြင်းအစီအစဉ်)

ပြန်လည်သုံးသပ်ခြင်းအစီအစဉ်ကို ၂၈၊ ဇွန်လ၊ ၂၀၂၃ခုနှစ်၊ စီတာပူကချင်နှစ်ခြင်းအသင်းတော်၊ မြစ်ကြီးနားမြို့တွင် ပြုလုပ် ခဲ့ရာ ကက်သလစ်အသင်းတော်၊ အဖွဲ့ဝင်အသင်းတော် (၄)ပါး နှင့် ဒေသန္တရခရစ်ယာန်အသင်းတော် များကောင်စီ (၆)ပါး တို့မှ ကျား(၂)ဦး၊ မ (၂၄)ဦး၊ စုစုပေါင်း (၂၆)ဦးတက်ရောက်ခဲ့ပါသည်။

ရလဒ်များ

(၁) ပြန်လည်သုံးသပ်ခြင်းအစီအစဉ်တွင် သင်တန်းသားများထဲမှ သဘောထား အတွေးအခေါ်၊ အပြုအမူများလက်တွေ့တွင် ပြောင်းလဲမှုများရှိခြင်း။

(၂) တက်ရောက်လာသည့်ကိုယ်စားလှယ်များတို့အား အနာဂါတ် တွင်ဆက်လက် လုပ်ဆောင်ရန်လိုအပ်သည့် အစီအစဉ်များ တို့ကို တစ်ဦးချင်းအပြန်အလှန်ဆွေးနွေးနိုင်ခဲ့ခြင်း၊ ထို့ နောက် သင်ကြား သင်ယူလေ့လာခဲ့ရသည်များကို မိသားစု၊







အသင်းတော်၊ လူမှုဝန်းကျင်တွင် ပြန်လည်ဝေမျှခြင်းများ ပြုလုပ်ခြင်း။

(၃) အသင်းတော်များတွင် ကျားမ တန်းတူညီမျှမှုနှင့် ဂျန်ဒါ အခြေခံအကြမ်းဖက်မှုလျှော့ချရေး မြှင့်တင်ပေးခြင်း အစီအစဉ်တွင် ထိရောက်စွာ လှုံ့ဆော်ပေးနိုင်ခဲ့ခြင်းများရရှိခဲ့ပါသည်။

၄။ Seminar with Women leaders on the Preservation of Creation

၁၇-၁၉ အောက်တိုဘာလ ၂၀၂၃ ခုနှစ်တွင် Seminar with Women leaders on the Preservation of Creation အစီအစဉ်ကို အခန်း ၂၀၇၊ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံသာသာနာရိပ်သာတွင် ပြုလုပ်ခဲ့ရာ ကျား (၁)၊ မ (၃၂) ဦး စုစုပေါင်း (၃၃) ဦး တက်ရောက်ခဲ့ပါသည်။

ရလဒ်များ

(၁) ဘုရားသခင် ဖန်ဆင်းခြင်းအရာအားလုံးကို တန်းဖိုးထားတတ်စေရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်းနှင့် တာဝန်ရှိကြောင်း သိရှိနားလည်လာခြင်း၊

(၂) ပလတ်စတစ်များသုံးစွဲမှု၊ ရေနှင့်လျှပ်စစ်စွမ်းအင်အသုံးပြုခြင်းများတို့အား တတ်နိုင်သမျှ လျော့ချသုံးစွဲရန် လိုအပ်ကြောင်း သိရှိလာခြင်း၊

(၃) မိမိအိမ်တွင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်တွင်သော်လည်းကောင်း စွန့်ပစ်အမှိုက်များ (အမှိုက်စို၊ အမှိုက်ခြောက်)တို့ကို စနစ်တကျ ခွဲခြားစွန့်ပစ်ရန်လိုအပ်ကြောင်း အသိပညာရရှိလာခြင်း၊

၅။ International Women's Day

International Women's Day ကို ၇၊ ဧပြီလ၊ ၂၀၂၃ခုနှစ်၊ ICHM Church၊ မြစ်ကြီးနားမြို့တွင် ပြုလုပ်ခဲ့ရာ ကက်သလစ် အသင်းတော်၊ အဖွဲ့ဝင်အသင်းတော်(၄)ပါးနှင့် မြစ်ကြီးနားခရစ်ယာန်အသင်းတော်များကောင်စီမှ ကျား (၂၈)ဦး၊ မ (၁၁၂)ဦး၊ စုစုပေါင်း (၁၄၀)ဦး တက်ရောက်ခဲ့ပါသည်။

ရလဒ်များ

(၁) အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့သမိုင်းကြောင်းကို မည်သည့်နေရာ၊ မည်သည့်အချိန်တွင် စတင်ခဲ့ကြောင်းကို သိရှိလာခြင်း၊

(၂) တန်းတူညီမျှမှုနှင့် သာတူညီမျှမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို သိရှိနားလည်လာခြင်း၊

(၃) အကျိုးပြုသီချင်းများသီဆိုခြင်းဖြင့် သတင်းစကားပေးနိုင်ခဲ့ခြင်းဆိုသည့် အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်။

၆။ ဥပဒေအကြံပေးခြင်းအစီအစဉ်

ဆင်းရဲနစ်နာပြီး ဂျန်ဒါဆိုင်ရာအကြမ်းဖက်ခံရသော အမျိုးသမီး၊ အမျိုးသားများတို့အား (၁) ၂၃၊ ဇွန်လ၊ ၂၀၂၃ခုနှစ်၊ MCC တွင်လည်းကောင်း၊ (၂) ၉၊ အောက်တိုဘာလ၊ ၂၀၂၃ ခုနှစ်တွင် ဖုန်းအားဖြင့်လည်းကောင်း (၃) ၂၁၊ စက်တင်ဘာလ၊ ၂၀၂၃ ခုနှစ်တွင် MCCတွင်လည်းကောင်း ဥပဒေအားဖြင့် အိမ်တွင်းအကြမ်းဖက်မှုခံရမှုများတို့အား ဥပဒေ အကြံဉာဏ်ပေးနိုင်ခဲ့ပါသည်။

၇။ ဂျန်ဒါဆိုင်ရာမျှတခြင်းအတွက် အိတ်ဆောင်လမ်းညွှန်

၂၉၊ ဇွန်လ ၂၀၂၃ခုနှစ်၊ ရန်ကုန်တွင် ဂျန်ဒါဆိုင်ရာမျှတခြင်းအတွက် အိတ်ဆောင်လမ်းညွှန်စာအုပ်ကို အသင်းတော်များ၌ ဂျန်ဒါဆိုင်ရာ အသိပညာ ဗဟုသုတများနှင့် ဂျန်ဒါဆိုင်ရာ အကြမ်းဖက်ခံရမှုများတို့အပေါ် အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများတို့ကို ပိုမိုသိရှိနားလည်စေရန်ရည်ရွယ်၍ ထုတ်ဝေပြီး အသင်းတော်များနှင့်ဒေသန္တရ အသင်းတော်များကောင်စီ၊ အစည်းအဝေးများ၊ သင်တန်းအစီအစဉ်များတွင် ဖြန့်ဝေနိုင်ခဲ့ပါသည်။





၈။ အပြည်ပြည်ဆိုင်ရာ တစ်လုံးတစ်ဝတည်းဖြစ်ရေးအစီအစဉ်များ

(၁) Asia Church Women's Conference Day (အာရှအသင်းတော်အမျိုးသမီးကွန်ဖရင့်နေ့) ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်

(က) ၂၀၂၃ ခုနှစ် အာရှအသင်းတော်အမျိုးသမီးကွန်ဖရင့်နေ့ အဓိကအချက်မှာ"Women Caring for God's Earth" "ဘုရားသခင်၏ ကမ္ဘာမြေကြီးကို စောင့်ရှောက်သော အမျိုးသမီးများ" ခေါင်းစဉ်ဖြင့် တောင်ကိုရီးယား အမျိုးသမီးအဖွဲ့(ACWC) မှဝတ်ပြုခြင်းအစီအစဉ်ရေးဆွဲပြီး နိုင်ငံအသီးသီးမှ ဘာသာပြန်ခြင်း၊ ဖြန့်ဝေခြင်း ပြုလုပ်ခဲ့ကြပါသည်။ မြန်မာပြည်အနေဖြင့် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာ၊ MIZO ဘာသာ၊ ဖလမ်းဘာသာသို့ ဘာသာပြန်ဆိုခဲ့ကြပါသည်။ ထို့နောက်အဖွဲ့ဝင်အသင်းတော် ဒေသန္တရအသင်းတော်များကောင်စီသို့ ပေးပို့ခဲ့ပါသည်။

(ခ) ၃-၉၊ နိုဝင်ဘာလ၊ ၂၀၂၃ခုနှစ်Presbyterian Bible College Hsinchu, Taiwan တွင် ပြုလုပ်သော 17th Quadrennial General Assembly, Asia Church Women's Conference (ACWC) အစီအစဉ်ကို ဆရာမနော်သွဲ့စာ (National Representative, General Committee Member)၊ ဆရာမ Vanlalhmingsangi (General Committee Member)၊ ဆရာမရှီးဝူမီး (Voting Delegate)၊ ဆရာမနော်နှင်း ပွင့်ဖြူ (Observer)တို့ (၄) ဦးမှတက်ရောက်ခဲ့ကြပါသည်။ ၂၀၂၄-၂၀၂၇ခုနှစ် သက်တမ်းအတွက် နော်ဇင်လှိုင်း (ACWC- National Representative) ကိုရွေးချယ်ခဲ့ပါသည်။

(၂) ကမ္ဘာလုံးဆိုင်ရာ ဆုတောင်းရာနေ့အစီအစဉ် (World day of Prayer)

နှစ်စဉ်နှစ်တိုင်းမတ်လ၊ ပထမပတ်(သောကြာနေ့)တွင် ပြုလုပ်လေ့ရှိသောကမ္ဘာလုံးဆိုင်ရာဆုတောင်းရာနေ့ အစီအစဉ် ၂၀၂၃ခုနှစ်၏အဓိကအချက်မှာ "I Have Heard About Your Faith" " သင်၏ယုံကြည်ခြင်းအကြောင်းကို အကျွန်ုပ်ကြားရပြီ" ခေါင်းစဉ်ဖြင့် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ဆိုခဲ့ပြီး အဖွဲ့ဝင်အသင်းတော်များနှင့် ဒေသန္တရခရစ်ယာန်အသင်းတော်များကောင်စီအသီးသီးသို့ ဘာသာပြန်ခြင်း၊ ဖြန့်ဝေခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။









Civil Peace Service (CPS) Project



စောအိုဖဲကေး
ပရောဂျက်မန်နေဂျာ

Civil Peace Service (CPS) စီမံချက်သည် Bread for the World ၏ ပံ့ပိုးမှုဖြင့် ၂၀၂၁-၂၀၂၃ သုံးနှစ်တာ ပြုလုပ်မည့် စီမံချက်ဖြစ်ပါသည်။

(၁) သတင်းအချက်အလက်များအပေါ် ဝေဖန်ပိုင်းခြားသည့် အရည်အသွေးကို တိုးမြှင့်ရန်၊ ဆိုရှယ်မီဒီယာများအသုံးပြုခြင်း၏ အနှုတ်သဘောဆောင်သော အကျိုးသက်ရောက်မှုများကို လျော့ချနိုင်ရန် သတင်းအချက်အလက်များ ဆက်သွယ်ပြန်ကြားပေးပို့ရာတွင် ပဋိပက္ခမဖြစ်စေရန် ထိခိုက်မှုမဖြစ်စေရန် နည်းလမ်းများချမှတ်နိုင်ခြင်းဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်ရန်။

(၂) အဖွဲ့ဝင်အသင်းတော်များ၊ ပူးပေါင်းဆက်သွယ်သောအဖွဲ့အစည်းများနှင့် ဆက်သွယ်မှုကွန်ယက်ကို ပိုမိုအားကောင်းစေရန် ရည်ရွယ်ချက်ဖြင့် စီမံချက်ကို လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ထိုအတူ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ ကာလရှည်ကြာစွာ ရပ်တန့်နေခဲ့သော ဆက်သွယ်ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို ပြန်လည် အသက်သွင်းသည့် အနေဖြင့် ဌာနများ၏ လုပ်ငန်းများ ပိုမိုချောမွေ့စွာ လည်ပတ်နိုင်ရေးနှင့် လိုအပ်သော နည်းပညာဆိုင်ရာ ပံ့ပိုးကူညီခြင်းများကို လုပ်ဆောင်လျက် ရှိသလို မိတ်ဖက်အသင်းတော်များ၊ ပူးပေါင်းဆက်သွယ်သော အဖွဲ့အစည်းများနှင့် ဒေသန္တရအသင်းတော်များအား ရင်းနှီးမှုတည်ဆောက်ခြင်းနှင့် သတင်းအချက်အလက်များ ဆက်သွယ်ပြန်ကြားခြင်းလုပ်ငန်းများကိုလည်း ကြိုးစားလုပ်ဆောင်လျက်ရှိပါသည်။

စီမံချက်လုပ်ငန်းများ

(၁) ဆိုရှယ်မီဒီယာ အသုံးပြုခြင်းဆိုင်ရာ သင်တန်း

(၁) ဧပြီလ၊ ၉-၁၀ ရက်တွင် ရှင်ဂါဗြေလအသင်းတော်၊ ယူနီယံဒ်ခ်လည်းကောင်း၊

(၂) ဇွန်လ၊ ၁-၂ ရက်တွင် အမျိုးသားချင်းထောက်ပံ့သည့် ကရင်နှစ်ခြင်းခရစ်ယာန်သာသနာဒ်ခ်လည်းကောင်း၊

(၃) ဂျူလိုင်၊ ၅ ရက်တွင် မြစ်ကြီးနားအသင်းတော်များကောင်စီဒ်ခ် လည်းကောင်း။

(၄) နိုဝင်ဘာလ ၁၄ ရက်တွင် နမ့်ဆန်အသင်းတော်များကောင်စီဒ်ခ် လည်းကောင်း

(၅) ဒီဇင်ဘာလ။ ၅-၆ ရက်တွင် ဟသ်ာတနှစ်ခြင်းသာသနာဒ်ခ် လည်းကောင်း သင်တန်းပေးနိုင်ခဲ့ပါသည်။

(၂) အခြေခံ မှတ်တမ်းဇာတ်လမ်းတိုရိုက်ကူးခြင်းသင်တန်း

မေလ ၁၇ - ၂၃ ရက်နေ့များတွင် အခြေခံမှတ်တမ်းဇာတ်လမ်းတိုရိုက်ကူးခြင်းသင်တန်းကို အဖွဲ့ဝင်အသင်းတော်များနှင့် ပူးပေါင်းဆက်သွယ်သောအဖွဲ့များမှ ကိုယ်စားလှယ် (၂၅) ဦးတက်ရောက်ခဲ့ပါသည်။ ထိုသင်တန်းကို Yangon Film School မှ ဆရာမများမှာ ဦးဆောင်သင်ကြားခဲ့ပြီး ထိုသင်တန်းတွင် သင်တန်းသားများအား အဖွဲ့လေးဖွဲ့ခွဲကာ အဖွဲ့ဝင်အသင်းတော် (၄) ပါးအကြောင်းကို ဇာတ်လမ်းရေးသားကာ လက်တွေ့သွားရောက်ရိုက်ကူးကာ မှတ်တမ်းဇာတ်လမ်းတို (၄) ခုကို



တည်းဖြတ်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ထို့အပြင် စတူဒီယိုရိုက်ကူးခြင်းကိုလည်း Christian Brocasting Network (CBN) ၏ စတီဒီယိုတွင် သွားရောက်လေ့လာနိုင်ခဲ့ပါသည်။

(၃) အဖွဲ့ဝင်အသင်းတော်များ၏ မတူညီသော ဝတ်ပြုကိုးကွယ်ခြင်းနှင့် အထူးနေ့များအကြောင်း မှတ်တမ်းဇာတ်လမ်းတို ရိုက်ကူးခြင်း။

အဖွဲ့ဝင်အသင်းတော်များ၏ မတူညီသော ဝတ်ပြုကိုးကွယ်ခြင်းနှင့် အထူးနေ့များအကြောင်း မှတ်တမ်းဇာတ်လမ်းတို ရိုက်ကူးခြင်းအနေဖြင့် (၁) ရှင်ဂါဗြေလအသင်းတော်၊ ယူနီယံ၏ အသင်းသားအဖြစ် အသိအမှတ်ပြုခြင်းအကြောင်း (၂) မက်သဒစ် အသင်းတော် (အောက်မြန်မာပြည်) ၏ လက်တင်မင်္ဂလာ အကြောင်း၊ (၃) မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) ၏ ပြာဗုဒ္ဓဟူးအကြောင်း (၄) ကယ်တင်ခြင်းတပ်အသင်းတော်၏ တပ်သားသစ်အပ်နှံခြင်းအကြောင်း (၅) မရာဇဝံဂေလိအသင်းတော်၏ "ခိုးဗုံ" အကြောင်း၊ (၆) လေးအိမ်စုအသင်းတော်၏ နှစ်ခြင်းမင်္ဂလာနှင့် ပွဲတော်မင်္ဂလာအကြောင်း၊ (၇) မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)၏ ဝတ်ရုံများအကြောင်း၊ (၈) လွတ်လပ်သော တိုင်းရင်းခရစ်ယာန်သာသနာအသင်းတော်၏ ပွဲတော်မင်္ဂလာအကြောင်း၊ (၉) မြန်မာနိုင်ငံလီဆူအသင်းတော်၏ ဂုဏ်တော်ချီးမွမ်းခြင်းအကြောင်း၊ (၁၀) အမျိုးသားချင်းထောက်ပံ့သည့် ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၏ ဝတ်ပြုခြင်းနှင့် ဖွဲ့စည်းပုံအကြောင်း (၁၁) လူသာရင်အသင်းတော်၏ ဝတ်ပြုခြင်းဆိုင်ရာ အဆောင်အယောင်များအကြောင်း ကို ရိုက်ကူးတည်းဖြတ်နိုင်ခဲ့ပြီး မခသက၏ ဖေ့ဘွတ်တွင် စတင်ထုတ်လွှင့်နေပြီဖြစ်ပါသည်။ ကျန်ရှိသော (၁) မြန်မာနိုင်ငံ ပရက်စ်ဘီတေးရီးယာန်းအသင်းတော် နှင့် (၂) မြန်မာနိုင်ငံ လွတ်လပ်သော ပရက်စ်ဘီတေးရီးယာန်းအသင်းတော်တို့အကြောင်း ရိုက်ကူးတင်ဆက်ရန် အသင်းတော်လူကြီးများနှင့် တွေ့ဆုံဆွေးနွေးခြင်းသာ ပြုလုပ်နိုင်ခဲ့ပြီး ဌာနချုပ်တည်ရှိရာ









နေရာများသည် ကလေးမြို့တွင် ဖြစ်နေပါသဖြင့် သွားရောက် ရိုက်ကူးရန် အခက်အခဲရှိနေသေးပါသဖြင့် မရိုက်ကူးနိုင်ခဲ့ပါ။

(၄) မခသက သတင်းလွှာထုတ်ဝေခြင်း

၂၀၂၄ ခုနှစ်တွင် မခသကမှ ပြုလုပ်ခဲ့သော လှုပ်ရှားမှုများကို အဖွဲ့ဝင်အသင်းတော်များ၊ ပူးပေါင်းဆက်သွယ်သောအဖွဲ့များ၊ ဒေသန္တရအသင်းတော်များကောင်စီနှင့် အခြား ခရစ်ယာန်အဖွဲ့ အစည်းများမှ သိရှိစေရန် သတင်းလွှာထုတ်ဝေခြင်းကို နှစ်၏ နောက်ဆုံးပိုင်းတွင် ပြုလုပ်ခဲ့ပါသည်။

(၅) မခသက၏ ဆက်သွယ်ရေးဌာနအဖြစ် ပြုလုပ်သော လုပ်ငန်း များ

(၁) မခသက၏ ဖေ့ဘွတ်စာမျက်နှာနှင့် ဝက်ဆိုဒ်ကိုလည်း သတင်းများတင်ခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်းများကိုလည်း ပြု လုပ်နိုင်ခဲ့ပါသည်။

(၂) မခသက၏ official mail ဖြစ်သော info@mccoikom ကိုလည်း စောင့်ကြည့်ကာ သက်ဆိုင်ရာသတင်းများကို သက် ဆိုင်ရာဌာနများသို့ သတင်းပေးပို့ပြန်ကြားခြင်းကိုလည်း လုပ် ဆောင်နိုင်ခဲ့ပါသည်။

(၃) မခသက၏ သင်တန်းများ၊ လှုပ်ရှားမှုများအား မှတ် တမ်းဓါတ်ပုံများ ရိုက်ကူးပေးခြင်း။ Zoom ဖြင့် ပြုလုပ်သော အစီ အစဉ်များအတွက် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးခြင်း များကိုလည်း လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။

ကိုဗစ်ရောဂါလှိုင်းနှင့်အတူ နိုင်ငံရေးမတည်ငြိမ်မှုများရှိနေ သော်လည်း ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် အဖွဲ့ဝင် အသင်းတော်များ၊ ပူးပေါင်းဆက်သွယ်သော အဖွဲ့အစည်းများမှ ယုံကြည်စွာ လက်တွဲလျက် အစီအစဉ်များ လုပ်ဆောင်နိုင်ခဲ့ရ သလို မခသကမှ ဝန်ထမ်းများ၏ အားပေးကူညီမှုကြောင့် ၂၀၂၃ တစ်နှစ်တာလုပ်ငန်းစဉ်များကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ ကြောင်း အစီရင်ခံစာ တင်ပြအပ်ပါသည်။

စောအိုဗဲဂေး
ပရောဂျက်မန်နေဂျာ
Civil Peace Service (CPS)









(၂) မရာအသင်းတော်၏ ရိုးရာပုံ (KHO)

HIV/AIDS ကာကွယ်တားဆီးရေးနှင့် ပြုစုစောင့်ရှောက်ရေးစီမံကိန်း



ခေါန်တောင်
အကျိုးဆောင်ညှိနှိုင်းရေးမှူး

သမိုင်းကြောင်း

၁၉၈၈ ခုနှစ်၊ နိုင်ငံတော်အစိုးရမှ HIV ပိုးရှိသူကို စတင်တွေ့ရှိကြောင်း ကြေငြာသည့်နောက်မှ စတင်၍ MCC ၏ လုပ်ငန်းဌာနများကို HIV/AIDS အသိပညာ ဗဟုသုတကို စတင် ပေးခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် အရှေ့ရှမ်းကျိုင်းတုံတွင် မူးယစ်ဆေးဝါးပြဿနာ၊ လိင်အပျော်အပါးပြဿနာများကြောင့် HIV ပိုးကူးစက်ခံရပြီး၊ သေဆုံးမှုများပြားလာသောအခါ၊ အသင်း တော်ခေါင်းဆောင်များ သတိထား လာကြသောကြောင့်၊ HIV/AIDS Awareness ကို MCC မှဦးဆောင်ပြီး HIV/AIDS အသိပညာ များ ပေးခဲ့ပါသည်။ ၁၉၉၃ခုနှစ်၊ မတ်လတွင် AIDS ကော်မတီ ကို စတင်ဖွဲ့စည်းခဲ့ရာ၊ လူငယ်ဌာနနှင့်အမျိုးသမီးဌာနမှ လည်း ပူးပေါင်းပါဝင်ခဲ့သည်။ ၁၉၉၅ခုနှစ်၊ N-YMCA တွင် ကျင်းပသော Round Table Meeting တွင် HIV စီမံချက် ကိုပြုလုပ်သင့် ကြောင်း တင်ပြခဲ့ရာ သဘောတူညီရယူခဲ့ပြီး၊ HIV/AIDS ကာ ကွယ်တားဆီးရေး ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကို ယနေ့ တိုင်အောင် ဆောင်ရွက်လျက်ရှိပါသည်။ ကနဦးတွင် ဒေသ (၂) ခုမှ စတင်ခဲ့ပြီး၊လိုအပ်ချက်ပေါ်မူတည် ၍ ဒေသများကို တိုးချဲ့ ဆောင်ရွက်ခဲ့ရာ ဒေသ (၉)ခုမှ အသင်းတော်များ နှင့်ပူးပေါင်း ဆောင်ရွက်ခဲ့သည်။ အသင်း တော်၏ ပါဝင်မှုဖြင့်ဆောင်ရွက် ခဲ့ပြီးနောက် Norwegian Church AIDS (NCA), Christian Aid (CA) တို့မှ ရံပုံငွေဖြင့်ဆောင်ရွက်ခဲ့သည်မှာ ၂၀၁၆ ခုနှစ် တိုင်အောင်ဖြစ်ပြီး၊ ၎င်းနောက်ပိုင်းတွင် အသင်းတော်၏ပါဝင် မှု၊ တစ်ဦးချင်းပါဝင်မှု ဖြင့် ဆက်လက်ဆက်ကပ် ဆောင်ရွက် လျက်ရှိပါသည်။ အသင်းတော်ဂိုဏ်းဂဏအတွင်း ပူးပေါင်း ဆောင်ရွက်သလို၊ ၂၀၀၉ခုနှစ်မှ စတင်၍ အခြားသောဘာသာ များနှင့်လည်း တို့ချဲ့ကာ ကွန်ရက်အဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့ သည်မှာ ယနေ့ တိုင်အောင်ဖြစ်ပါသည်။ ထို့အပြင် MCC ၏မိတ် ဖက်အဖွဲ့ဖြစ်သော CCA ဖြင့်သော်လည်းကောင်း၊ အာရှအဆင့် ဘာသာပေါင်းစုံပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (AINA) နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ကိုဗစ်-၁၉ကာလနှင့်ပဋိ ပက္ခကာလတွင်ပြည်သူများ၏ စားဝတ်နေရေး ဒုက္ခအခက်အခဲ များစွာ ကြုံတွေ့ရခြင်း၊ လူငယ်များပညာသင်ကြားရန် အ နောက်အယှက် ဖြစ်ရခြင်းတို့ကြောင့်၊ လိင်လုပ်သားအဖြစ် သော်လည်းကောင်း၊ မူးယစ်ဆေးဝါး၏ သားကောင် အဖြစ် သော်လည်းကောင်း ကျဆင်းလျက် ရှိနေသောကြောင့် HIV ပိုး ကူးစက်မှုအန္တရာယ်မှလွတ်ကင်းရန်၊ အသင်းတော်များ၊ အသင်း တော် ခေါင်းဆောင်များမှ HIV/AIDS ကာကွယ်တားဆီးရေးကို ဆောင်ရွက်ရန်၊ ဦးဆောင်ပါဝင်ရန် လိုအပ်လျက် ရှိနေပါသည်။

၁။ လုပ်ငန်းအစီအစဉ်များ

(၁) ၂၄-၆-၂၀၂၃ ရက်နေ့ တွင် ဧမာန္တေလယူနီယံ ကရင်ဘုရားကျောင်းတွင် PLHIV Forum ကို လူမှုစိတ်ပိုင်း ဆိုင်ရာထောက်ပံ့ရန်၊သတင်းအချက်အလက်များမျှဝေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ရာ ဘာသာရေးခေါင်းဆောင်များ၊ HIV ပိုးရှိသူ/အေအာတီ ပိုးထိန်းဆေးသောက်နေသူ၊မုဆိုးမများ အပါအဝင်(၂၇) ဦး တက်ရောက်ခဲ့ပြီး ရလာဒ်အနေဖြင့် HIV ပိုးရှိ သူ ၂၂ ဦးမှ အစာအဟာရထောက်ပံ့မှုရရှိခြင်း၊ HIV/TB update သတင်းအချက်အလက်ရရှိခြင်း၊ ကြုံတွေ့နေရသောအခက်အခဲ များတင်ပြနိုင်ခြင်းများ ရရှိခဲ့ပါသည်။

(၂) ကိုဗစ်ကာလအတွင်းစားစရိတ်အထောက်အပံ့ဖြစ်ရန် နှင့် အဟာရရှိရန် Covid-19 Emergency Support အစီအစဉ် ကို ပြုလုပ်ခဲ့ရာ HIV ပိုးနှင့်အသက်ရှင်သန်သူ/ ဦးတည်အုပ်စုများ ဖြစ်သော MCC national office – ၁၀ဦး၊ Methodist Church – Upper Methodist – ၁၀ဦး ၊ Lashio Council of Churches – ၂၀ ဦး စုစုပေါင်း – ၄၀ ဦး ကို ဆန်- ၁၀ ပြည်၊ဆီ- ၄သား ၊ပဲ – ၅၀ သား နှင့် ကိုဗစ်ဆိုင်ရာကာကွယ်ရေးပစ္စည်းများ ပေးပို့နိုင်ခဲ့ ပါသည်။

(၃) HIV ပိုးနှင့်အသက်ရှင်သန်သူကိုအဟာရထောက်ပံ့ခြင်း အစီအစဉ်ကို ကိုဗစ်ကာလအတွင်း စားစရိတ်အထောက်အပံ့ ဖြစ်ရန်ရည်ရွယ်၍ LCC , လားရှိုး (၄ ကြိမ်) ဧပြီလမှ ဩဂုတ်လ







အတွင်း မက်သဒစ်အသင်းတော် (အထက်မြန်မာပြည်) တို့တွင် ပြုလုပ်ခဲ့ရာ LCC – လူဦးရေ – ၁၀၀ကို ဆန်(၆)ပြည်၊ ဆီ(၁)ပိသာ၊ အာလူး(၁)ပိသာ၊ ခေါက်ဆွဲ(၂)ထုပ်၊ ကုလားပဲ(၁)ပိသာ၊ ငါးသေတာ(၂)ဗူး ပေးလှူနိုင်ခဲ့ပြီး မက်သဒစ်အသင်းတော် (အထက်မြန်မာပြည်) ရန်ကုန်နေ ၁၅ ဦးမှ ကျပ် ၃၀၀၀၀ ဖိုး ဆန်၊ဆီ၊ဆား ပေးလှူနိုင်ခဲ့သည်။

(၄) အရေးပေါ်ထောက်ပံ့ခြင်းအစီအစဉ်ကို ရှားပါးမှုကို ကျော်လွှားရန်နှင့်အဟာရဖြစ်စေရန် ရည်ရွယ်၍ သြဂုတ်လ အတွင်း LCC , လားရှိုးတွင် ပြုလုပ်ခဲ့ရာ (HIV ပိုးထိန်းဆေးစား နေသူ လူဦးရေ – ၂၅ဦးကို ဆန်(၁၂)ပြည်၊ ဆီ(၁)ပိသာ၊ အာလူး(၂) ပိသာထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

(၅) Self Help Group Gathering (တွေ့ဆုံပွဲ) ကို ပုံမှန် တွေ့ဆုံ၍သတင်းအချက်အလက်မျှဝေရန်၊ အချင်းချင်းဖေးမရန် ရည်ရွယ်၍ Methodist Church – Upper Myanmar Yangon တွင် ပြုလုပ်ခဲ့ရာ HIV ပိုးနှင့်အသက်ရှင်သန်နေထိုင်သူ ၁၅ ဦးကို လူမှုစိတ်ပိုင်းဝိညာဉ်ပိုင်းဆိုင်ရာထောက်ပံ့ခြင်း၊ သတင်းအချက်အလက်များရရှိခြင်း ပြုလုပ်နိုင်ခဲ့ပါသည်။

(၆) Counseling နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းအစီအစဉ် ကို စိတ်ပိုင်းဆိုင်ရာသက်သာမှုရရန်၊ မှန်ကန်စွာ ဆေးဝါးကုသ နိုင်ရန် ရည်ရွယ်၍ ၈ပြီလမှ သြဂုတ်လအတွင်း လားရှိုး လီဆူ ခရစ်ယာန်အသင်းတော်တွင် ပြုလုပ်ခဲ့ရာ HIV ပိုးရှိသူနှင့်ဦးတည် အုပ်စုမှ ၁၈၀ ဦးကို နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းကို ပြုလုပ် ပေးနိုင်ခဲ့ပါသည်။

(၇) စွမ်းရည်မြှင့်တင်ခြင်း PCM Training ကို Project Cycle Management နှင့်ဆိုင်သော အသိပညာရရှိပြီး၊လက်တွေ့ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ၁၆–၁၈ သြဂုတ်လ တွင် လားရှိုး လီဆူအသင်းတော်တွင် ပြုလုပ်ခဲ့ရာ ဦး ဝန်ထမ်း – ၄ ဦးနှင့် မျိုးဆက်သစ်ခေါင်းဆောင် – ၅ ဦး စုစုပေါင်း (၉) ဦး မှ စီမံချက် တစ်ခုကို စီမံခန့်ခွဲသည့်နည်းပညာများရရှိခဲ့ပါသည်။

(၈) Vocational Skill training – ပေါက်စီပြုလုပ်နည်း သင်တန်းကို ၈ပြီလတွင် လားရှိုးတွင် အသက်မွေးဝမ်းကျောင်း ပညာရရှိပြီး၊ မိသားစုဝင်ငွေအတွက် ဆောင်ရွက်နိုင်ရန် ရည် ရွယ်၍ ၈ပြီလတွင် ပြုလုပ်ခဲ့ရာ HIV ပိုးရှိသူနှင့်ဦးတည်အုပ်စု မှ လူဦးရေ (၉၀) ဦးတက်ရောက်ခဲ့ပြီး ပေါက်စီပြုလုပ်နည်း– ပညာ ရရှိခဲ့သည်။

(၉) HIV Awareness Training အသိပညာပေးခြင်းကို ၁၄–၁၅၊ သြဂုတ်လတွင် လားရှိုး LCC ၌ HIV အသိပညာရရှိရန် နှင့်သတင်းအချက်အလက် များရရှိရန်ရည်ရွယ်၍ ပြုလုပ်ခဲ့ရာ Female Sex worker/Drug user/MSM & TGW စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ပြီး HIV/AIDS Situation, ART Treatment, Community Feedback Mechanism awareness များရရှိ သည်။

(၁၀) ပညာသင်ထောက်ပံ့ကြေးပေးခြင်းကို ကလေးများ ပညာဆက်လက်သင်ကြားနိုင်ရန်ရည်ရွယ်၍ ၂၊ စက်တင်ဘာ တွင် မက်သဒစ်အသင်းတော် (အထက်မြန်မာပြည်) ၌ ပြုလုပ် ခဲ့ရာ HIV ပိုးနှင့်အသက်ရှင်နေထိုင်သူများ၏ကလေးများထဲမှ အထက်တန်းကျောင်းသား၄–ဦးမှ တစ်ဦးလျှင် ၄၀၀၀၀ကျပ်နှင့် အလယ်တန်းကျောင်းသား တစ်ဦးလျှင် ၃၀၀၀၀ကျပ် ကျောင်း စရိတ် လက်ခံရရှိသည်။

၃။ ပူးပေါင်းလုပ်ဆောင်ခဲ့သောလုပ်ငန်းများ

(၁) International AIDS Candlelight Memorial အစီအစဉ် ကို ၁၅. ၅.၂၀၂၃ တွင် အင်းလျားလိတ်ဟော်တယ်၌ AIDS ဖြင့်သေဆုံးခဲ့သူများကိုပြန်လည်အောက် မေ့ခြင်းနှင့်HIV ရှိသူများကို မေတ္တာပြခြင်း၊ Advocacyပြုလုပ်ခြင်း ရည်ရွယ်ချက် ဖြင့် ပြုလုပ်ခဲ့ရာ UN, INGO, NGO,HIV Network တို့မှ လူတွေ့ – ၈၀ ဦးနှင့် အွန်လိုင်းမှ ၁၀၀ ဦးပါဝင်နိုင်သည်။

(၂) HIV ကွန်ရက်များနှင့်ချိတ်ဆက်ခြင်း(CNC–HIV) ကို PLHIV & Key Population တို့ ပြီးပြည့်စုံသော ဝန်ဆောင်မှုများ ရရှိရန်အတွက် အသိပေးတင်ပြတောင်း
ဆိုခြင်းများပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် ကွန်ရက် – ၈ ခု၏နေရာ တွင် ပြုလုပ်ခဲ့ရာ People Living with HIV/ Key Populations တို့ တက်ရောက်ခဲ့ပြီး HIV ကွန်ရက် – ၈ ခု အတွင်းမှ PLHIV / Kep Population များဝန်ဆောင်ပိုမိုရရှိသည်။လူ့အခွင့်အရေး နှင့်မညီသော အရာများ၊ခွဲခြားဆက်ဆံခံရမှုများအတွက် ကူညီ ထောက်ပံ့နိုင်သည်။

(၃) ဘာသာပေါင်းစုံ HIV ကွန်ရက် (MINA) ကို ဘာသာရေး အခြေပြုအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များမှ HIV လုပ်ငန်းကို နားလည်ရန်၊ ပူးပေါင်း ပါဝင်ရန်၊ ကိုယ်တိုင်ဦးစီး ဆောင်ရွက်ရန်ရည်ရွယ်ချက်ဖြင့် ချိတ်ဆက်ထားသောဒေသ စုစုပေါင်း – ၁၀ ခု တွင် ပြုလုပ်ခဲ့ရာ People Living with HIV/ Key Populations /Interfaith Religious Leaders တို့တက် ရောက်ခဲ့ပြီး ဒေသ –၁၀ ခုမှ ဘာသာရေးအဖွဲ့အစည်း – ၁၀၀ ကျော်မှ ကွန်ရက်ချိတ်ဆက်ပြီး၊ HIV ပိုးရှိသူများကို ကူညီပံ့ပိုး ခြင်း၊အသိပေးတောင်းဆိုခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ညွှန်းပို့ခြင်း၊ ပုံမှန်တွေ့ဆုံ၍သတင်းအချက်အလက်ဖလှယ်ခြင်း၊



အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် Advocacy ပြုလုပ်ခြင်းများ ပူးပေါင်းဆောင်ရွက်နိုင်သည်။

၄။ ကြုံတွေ့ရသော အခက်အခဲ

- စီမံချက်ရံပုံငွေမရှိခြင်းကြောင့် လုပ်ငန်းအကောင်အထည် ဖော်ဆောင်နိုင်မှုအားနည်းသည်။
- (လစာမရှိခြင်း၊ရုံးခန်းအသုံးပြုနိုင်ခြင်းမရှိ)
- အင်တာနက်လိုင်းနှေးခြင်းကြောင့် Zoom meeting များ တွင်ပါဝင်နိုင်မှု ပြည့်ဝမှုမရှိပါ။
- အဖွဲ့အစည်းမှတ်ပုံတင်ဆိုင်ရာဥ ပဒေကြောင့် လုပ်ငန်း များ ရည်ရွယ်ထားသလောက် လုပ်ကိုင်နိုင်ခြင်းမရှိပါ။
- နိုင်ငံရေးပဋိပက္ခ၊ဆင်းရဲမွဲတေမှုနှင့် မူးယစ်ဆေးဝါး ပြဿ နာကြောင့် လူငယ်လူရွယ်များ လမ်းမှားရောက်ခြင်း၊ HIV ရောဂါကူးစက်မှုပိုမိုများပြားလာခြင်း။

၅။ အောင်မြင်မှု


- စီမံချက်ရံပုံငွေ မရှိသော်ငြားလည်း၊ အသင်းတော်၏ပါဝင်မှု၊ တစ်ဦးချင်း၏ ပါဝင်မှုတို့ကြောင့်လည်းကောင်း၊ စေတနာ့ ဝန်ထမ်းများ၏ ဆက်ကပ်လိုစိတ်ကြောင့်လည်းကောင်း HIV လုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။
- HIV နှင့် အသက်ရှင်သန်နေထိုင်သူနှင့် ဦးတည်အုပ်စုများ ကို တတ်အားသရွေ့ ကူညီပံ့ပိုးနိုင်သည်။
- စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ပေးခြင်း၊ ဆေးကုသရန် လမ်းညွှန် ပေးခြင်း၊ သတင်းအချက်အလက်များပေးနိုင်ခြင်း)
- ဘာသာပေါင်းစုံကွန်ရက်၌ အတွင်းရေးမှူးတာဝန်အဖြစ် လည်းကောင်း၊ HIV ကွန်ရက် ၈ ခုပူးပေါင်းဆောင် ရွက်သော လူမှုကွန်ရက်ညွှန့်ပေါင်းအဖွဲ့(CNC) တွင် ကိုယ်စားလှယ် Focal Person အဖြစ်လည်းကောင်း ပါဝင်နိုင်သည်။
- HIV နှင့်သက်ဆိုင်သော လုပ်ငန်းတွင်အစိုးရမှစ၍ Stake-holder အားလုံးမှ MCC – HIV ကိုအသိအမှတ် ပြုနေဆဲ ဖြစ်သည်။

၆။ ရှေ့လုပ်ငန်းစဉ်

- HIV awareness training များကို အဖွဲ့ဝင် အသင်းတော်နှင့် ကျမ်းစာကျောင်းများသို့ သင်တန်းပေးသွားမည်ဖြစ်သည်။
- ဒီဇင်ဘာလတွင် World AIDS Day နှင့် PLHIV forum ကျင်းပမည်။
- မတ်လတွင် ခွဲခြားဆက်ဆံမှုလျော့ချရေးနေ့ Zero Dis-crimination Day ကျင်းပမည်။
- HIV ပိုးနှင့် အသက်ရှင်သန်နေထိုင်သူများကို တတ်အား သရွေ့ ကူညီထောက်ပံ့မည်။
- သက်ဆိုင်ရာအဖွဲ့အစည်းများ/အသင်းတော်များနှင့်ကွန် ရက် ချိတ်ဆက်ပြီး၊ အသိပေးတင်ပြ တောင်းဆိုမှုပြုလုပ် ပြီး၊ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။







ပြည်သူလူထုအခြေပြု ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက်



ဒေါက်တာ ဦးခင်မောင်ဝင်း
စီမံချက် မန်နေဂျာ


သမိုင်းကြောင်း

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၏ ပြည်သူလူထုအခြေပြု ငှက်ဖျားရောဂါ ကာကွယ်နှိမ်နှင်းရေးစီမံချက် (မခသက–ငှက်ဖျား) ကို ၂၀၀၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ငှက်ဖျားရောဂါ ကာကွယ်ရေးနှင့်ထိန်းချုပ်ရေး အစီအစဉ်များကို ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသား ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံကိန်း (National Malaria Control Programme – NMCP)၊ UN Organizations၊ ပြည်တွင်း နှင့် နိုင်ငံတကာ NGO အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျှက် ရှိပါသည်။ (၂၀၀၆ – ၂၀၀၇) ခုနှစ်မှ စတင်၍ (၂၀၁၀ – ၂၀၁၁) ခုနှစ်အထိ ရောဂါသုံးမျိုး ရန်ပုံငွေ (Three Diseases Fund – 3DF) ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ပြီး (၂၀၁၁ – ၂၀၂၃) ခုနှစ်အထိ ကမ္ဘာ့ရန်ပုံငွေ (The Global Fund to Fight AIDS, Tuberculosis and Malaria – GFATM) ၏ အထောက်အပံ့ဖြင့် ဆက်လက် ဆောင်ရွက်လျှက်ရှိပါသည်။ (၂၀၂၁ – ၂၀၂၃) ခုနှစ်အတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြို့နယ်ပေါင်း (၁၇) မြို့နယ်၊ ကျေးရွာပေါင်း (၅၃၂) ရွာတွင် ပြည်သူလူထုအခြေပြု ငှက်ဖျားရောဂါ ကာကွယ်နှိမ်နှင်းရေး လုပ်ငန်းများအား မြန်မာနိုင်ငံအမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံကိန်း (ဗဟို) ၏ အနီးကပ်လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

လုပ်ငန်းများ

စီမံချက်ကျေးရွာများတွင် စေတနာ့ဝန်ထမ်းတစ်ဦးစီကို ရွေးချယ်ပြီး ငှက်ဖျားရောဂါ ကာကွယ်နှိမ်နှင်းရေး သင်တန်းများပေး၍ မိမိတို့ ကျေးရွာအသီးသီးတွင် စီမံချက်၏ ဆေးဝါးအထောက်အပံ့ဖြင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက် ရှိပါသည်။ အဓိကအားဖြင့် ငှက်ဖျားသံသယလူနာများအား ငှက်ဖျားပိုး အမြန်သွေးစစ်ကိရိယာဖြင့် သွေးဖောက် စစ်ဆေးခြင်း၊ ပိုးတွေ့လူနာများအား အမျိုးသား ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံကိန်းမှ ညွှန်ကြားထားသည့် အတိုင်း ကုသမှုပေးခြင်း၊ ပြင်းထန်လူနာများအား နီးစပ်ရာ ဆေးရုံဆေးခန်းများသို့ လွှဲပြောင်းပေးခြင်း၊ ကျေးရွာ လူထုသို့ ကျန်းမာရေးအသိပညာပေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆေးစိမ်ခြင်ထောင်ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ စီမံချက်ဝန်ထမ်းများမှ သက်ဆိုင်ရာ ကျေးရွာများရှိ စေတနာ့





ဝန်ထမ်းများထံသို့ လစဉ်ကွင်းဆင်းပြီး ဆေးဝါးများထောက်ပံ့ခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊ အစီရင်ခံစာများ ကောက်ယူခြင်းတို့ကို ဆောင်ရွက်လျှက်ရှိပါသည်။ ထို့အပြင် စေတနာ့ဝန်ထမ်းများအား မွမ်းမံသင်တန်းများ ပံ့ပိုးပေးခြင်းနှင့် လုပ်ငန်းဆန်းစစ်အကဲဖြတ်အစည်းအဝေးပွဲများ ကျင်းပခြင်းတို့ကို နှစ်စဉ်ဆောင်ရွက်လျှက်ရှိပါသည်။ စီမံချက်ဝန်ထမ်းများအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများမှ ပြုလုပ်သော အစည်း အဝေးပွဲများ၊ အမျိုးသားဌာနဆိုင်ရာ တိုက်ဖျက်ရေးစီမံကိန်းမှ ကျင်းပသော ညှိနှိုင်းအစည်းအဝေးပွဲများ၊ ပြည်နယ်နှင့်တိုင်းများမှ ပြုလုပ်သော ညှိနှိုင်းအစည်းအဝေးပွဲများသို့ ပါဝင်တက်ရောက်လျှက် ရှိပါသည်။ ထို့အပြင် စီမံချက်ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကိုလည်း တက်ရောက်စေခဲ့ပါသည်။

လုပ်ငန်းပြီးစီးမှုအခြေအနေ

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်များကောင်စီ ပြည်သူလူထုအခြေပြု ဌာနဖျားရောဂါ ကာကွယ်နှိမ်နှင်းရေးစီမံချက်အနေဖြင့် ဌာနဖျားသံသယလူနာပေါင်း (၄၀၄၃၇) ယောက်ကို ဌာနဖျားပိုးအမြန်သွေးစစ် ကိရိယာဖြင့် သွေးဖောက် စစ်ဆေးခဲ့ပြီး ပိုးတွေ့လူနာ (၅၅၀၃) ယောက်ကို အမျိုးသားဌာနဖျားရောဂါ တိုက်ဖျက်ရေး စီမံကိန်းမှ ညွှန်ကြားထားသည့် ကုသမှုလမ်းညွှန်အတိုင်း ကုသမှုပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ဆေးစိမ် ခြင်ထောင် (၂၀၁၃) လုံးကို ပိုးတွေ့လူနာများ ကိုယ်ဝန်ဆောင်မိခင်များနှင့် ငါးနှစ်အောက် ကလေး ငယ်များ၊ ရွှေ့ပြောင်းသွားလာ နေထိုင်သူများအား ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ မြစ်ကြီးနား၊ ဗန်းမော်၊ မံစီ၊ မိုးမောက်၊ မိုးကောင်း၊ ရွှေကူ၊ ကလေး၀၊ ဖလမ်းနှင့် တီးတိန် မြို့နယ်များမှ စေတနာ့ဝန်ထမ်း အသစ် (၂၈) ယောက်အား ဌာနဖျားရောဂါ ကာကွယ်နှိမ်နှင်းရေးနှင့် ကင်းဝေးရေး သင်တန်းများ ပို့ချနိုင်ခဲ့ပါသည်။ ထို့အပြင် စီမံချက် ဝန်ထမ်းများအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားမှုကို ကာကွယ်ခြင်းသင်တန်းအား ပြုလုပ်နိုင်ခဲ့ပါသည်။ အမျိုးသားဌာနဖျားရောဂါ တိုက်ဖျက်ရေးစီမံကိန်း၊ အခြားမိတ်ဖက် အဖွဲ့အစည်းများနှင့် ပြည်နယ်နှင့် တိုင်းများမှ ကျင်းပသော ညှိနှိုင်းအစည်းဝေးပွဲများကိုလည်း တက်ရောက်နိုင်ခဲ့ပါသည်။

နိဂုံးချုပ်

မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်များကောင်စီ၏ ပြည်သူလူထုအခြေပြု ဌာနဖျားရောဂါ ကာကွယ်နှိမ်နှင်းရေးစီမံချက်လုပ်ဆောင်လျက်ရှိသည့် ဒေသများသည် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဝေးလံခက်ခဲပြီး၊ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားလျက်ရှိသော ဒေသများဖြစ်သည့် အတွက် ရွှေ့ပြောင်းသွားလာလူအုပ်စုများများပြားခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေး၊ ဆေးနှင့် ဆေး ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေးစသည်တို့တွင် စိန်ခေါ်မှုများစွာရှိပါသည်။ ယခင်က စီမံချက်ကျေးရွာများတွင် စီမံချက်မစတင်မီ ဌာနဖျားရောဂါပြဿနာကြီးမားစွာ ခံစားခဲ့ရပြီး စီမံချက်ဝင်လာသည့် နောက်ပိုင်းတွင် ဌာနဖျားရောဂါပြဿနာမှာ သိသိသာသာ ကျဆင်းလာခဲ့ပါသည်။ သို့သော် (၂၀၂၁) ခုနှစ်မှစတင်၍ နိုင်ငံအဝှမ်း ဌာနဖျားရောဂါပြန်လည်ဦးမော့လာပြီးနောက် စီမံချက်ကျေးရွာများတွင်လည်း ဌာနဖျားရောဂါသည် သိသိသာသာ ပြန်လည်ဦးမော့လာသည်ကိုတွေ့ရှိရပါသည်။







အမျိုးသမီးရူထောင့်မှ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း

သိကၡာတော်ရဒေါက်တာခင်ဆွေဦး

အဓိပ္ပါယ်ဖွင့်ဆိုချက်

Ecumenism ဆိုသည်မှာ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းဟုအဓိပ္ပါယ်ရပြီး၊ Ecumenical Movement ကို တစ်လုံးတစ်ဝတည်းဖြစ်ခြင်းလှုပ်ရှားမှုဟုသိရပါသည်။ Ecumenical ဟူသောဝေါဟာရသည် ဂရိဝေါဟာရ "oikoumene" မှ ဆင်းသက်လာပြီး "သက်ရှိသတ္တဝါများ မှီတင်းနေထိုင်ရာ လောကကမ္ဘာ" ဟုအဓိပ္ပါယ်ရှိပါသည်။ ထို့ကြောင့် ကမ္ဘာကြီးတစ်ခုလုံးကို "အိမ်တစ်အိမ်" ဒါမှမဟုတ် "မိသားတစ်စု" ဟုမှတ်ယူပြီး ကမ္ဘာအရပ်ရပ်တွင် နေထိုင်ကြသော လူသားတိုင်းကို မိသားစုစိတ်ဓါတ်ဖြင့် အရာရာတိုင်း၌ မည်သည့် အခြေအနေတွင်မဆို၊ လက်ချင်းချိတ်လျက်၊ နှလုံးသားချင်း ဆက်ကာ၊ သွေးစည်းညီညွတ်စွာဖြင့် ကမ္ဘာလောကအိမ်ထောင် မိသားစုကြီးထဲတွင် သခင်ယေရှုဆုတောင်းပေးခဲ့သည့်နည်းတူ တစ်လုံးတစ်ဝတည်းနေထိုင်ခြင်းဟူ၍ နားလည်သဘောပေါက်

ရပါသည်။ မိသားစုစိတ်ဓါတ်ဖြစ်သည့် တစ်လုံးတစ်ဝတည်း ဆိုသည်မှာ မိသားစုဝင်များအားလုံး အေးအတူပူအမျှ၊ ကျော သားရင်သားမခွဲခြားဘဲ လက်ရည်တပြင်တည်း အတူတကွ နေထိုင်ခြင်းဖြစ်ပါသည်။ အထူးသဖြင့် ဤစာစောင်တွင် ခရစ်တော်၏ အသွေးတော်နှင့်ရွေးနှုတ်ဝယ်ယူထားသော ဂိုဏ်းပေါင်းစုံမှ ယုံကြည်သူခရစ်ယာန် ညီအစ်ကိုမောင်နှမများအားလုံးတို့သည် ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကိုသာ အမျိုးသမီးရှုထောင့်မှ တင်ပြသွားပါမည်။

မိသားစုနှင့်အမျိုးသမီးများ

မိသားစုဆိုသည်မှာ အခြေခံအားဖြင့် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့သည် တစ်ဦးကိုတစ်ဦး ချစ်ခင်၊ မြတ်နိုး၊ နှစ်သက်ခြင်းမှ အစပြုကာ အိမ်ထောင်တည်ဆောက်ခြင်းမှ မိသားစု ဖြစ်လာပါသည်။ အမျိုးသမီးနှင့်အမျိုးသား ပေါင်းဖက်ကာ သားသမီးရတနာများဖြင့် မိသားစုဝင်သည် တဖြေးဖြေးတိုးပွား လာပါသည်။ အမေသည် မိသားစုဝင်၊ အဖေသည် မိသားစုဝင်၊ သမီးသည် မိသားစုဝင်၊ သားသည်မိသားစုဝင်ပင်ဖြစ်ပါသည်။ မိဘများက သမီးဖြစ်လို့ပို့ချစ်၊ သားဖြစ်လို့ပို့ချစ်ဆိုတာ မရှိသလို သားနဲ့သမီးတန်းတူညီမျှ ကျွေးမွေးပြုစုလျက် ပျိုးထောင်နေကြသည်။ မိသားစုတွင်အမျိုးသမီးများကို အမေ၊ သမီး၊ ချွေးမ၊ ယောကျ်မ၊ ယောင်းမ၊ အဒေါ် ဟူ၍ တော်စပ်ပုံလိုက်၍ အမည်အမျိုးမျိုး ဖြင့်ခေါ်ကြသည်။

အိမ်ထောင်မိသားစုတွင် အဖေဖြစ်သည့် အမျိုးသားနှင့်



အမေဖြစ်သည့် အမျိုးသမီးတို့သည် တစ်ဦးကိုတစ်ဦး အမှီသဟဲ ပြုနေကြသည်။ သွေးစည်းကြသည်။ လေးစားကြသည်။ ယိုင်းပင်း ကြသည်။ နားလည်မှုဖြင့် အပေးအယူမျှတကြသည်။ အမေမရှိဘဲ အဖေတယောက်ထဲနှင့် သားသမီးမရရှိနိုင်သလို အဖေမရှိဘဲ အမေတယောက်နှင့်လည်း သားသမီးမရရှိနိုင်ပါ။ အမေမေတ္တာ နှင့် အဖေ အကြင်နာ၊ အမေပေးဆပ်ခြင်းနှင့်အဖေအနစ်နာခံခြင်းတို့ ပေါင်းစပ်ပြီး သားသမီးများကို တန်းတူပြုစုကြသည်။ တန်းတူ ပျိုးထောင်ကြသည်။ တန်းတူအနာဂတ်ကို ပုံဖော်ပေးကြသည်။ တန်းတူတန်ဘိုးထားကြသည်။ မောင်နှင့်နှမ၊ အမနှင့်မောင်တို့သည်လည်း မိဘနှစ်ပါး၏တန်းတူ ပြုစုပျိုးထောင်ပေးခြင်းအားဖြင့် တဦးကိုတဦး ချစ်ခင်တန်ဘိုးထားကြသည်။ လေးစားကြသည်။

သို့သော် အသိပညာအတတ်ပညာ မထွန်းကားခင် ရှေးခေတ်ကာလ၊ အမျိုးသားများလွှမ်းမိုးသော ယဉ်ကျေးမူထုံးတမ်းစဉ်လာ ခေတ်ကာလက၊ သမီးနှင့် သားကို အမွေခွဲဝေရာတွင်ဖြစ်စေ၊ ပညာသင်ကြားပေးရာတွင်ဖြစ်စေ၊ အိမ်ထောင်ချပေးရာတွင်ဖြစ်စေ၊ တန်းတူအခွင့်အရေးမပေးဘဲ မမျှမတ ဆက်ဆံခဲ့ကြသော မြစ်ရေစီးချောင်းသည် ယခုအချိန်ထိ လုံးဝတိမ်ကောခြင်းမရှိဘဲ စမ်းချောင်းလောက်တော့ ကျန်နေပါသေးသည်။ ထို့ကြောင့် မိသားစုစိတ်ဓါတ်ဖြင့် အရာရာတိုင်း၌ မည်သည့်အခြေအနေတွင်မဆို၊ လက်ချင်းချိတ်လျက်၊ နှလုံးသားချင်းဆက်ကာ၊ သွေးစည်းညီညွတ်စွာဖြင့် ကမ္ဘာလောက အိမ်ထောင်မိသားစုကြီးထဲတွင် အတူတကွ နေထိုင်ကြခြင်းဟု အဓိပ္ပါယ် ဖွင့်ဆိုမှုကို ပြည့်စုံစွာ ပုံဖော်နိုင်ခြင်းမရှိသေးပါကြောင်း တွေ့မြင်ရပါသည်။

အသင်းတော်နှင့်အမျိုးသမီးများ

အသင်းတော်ဆိုသည်မှာ ယေဘုယျအားဖြင့် ခရစ်တော်ကို ယုံကြည်သူ အမျိုးသမီး အမျိုးသားများ ပါဝင်သည့် ခရစ်ယာန်အိမ်ထောင်များ စုပေါင်းထားသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ဓမ္မသိအိုလိုဂျီအရ အသင်းတော်ဆိုသည်မှာ သာမန်အဖွဲ့အစည်း (Organization) ထက် အသက်အတွက် တခုကို တခု အမှီသဟဲ ပြုနေသည့် အတွင်းကလီစာ (Organism) ကဲ့သို့ ဖွဲ့စည်းတည်ဆောက်ထားသည့်အရာဖြစ်သည်။

မိသားစုကြီးနှင့်ထပ်တူကျသော အသင်းတော်ထဲတွင် အမျိုးသမီးများ၏ အရေအတွက်သည် အမျိုးသားများထက်ပို များသလို အရည်အချင်း၊ ဝိညာဉ်ဆုကျေးဇူးနှင့် ပါဝင်ဆက်ကပ်မှု၊ အသုံးတော်ခံမှုများတွင်လည်း အမျိုးသားများထက် မနိမ့်ကျပါ။ ဘုရားသခင်က လူသားအားလုံး အမျိုးသမီးနှင့်အမျိုးသားကို ခြားနားခြင်း အလျင်းမရှိ။ မြေမှုန့်ဖြင့် ဖန်ဆင်းပြီး၊ သူဖန်ဆင်းထားသမျှကို တန်းတူညီမျှ ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ပေးခဲ့သည်။ ခန့်အပ်ခဲ့သည်။ ကောင်းချီးပေးခဲ့ပါသည်။ (ကမ္ဘာဦးကျမ်း အခန်းကြီး၁)

လူသားမျိုးနွယ်အားလုံးဖြစ်သည့် အမျိုးသမီးနှင့် အမျိုးသားကို ယေရှုခရစ်တော်သည် ချစ်သောကြောင့် အသေခံခဲ့သည်။ (ရော ၅:၈) ယုံကြည်သူအမျိုးသားများကို ထာဝရအသက်

ပေးသလို ယုံကြည်သူအမျိုးသမီးများကိုလည်း ထာဝရအသက် ပေးသည်။ (ယောဉ:၁၆)၊ အမျိုးသားများကို သာသနာအတွက် အသုံးပြုဖို့ ခေါ်ယူခန့်အပ်သကဲ့သို့ အမျိုးသမီးများကိုလည်းသာသနာအတွက် အသုံးပြုဖို့ ခေါ်ယူခန့်အပ်ခဲ့သည်။ (ယော ၂၀:၁၇) ခရစ်တော်၌ ယောက်ကျားမိန်းမမရှိ၊ လူတန်းစားခွဲခြားခြင်းမရှိ၊ လူမျိုးရေးခွဲခြားခြင်းမရှိ (ဂလာတိ ၃:၂၈) ကြောင်း သမ္မာကျမ်းစာအရ သိရှိနိုင်ပါသည်။

သို့သော် ယနေ့အသင်းတော်သည် အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူညီမျှ ဆက်ဆံမှုမရှိကြောင်း တွေ့ရှိနေရပါသည်။ အသင်းတော်၏ ဆုံးဖြတ်ချက်များချမှတ်နိုင်သည့် ခေါင်းဆောင်မှု အခန်းကဏ္ဍများတွင်သော်လည်းကောင်း၊ သင်းအုပ်ဆိုင်ရာ နေရာပေးခြင်းတွင်သော်လည်းကောင်း၊ အထူးသဖြင့် သိက္ခာတင်ပေးခြင်းတွင်သော်လည်းကောင်း၊ တစ်လုံးတစ်ဝတည်း မဖြစ်သေးကြောင်းတွေ့ရပါသည်။ အချို့သောအမျိုးသားများသည် အချို့သောအမျိုးသမီးများထက် ပို၍ ဦးစား ပေးခံရခြင်း၊ လေးစားခံရခြင်းသည် ထိုသူတို့၏ကိုယ်ကျင့်တရားထက်၊ ရာထူးရာခံထက်၊ ဘွဲ့ပညာထက်၊ ဆက်ကပ်အနစ်နာခံခြင်းထက် ထိုသူတို့၏ အမျိုးသားဖြစ်ရခြင်းကြောင်းသာဖြစ်သည်။ အသင်းတော်သည် အမျိုးသမီးများကို လိုအပ်လျှင်သုံး၊ မလိုအပ်လျှင် ဘေးဖယ်ထားသည့် အနေအထားအဖြစ်သာ ရှုမြင်နေကြသည်။

အမျိုးသမီးမရှိလျှင် အသင်းတော်သည် အင်္ဂါမစုံပါ။ အမျိုးသမီးများကို ဘေးဖယ်ထားလျှင် အသင်းတော်သည် ချိနဲ့လာမည်။ မကျန်းမာဘဲ အားလျော့လာမည်။ မရှင်သန်နိုင်တော့ပါ။ မခိုင်ခံ့နိုင်တော့ပါ။ ယနေ့အသင်းတော်များ ကျန်းမာကြံ့ခိုင်ရေး ယိုယွင်းနေရခြင်း၏ အကြောင်းရင်းအများကြီးတွင်အမျိုးသမီးများနှင့်အမျိုးသားများ ခရစ်တော်၌ တစ်လုံးတစ်ဝတည်းမဖြစ်ခြင်း၊ အမျိုးသမီးများကို တန်းတူညီမျှ မဆက်ဆံခြင်း၊ လက်မခံခြင်း၊ အခွင့်အရေးမပေးခြင်း၊ အမျိုးသမီးများကိုမိသားစုအသင်းတော်ထဲ၌ အပေါ်ယံသာ ပါဝင်စေခြင်းသည်အကြောင်းရင်းတခုဖြစ်ပါသည်။ မိမိ၏အိမ်ထောင်မိသားစုတွင် သားနှင့်သမီးကို ခွဲခြားခြင်းမရှိ တန်းတူအခွင့်အရေးပေးပြီး ပြုစုပျိုးထောင်သလို ယနေ့အသင်းတော်ထဲတွင်လည်း အမျိုးသမီးများကို အမျိုးသားများနှင့်တန်းတူညီမျှ အပြည့်အဝနေရာပေးခြင်း၊ တန်းတူညီမျှ အခွင့်အရေးပေးပြီး ပြုစုပျိုးထောင်ခြင်း၊ လက်တွဲခေါ်ဆောင်ခြင်းအားဖြင့် ယေရှုခရစ်တော်၏အလိုတော်နှင့် ဆုတောင်းခြင်းဖြစ်သည့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းသည် ကမ္ဘာမြေကြီးပေါ်တွင် ပြီးပြည့်စုံလာပါလိမ့်မည်။

နိဂုံး


ခရစ်ယာန်များ၏ ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းသည် စိတ်ကူးအိပ်မက်မျှသာ မဟုတ်သောကြောင့် ကိုယ်ချင်းစာပါသည် ခံစားပေးပါသည် ဆိုသည့် အပြောအဟောဖြင့်သာမဟုတ်၊ စာတွေ့အရေးအသားဖြင့်သာမဟုတ်၊ အမှန်တကယ် လက်တွေ့အကောင်အထည် ဖော်ရမည့်အရာဖြစ်ပါသည်။ ကျမတို့အားလုံး ချစ်ခြင်းမေတ္တာနှင့် အတူတကွ၊ စိတ်တူကိုယ်တူ အားထည့်၍ ပြိုင်တူတွန်းလျှင်ရွှေ့နိုင်ပါသည်။ ယေရှုခရစ်တော်၏စိတ်ထားရှိဖို့နှင့် ယေရှုခရစ်တော်၏မိန့်မှာစကားဖြစ်သည့် “သင်တို့သည် ကိုယ်၌ သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ပြုကြလော့” (ရှင်မဿဲခရစ်ဝင်ကျမ်း ၇:၁၂) ဟူသောစကားတော်ကို လိုက်နာဆောင်ရွက်ကြဖို့တစ်ခုသာ လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။



ဂေဟဗေဒရှုထောင့်မှ ဘုရားသခင်၏ မိသားစုအသိုက်အမြုံ

သိက္ခာတော်ရဆရာဒေါက်တာစောရွှေဂျမ်း

ဘုရားသခင်သည် ပရမ်းပတာ အဆင်းသဏ္ဌာန်မရှိသော အနေအထားမှ စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းပြီး စကြဝဠာအတွင်း မတူညီသော ဖန်ဆင်းခံအရာများ အတူယှဉ်တွဲနေထိုင်နေသည်ကို ဘုရားသခင်ကြည့်ရှုရင်း အလွန်ကောင်းသည်ဟု မြင်တော်မူ၏။ ထို့နောက် ဘုရားသခင်သည် သူဖန်ဆင်းထားတော်မူသောအရာအားလုံး အမြဲဆက်လက်တည်တံ့စေရန် လူသားအား တာဝန်ပေးအပ်လိုက်သည်။ သို့သော် ဘုရားသခင်က စနစ်တကျ ဖန်ဆင်းထားသည့် ဖန်ဆင်းခြင်းများသည် လူသားများကြောင့် ပရမ်းပတာ တဖန်ပြန်၍ ဖြစ်လာပါသည်။ ထို့ကြောင့် ဤကဲ့သို့ ပရမ်းပတာဖြစ်နေသော ဘုရားသခင်၏ ဖန်ဆင်းခြင်း လက်ရာတော်များသည် ဘုရားသခင်၏ မိသားစုအသိုက်အမြုံ၌ တဖန် စနစ်တကျ ပြီးပြည့်စုံခြင်းသို့ ပြန်လည်ရောက်ရှိစေရန်အတွက် ကယ်တင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ဂေဟဓမ္မပညာတာဝန်တစ်ရပ်အဖြစ် စတင်တည်ရှိသည်။ ဤစာတမ်းတွင် ဖန်ဆင်းခြင်း၏ ဂေဟ-ဓမ္မပညာအရ ဘုရားသခင်၏ မိသားစုအသိုက်အမြုံ၌ ဘုရားသခင်သည် အရာအားလုံးကို ပရမ်းပတာအဆင်းသဏ္ဌာန်မရှိသော အနေအထားမှ စနစ်တကျ ပြီးပြည့်စုံသော ဖန်ဆင်းခြင်းတစ်ခုလုံးသို့ ဖန်ဆင်းခြင်းလုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်းကို စူးစမ်းလေ့လာရန် ကြိုးပမ်းမည်ဖြစ်သည်။



၁. ဂေဟ–ဓမ္မပညာ၏အခြေခံအုတ်မြစ်အဖြစ် ဘုရားသခင်၏ ဖန်ဆင်းခြင်းလက်ရာတော်။

စာသားအရ၊ “ဂေဟဗေဒ”ဟူသော အသုံးအနှုန်းသည် “မိသားစုအသိုက်အမြုံ”နှင့် “လေ့လာခြင်း”ဟုအဓိပ္ပာယ်ရသောဂရိစကားလုံး oikos နှင့် logos နှစ်ခုပေါင်းစပ်မှုမှ ဆင်းသက်လာသည်။ ထို့ကြောင့် ”ဂေဟဗေဒ”သည် ဘုရားသခင်၏မိသားစုအသိုက်အမြုံအား လေ့လာသော သိပ္ပံပညာတစ်ခုအဖြစ် နားလည်ရမည်ဖြစ်သည်။ R.L. Sarkar ၏အဆိုအရ “ဂေဟဗေဒဟူသော အသုံးအနှုန်းကို ဂျာမန်ဇီဝဗေဒပညာရှင် Ernst Hackel မှ 1866 ခုနှစ် တွင် သက်ရှိသတ္တဝါများနှင့် ၎င်းတို့၏ပတ်ဝန်းကျင်ကြား ဆက်နွယ်မှုကို ဖော်ပြရန်စတင်ဖွဲ့ စည်းပုံဖော်ခဲ့သည်။” ထို့အပြင် ဂေဟဗေဒ ဖော်ဆောင်ရခြင်း၏ ရည်ရွယ်ချက်မှာ ပျက်စီးယိုယွင်းနေသော ဇီဝသက်ရှိများ သို့မဟုတ် ဂေဟစနစ် ပျက်စီးခြင်းများကို ကိုင်တွယ်ဖြေရှင်းရန် ဖြစ်ပြီး ကျွန်တော်တို့နေထိုင်သော ဤကမ္ဘာတွင် ဘုရားသခင်၏ ငြိမ်းချမ်းသော မိသားစုအသိုက်အမြုံကို တည်ဆောက်နိုင်စေရန်ဖြစ်သည်။ ထို့နောက် ဤဂေဟဗေဒ အသုံးအနှုန်းသည် ဓမ္မပညာနှင့်ပေါင်းစပ်ထားခြင်းဖြင့် ဖြစ်လာသော ဂေဟ–ဓမ္မပညာဖြစ်သောကြောင့် ဂေဟ–ဓမ္မပညာကို လေ့လာခြင်း အတွက် ဂေဟဗေဒဆိုင်ရာ ဓမ္မပညာနားလည်မှုအပေါ် ကန့်သတ်ထားသည်။ ထို့ကြောင့် Deane Drummond က ပြောသည့်အတိုင်း၊ "ဂေဟ–ဓမ္မပညာသည် ဘုရားသခင်၊ လူသား၊ နှင့်စကြဝဠာတို့အကြား သင့်လျော်သော ဆက်ဆံရေးအတွက် ဓမ္မရေးရာ အခြေခံကိုဖော်ထုတ်ရန် ကြိုးစားသည်"။

ဂေဟ–ဓမ္မပညာ၏ ရည်ရွယ်ချက်သည် ရုပ်လောကတစ်ခုလုံးတွင် ဘုရားသခင်၏ ငြိမ်းချမ်းသော မိသားစု အသိုက်အမြုံကို တည်ဆောက်ရန် ယိုယွင်းပျက်စီးနေသော ဇီဝသက်ရှိများ သို့မဟုတ် ဂေဟစနစ်ပျက်စီးခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ဖြစ်သည်။ ထို့ကြောင့် ဇီဝအသက်ရှိသော ဖန်ဆင်းခြင်းများကိုကိုင်တွယ်ဖြေရှင်းခြင်းသည် ဤကမ္ဘာမြေကြီးပေါ်တွင် တရား မျှတမှုနှင့် ချစ်ခြင်းမေတ္တာတရားတို့ ပေါင်းစပ်ထားသည့်ဘုရား သခင်၏ ငြိမ်းချမ်းသော မိသားစုအသိုက်အမြုံ တည်ဆောက်ရန် အတွက် ဂေဟဗေဒပညာကို လေ့လာခြင်း၏ အခြေခံအုတ်မြစ် ဖြစ်သည်။ သို့သော် ဘုရားသခင်၏ ငြိမ်းချမ်းသော မိသားစု အသိုက်အမြုံနှင့် ပတ်သက်သည့် ဂေဟဓမ္မပညာဆိုင်ရာ တွေးခေါ်မှု၏ ဗဟိုချက်မှာ ဘုရားသခင်နှင့် ဘုရားသခင်၏ ဖန်ဆင်းခြင်းကြား ခြားနားမှုမဟုတ်တော့ပါဘဲ ဤလောကသည် ဘုရားသခင်၌ရှိခြင်းနှင့် ဘုရားသခင်သည်ဤလောက၌တည်ရှိခြင်းကိုအသိအမှတ်ပြုခြင်းပင် ဖြစ်သည်။” ထို့အပြင်၊ ဂေဟ–ဓမ္မ ပညာသည် ဤအကြောင်းကို ခံစားမှုနှင့်တွေးတောခြင်းမျှသာ မဟုတ်ဘဲ ဘုရားသခင်နှင့်ဘုရားသခင်၏ ဖန်ဆင်းခြင်းကြား ဆက်ဆံရေးအပေါ် သက်ရောက်စေပါသည်။

အမှန်မှာ ဖန်ဆင်းခြင်းများသည် ဘုရားသခင်၏ ငြိမ်းချမ်းသော မိသားစုအသိုက်အမြုံတွင် အပြန်အလှန် မှီခိုနေရသည်ဟု ဂေဟဗေဒပညာကို စူးစမ်းလေ့လာသော ဓမ္မပညာ ရှင်များစွာ ရှိပါသည်။ အထူးသဖြင့် လူသားများနှင့်လူသားမဟုတ်သော ဖန်ဆင်းခြင်းများ၏ အပြန်အလှန် အမှီသဟဲပြုမှုဆိုင်ရာ အယူအဆကို H. Paul Santmire, Steven Bouma–Prediger, Jurgen Moltmann, Mark Wallance, Rosemary Ruether နှင့် Sallie McFague တို့ ကဲ့သို့သောဂေဟဓမ္မပညာရှင်များ၏ ဓမ္မပညာတွင် အတိအလင်း တွေ့မြင်ရမည် ဖြစ်သည်။ ဤဂေဟဓမ္မပညာပညာရှင်များ အာရုံစိုက်ကာ ဂေဟဗေဒဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် ဖန်ဆင်းခြင်းအရာသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေသော ဖြစ်စဉ်တစ်ခုဖြစ်ပြီး ဘုရားသခင်ကို မြင်နိုင်သော အရာတစ်ခုအဖြစ်သော်လည်းကောင်း၊ လူသားများနှင့် သဘာဝ တရားတို့သည် ဘုရားသခင်တည်းဟူသော တစ်ခုတည်းသော အရင်းအမြစ်မှ ဆင်းသက်လာကြသည်ဟူ၍လည်းကောင်း၊ နှင့် ၎င်းတို့သည် အတူတကွ ကြီးထွားလာပြီး ကိုယ်ခန္ဓာ၏ မတူညီသော အစိတ်အပိုင်းများအဖြစ် အပြန်အလှန်မှီခို နေထိုင်ကြပြီး ဘုရားသခင်၌ ဘက်ပေါင်းစုံမှ စည်းလုံးညီညွတ်မှုရှိကြသည်ဟူ၍လည်းကောင်း သူတို့မတူညီသော ရှုထောင့်အသီးသီး မှ ဖော်ပြကြသည်။

၂။ ဘုရားသခင်၏ မိသားစုအသိုက်အမြုံ၌ ဖန်ဆင်းခြင်းများ

မိသားစုအသိုက်အမြုံ၌ ဖန်ဆင်းခြင်းများ အပြန်အလှန်အမှီသဟဲပြုနေရခြင်းဟူသော အဓိပ္ပာယ်ရှိသည့် ဂေဟဗေဒဓမ္မပညာသည် ဘုရားသခင်သည် ဖန်ဆင်းခြင်းတိုင်း၏ ရင်းမြစ်ဖြစ်ပြီး ဖန်ဆင်းခြင်းတိုင်းသည် ဘုရားသခင်၌ ဆွေမျိုးသားချင်းများ ဖြစ်ကြသော အယူအဆအပေါ်တွင် အခြေခံထားသည်။ ဤအယူအဆကို သိနိုင်ရန် ဖန်ဆင်းခြင်း၏ မူလအစသို့ အစပြုရန် အရေးကြီးသည်။

သမ္မာကျမ်းစာ၌ ဖန်ဆင်းခြင်း၏ မူလအစကို (ကမ္ဘာဦး ၁:၁–၂:၄က;၂:၄ခ–၂၅) နှင့် အခြားကျမ်းချက်များဖြစ်သည့် (ယော ဘ ၃၈:၄–၃၈၊ ဆာ ၈၊ ဆာ ၁၀၄၊ ယောဟန် ၁:၁–၅၊ ၉–၁၀၊ ကော ၁:၁၅–၂၀) ၌ ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ သမ္မာကျမ်းစာအရ၊ အစအဦး၌ ဘုရားသခင်သည် စကြဝဠာ တစ်ခုလုံးကို အဆင်းသဏ္ဌာန် မရှိသောအရာမှ ဖန်ဆင်းသည်ဟု ဖော်ပြထားသည် (ကမ္ဘာ ၁း၂)။ အဆင်းသဏ္ဌာန်မရှိဟူသော အသုံးအနှုန်းနှင့် ပတ်သက်၍ ဟေဗြဲစကားလုံး tohu မှ ဆင်းသက်လာသည်။ Munich M. Gorg ၏ အဆိုအရ tohu ၏ အဓိက အဓိပ္ပါယ်မှာ “သိပ်သည်းသောအမှိုက်ပုံ၊ ကြမ်းတမ်းသော၊ ဖရိုဖရဲ အစုလိုက် အပြုံလိုက်၊ သို့မဟုတ် ရှုပ်ပွသည်" ဟူ၍ဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာ၌ ဤ tohu ဟူသော အသုံးအနှုန်းသည်'အဆင်းသဏ္ဌာန်မရှိ'ဟု အဓိပ္ပါယ်ရှိပြီး ဘုရားသခင်က ဤ'အဆင်းသဏ္ဌာန်မရှိ'သောအရာမှ စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းတော်မူသည်ဟု နားလည်ရပါသည်။

ဒါဆို တချို့မေးခွန်းများ မေးလာနိုင်ပါသည်။ တချို့သော ဓမ္မပညာရှင်များက ဘုရားသခင်သည် စကြဝဠာကို "ဘာမှမရှိသော”အရာမှ ဖန်ဆင်းခဲ့သည်ကို ဘယ်လို ငြင်းဆိုနိုင်မလဲ။

ဘုရားသခင်သည် ဖန်ဆင်းခြင်းရဲ့ အရင်းအမြစ်ဖြစ်တယ်လို့ ပြောနိုင်မလား။ စကြဝဠာဗေဒဆိုင်ရာ ကျမ်းစာသွန်သင်ချက်နှင့် ပတ်သက်၍ ဥပမာအားဖြင့်၊ ဓမ္မဟောင်းကျမ်း ပညာရှင် Bruce K. Waltke က စကြဝဠာသည် အဆင်းသဏ္ဌာန်မရှိသော အရာတစ်ခုမှ စကြာဝဠာကို ဖန်ဆင်းခဲ့သည်ဟု အခိုင်အမာဆိုသည်။ သို့သော် ဤအဆင်းသဏ္ဌာန်မရှိသောအရာကို တွေးခေါ်ပုံသုံးမျိုးမှ နားလည်နိုင်သည်။ Waltke က "ပထမတွေးခေါ်ပုံအရ မူလဖန်ဆင်းခြင်းအပြီးမှ အဆင်းသဏ္ဌာန်မရှိ ဖြစ်သွားတယ်။ ဒုတိယတွေးခေါ်မှုပုံစံအရ မူလဖန်တီးမှုနှင့် ဆက်စပ်၍ အဆင်းသဏ္ဌာန်မရှိ ဖြစ်သွားခဲ့သည်။ တတိယပုံစံတွင်မူ မူလဖန်တီးမှုမတိုင်မီ အဆင်းသဏ္ဌာန်မရှိဖြစ်ခဲ့သည်။" သို့ရာတွင် Waltke က ဤအဆင်းသဏ္ဌာန် မရှိသည့်အရာ သည် ဖန်ဆင်းခြင်းမတိုင်မီ အရာတစ်ခုမျှသာဖြစ်၍ ဖန်ဆင်းခြင်း၏ မူလအစမဟုတ်ပါဟူ၍ ဖော်ပြထားသည်။ တစ်နည်းအားဖြင့်ဆိုရသော် 'ဘာမှမရှိသောအရာမှဖြစ်ပေါ်လာသော ဖန်ဆင်းခြင်း' (Creation out of nothing) ဟူသော အယူအဆကို ထောက်ခံသော Waltke ကဲ့သို့သော ဓမ္မဟောင်းကျမ်းပညာရှင်များ ရှိကြသည်။

သို့သော် 'ဘာမှမရှိ' ဟုဆိုရသော်ငြားလည်းဤသမ္မာကျမ်းစာတွင် ဖော်ပြထားသော 'ဘာမှမရှိ' ဟူသောအနက်အဓိပ္ပါယ်သည် အပျက်သဘောဆောင်သော ရှုထောင့်မျိုးမဟုတ်ပါ။ Margaret Macintyre က ဤ 'ဘာမှမရှိ' ဟူသောအရာသည် "လူ့ဘာသာစကားနှင့် အယူအဆဆိုင်ရာ ကန့်သတ်ချက်များကြောင့် ဤနေရာမှာ ကျွန်ုပ်တို့သည် 'ဘာမှမရှိ' စကားလုံးကို သုံးခြင်းသာဖြစ်သည်။ ဒါပေမယ့်ဤ 'ဘာမှမရှိ' ဟူသော အရာသည် ကျွန်တော်တို့ နားလည်ထားသည်ထက် အဆပေါင်းများစွာ ပို၍ပြီးပြည့်စုံသည်။ ဤ 'ဘာမှမရှိ'သောအရာသည် ခပ်သိမ်းသောအရာများဖြစ်၏။" ထို့ကြောင့် 'ဘာမှမရှိ'သောအရာသည် ခပ်သိမ်းသောအရာအားလုံး၏ မူလအစပြုဖြစ်သည်။

ဒဿနအရ၊ ရုပ်လောကတစ်ခုလုံးကို မသိနားမလည်မီ 'ဘာမှမရှိ' သော လောကုတ္တရာ အစစ်အမှန်တရားတစ်ခုရှိနေပြီး၊ ဤလောကတစ်ခုလုံးသည် ဘုရားသခင်အဖြစ်နားလည်သောမမြင်နိုင်သည့် 'တန်ခိုး' သို့မဟုတ် 'ဉာဏ်ပညာ' အားဖြင့် ထိုအစစ်အမှန်တရားကို ပေါ်ထွန်းမြင်နိုင်စေသည်ဟု နားလည်ထားသည်။ ဤသဘောအရ Attfield ဖော်ပြသည့်အတိုင်း ယနေ့ခေတ်တွင် ဘုရားမဲ့ဝါဒီများနှင့်အတူ ဘုရားရှိဝါဒီများစွာတို့သည် လူသားများအပါအဝင် စကြဝဠာတစ်ခုလုံးကို 'ဘာမှမရှိ'သောအရာမှ အစပြုဖြစ်ပေါ်တည်ရှိလာကြောင်းကို သဘောတူကြပြီး ဖန်ဆင်းခြင်းတစ်ခုလုံးသည် 'ဘာမှမရှိ' ဟု ဘုရားမဲ့ဝါဒီများ နားလည်ထားသော "တန်ခိုး၊ အသိပညာ၊ ဉာဏ်ပညာ" သို့မဟုတ် ဘုရားရှိဝါဒီများ လက်ခံယုံကြည်သော "ဘုရား သခင်"မှ အစပြုဖြစ်ပေါ်တည်ရှိလာသည်။

'ဘာမှမရှိသောအရာမှ ဖြစ်ပေါ်လာသော ဖန်ဆင်းခြင်း' Creation out of nothing ဟူသော ဤအယူအဆကို Hegel ၏ အကြွင်းမဲ့ဝိညာဉ်တော်နှင့် အကန့်အသတ်ရှိဝိညာဉ်များ (Absolute Spirit and finite spirits) ကိုအခြေခံသော Paul Tillich ၏ "လောကုတ္တရာ အစစ်အမှန်တရားမှ ပြောင်းလဲလာသောလောကီမျက်မြင်ရှိခြင်းဆိုင်ရာ ကွဲကွာခြင်း" (Estrangement as the state of the transition from essence to existence) ဆိုင် ရာ ဓမ္မပညာ နှင့် Moltmann ၏ "အတွင်းသဘောဆောင် – သုံးပါးတစ်ဆူတည်းဘုရား၏ သက်တော်စဉ်နှင့် လောကဖြစ်စဉ်" (The inner-trinitarian life of God and the world process) ဆိုင်ရာဂေဟ-ဓမ္မပညာတွင်လည်း မြင်ရမည်ဖြစ်သည်။ သူတို့၏ ဂေဟ-ဓမ္မ ပညာများကို ပြန်လည်အဓိပ္ပါယ် ဖွင့်ဆိုပါက "တန်ခိုး၊ အသိပညာ၊ ဉာဏ်ပညာ" ဟူသော အကြွင်းမဲ့ပြီးပြည့်စုံသည့် ဘုရားသခင်သည် မူလအစ၌ အစစ်အမှန်တရားတစ်ခုအနေနဲ့ရှိနေပြီး ရုပ်လောကတစ်ခုလုံးကို ဖန်ဆင်းရာတွင် အခြားအရာတစ်ခုကို မိမိအစိတ်အပိုင်း တစိတ်တဒေသအဖြစ် ကွဲကွာစေ၍ ဤကွဲကွာလာသောအရာသည် အဆင်းသဏ္ဌာန်မရှိသော ဘုရားသခင်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ဤကွဲကွာလာသော အဆင်းသဏ္ဌာန်မရှိသည့်အရာ၌ အလင်း၊ အမှောင်၊ ကုန်းမြေ၊ ရေအစရှိသော အရာခပ်သိမ်းများသည် ပရမ်းပတာအဖြစ် တည်ရှိနေသည်။ ဤအဆင်းသဏ္ဌာန်မရှိ ပရမ်းပတာဖြစ်နေသော ဘုရားသခင်၏ သဏ္ဌာန်တော်အသစ်မှ ဘုရားသခင်၏ မိသားစုအသိုက်အမြုံ၌ စနစ်တကျ ပြီးပြည့်စုံခြင်းသို့ ဖန်ဆင်းတော်မူသည်။

ထို့ကြောင့် ဖန်ဆင်းခြင်းလက်ရာတော် ရုပ်လောကတစ်ခုလုံးသည် "တန်ခိုး၊ အသိပညာ၊ ဉာဏ်ပညာ" ဟူသော အကြွင်းမဲ့ပြီး ပြည့်စုံသည့် လူသား၏အသိဉာဏ်နှင့် ဖေါ်ပြလို့ မရသော "ဘာမှမရှိ" ဟူသော ဘုရားသခင်သည် အရာခပ်သိမ်း၏ မူလအစဖြစ်ပြီး ဤဘုရားသခင်အားဖြင့် ခပ်သိမ်းသောအရာများ ဖြစ်ပေါ်တည်ရှိလာသည်။ ဘုရားသခင်သည် အရာခပ်သိမ်း၏ မူလအစဖြစ်သောကြောင့် ခပ်သိမ်းသော အရာအားလုံးတို့သည် ဘုရားသခင်၌ မိသားစု အသိုက်အမြုံ အဖြစ် အပြန်အလှန် အမှီသဟဲပြုနေထိုင်ကြသော ဖန်ဆင်းခြင်းလက်ရာတော်များ ဖြစ်ကြသည်။


၃။ ဘုရားသခင်မိသားစုအသိုက်အမြုံ၌နေထိုင်ခြင်း။

သမ္မာကျမ်းစာအရ လူသားများ အပြစ်မလုပ်မီအချိန်အထိ ဧဒင်ဥယျာဉ်တွင် စစ်မှန်သော ဘုရားသခင်၏ မိသားစုအသိုက်အမြုံကဲ့သို့ အပြန်အလှန် အမှီသဟဲပြု နေထိုင်ကြသည်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်ရမည်ဖြစ်ပါသည်။ ကမ္ဘာဦးကျမ်း အခန်းကြီး ၁ နှင့် ၂ တွင် ဘုရားသခင်သည် အရာအားလုံးကို အဆင်းသဏ္ဌာန်မရှိ ပရမ်းပတာဖြစ်မှုမှ ကောင်းမွန်သော ဖန်ဆင်းခြင်းအဖြစ်သို့ ဖန်ဆင်းခဲ့ကြောင်းကို ကျွန်ုပ်တို့ဖတ်ရပါသည်။ ဘုရားသခင်သည် အရာအားလုံးကို မိမိနေရာနှင့် လိုက်လျောညီထွေမှုရှိစွာ ဖန်ဆင်း၍ တာဝန်ပေးခဲ့ပြီး ဘုရားသခင်ရှေ့တော်၌ ထိုအရာအားလုံးတို့သည်ကောင်းမွန်ခဲ့သည်။ ထို့နောက် ဘုရားသခင်သည် သူ့ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းခဲ့သော လူသားများကို ထိုကောင်းမွန်သောဖန်ဆင်းခြင်းများအား အုပ်စိုးရန်၊ သို့တည်းမဟုတ် လွှမ်းမိုးရန်မဟုတ်ဘဲ ဘုရားသခင်

ကိုယ်စား အရာအားလုံးကို ထိန်းသိမ်း စောင့်ရှောက်ရန် ဒေဝဉ္ဇယျာဉ်တွင် နေထိုင်စေခဲ့သည်။ ထိုအချိန်တွင် ဒေဝဉ္ဇယျာဉ်တွင် အရာအားလုံး ကောင်းမွန်ပြီး ထူးကဲလှသည်။ ဖန်ဆင်းခြင်း အားလုံးသည် ၎င်းတို့၏ဂုဏ်သိက္ခာနှင့် ပြည့်စုံပြီး စစ်မှန်သော ဘဝကို ပျော်ရွှင်စွာ အတူတကွနေထိုင်နိုင်သည့်နေရာ ဖြစ်သည်။ ဖန်ဆင်းခြင်းအားလုံးတို့သည် တစ်ခုနှင့် တစ်ခုအကြား ခွဲခြားမှု မရှိဘဲ မိမိကိုယ်စီအခွင့်အရေးများနှင့်အတူ လွတ်လပ်ခွင့်များရှိသည့် မိသားစုအသိုက်အမြုံတစ်ခု ဖြစ်သည်။ အခွင့်အရေးအမျိုးမျိုးအပြင် ဒေဝဉ္ဇယျာဉ်သည် ဖန်ဆင်းခြင်းအားလုံး၏ သမာဓိနှင့်တန်ဖိုးရှိမှုကို မြှင့်တင်ပေးခဲ့သည်။ ထို့ကြောင့် Moltmann ဖွင့်ဆိုထားသည့်အတိုင်း “ဖန်ဆင်းခြင်းများ၏ အစပိုင်းတွင် ဘုရားသခင်၏ နိုင်ငံတော်၌ဌင်းတို့၏ ပြီးမြောက်၍ ပြီးပြည့်စုံသော ကယ်တင်ခြင်းသမိုင်းကို အတိအလင်း ဖွင့်ပြခဲ့ပါသည်။

မိသားစုအသိုက်အမြုံ၌ အပြန်အလှန် အမှီသဟဲပြုနေထိုင်ကြသော ဆွေမျိုးသားချင်း ပုံစံသည် လွှမ်းမိုးချုပ်ကိုင်မှုနှင့် ခေါင်းပုံဖြတ်မှုစနစ်ကို စိန်ခေါ်သောအရာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံလို ရိုးရာယဉ်ကျေးမှုဝေလေ့ အခြေအနေမျိုးမှာ လူသားနဲ့လူသားမဟုတ်သော ဖန်ဆင်းခြင်းအကြား ကွာဟမှုကို ဖော်ပြဖြေရှင်းရာမှာ ဤဆွေမျိုးသားချင်းပုံစံ အသုံးအနှုန်းနဲ့ ပတ်သက်ပြီး ပြဿနာတချို့ ရှိနေတာကို လျစ်လျူရှု၍ မရပါ။ ဥပမာအားဖြင့် မြန်မာအမျိုးသမီးရေးရာ လှုပ်ရှားသူ Anna May Say Pa ထောက်ပြသည့်အတိုင်း မိရိုးဖလာရိုးရာ ယဉ်ကျေးမှုဝေလေ့ထုံးတမ်းများသည် မိသားစုဆွေမျိုးသားချင်း၌ သမီးများကို ဆက်ဆံရာတွင် လွှမ်းမိုးအမြတ်ထုတ်ခြင်းရှိပါသည်။ မြန်မာနိုင်ငံတွင် ဆွေမျိုးသားချင်း ဆက်ဆံရေးကိုဆက်စပ်ကြည့်ရှုရာတွင် အချို့သောအသိုင်းအဝိုင်းများသည် လူမဆန်သောဘုရင်စနစ်ရှုထောင့် သို့မဟုတ် ဖခင်အုပ်စိုးသောစနစ်ရှုထောင့်မှ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်သောကြောင့် ပြဿနာအချို့ရှိနိုင်သည်။ ဥပမာအားဖြင့်၊ ကလေးသူငယ်များ၊ အထူးသဖြင့် သမီးမိန်းကလေးများသည် ရွေးချယ်ခွင့် မရှိဘဲ ၎င်းတို့၏မိဘ သို့မဟုတ် လူကြီးများသွန်သင်ဆုံးမမှုများကို လက်ခံနိုင်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ၊ လေးစားလိုက်နာရမည်။ ဤသို့သော ဆွေမျိုးသားချင်းဆက်ဆံရေးမျိုးတွင် “သာလွန်မှုနှင့် သိမ်ငယ်မှု” ဆိုင်ရာအယူအဆကို လွှမ်းမိုးချုပ်ကိုင်မှု နှင့် အမြတ်ထုတ်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။

သို့သော် မြန်မာနိုင်ငံတွင် မနုသာဝါဒအခြေခံသော ဘုရင်စနစ် ဆက်ဆံရေးအစား အပြုသဘောဆောင်သော ဆွေမျိုးသားချင်းဆက်ဆံရေးအတွက် အလွန်ကောင်းသော ရိုးရာယဉ်ကျေးမှု ယုံကြည်ချက်များလည်း ရှိသည်ကိုလည်းပြောဆိုလိုပါသည်။ ဥပမာအားဖြင့် အမျိုးအနွယ်ဖွဲ့စည်းပုံနှင့်ပတ်သက်၍ မြန်မာဆိုရိုးစကားတစ်ခုဌ ဖော်ပြထားသည်မှာ “ကြီးသူရှိသေ၊ ရွယ်တူလေးစား၊ ငယ်သူသနား” ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ဤစကားသည် သားသမီးများနှင့်ငယ်ရွယ်သူများသည် မိဘကိုရိုသေတတ်အောင် သွန်သင်ပေးသည်သာမက မိဘနှင့်သက်ကြီးရွယ်အိုများကလည်း တစ်ဖန် သားသမီးများနှင့်ငယ်ရွယ်သူများအပေါ် ချစ်ခင်ကြင်နာတတ်ရန် တာဝန်ရှိသည်ဟုဆိုလိုပါသည်။ တဖန်ရွယ်တူသူများကို လေးစားတန်ဖိုးထားရန် သွန်သင်ပါသည်။ Spiro ၏အဆိုအရ မြန်မာနိုင်ငံရှိ



ဆွေမျိုးသားချင်းပုံစံသည် အဓိကအားဖြင့် “အသက်ကြီးသူနှင့် အသက်ငယ်သူတို့နှင့် ဆက်စပ်နေသော အခွင့်အရေးများနှင့် တာဝန်များ ကွဲပြားမှုကို ထင်ဟပ်စေပါသည်။ သို့သော် ဒီကွာခြားချက်များသည် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်အပေါ်မှာ အခြေခံပါတယ်။ “ဥပမာအားဖြင့်၊ ငယ်သူသည် ကြီးသူအား ဂါရဝ ပြုရန် ကျင့်ဝတ်ဆိုင်ရာ တာဝန်ဝတ္တရားရှိပြီး ကြီးသူကလည်း ငယ်သူများကိုပြုစုစောင့်ရှောက်ရန် အပြန်အလှန် ကျင့်ဝတ်ဆိုင်ရာ တာဝန်ဝတ္တရားရှိသည်။” မြန်မာနိုင်ငံရှိ ဆွေမျိုးသားချင်းဆက်ဆံရေးသည် အပြန်အလှန် ဆက်ဆံမှု၏ နောက်တွင် လုပ်ပိုင်ခွင့်နှင့်တာဝန်များပေါ်တွင် အခြေခံသည်ကို ထင်ရှားပါသည်။


ဤဖော်ပြချက်၏ အခြေခံသဘောတရားသည် အထက်က ဖေါ်ပြပါအတိုင်း ဘုရားသခင်သည် ခပ်သိမ်းသော ဖန်ဆင်းခြင်းအားလုံးတို့၏ အရင်းအမြစ်ဖြစ်ပြီး ခပ်သိမ်းသော ဖန်ဆင်းခြင်းအားလုံးတို့သည် ဘုရားသခင်၏ အသိုက်အမြုံ၌ မိသားစုဆွေမျိုးသားချင်းများ ဖြစ်ကြသည်။ဤဘုရားသခင်၏ မိသားစုအသိုက်အမြုံအပေါ် အခြေခံထားသော ဂေဟ-ဓမ္မပညာသည် လူသားများနှင့်လူသားများမဟုတ်သော သဘာဝတရားအပါအဝင် ဖန်ဆင်းခြင်းအားလုံးသည် မိသားစုဆွေမျိုးသားချင်းများဖြစ်ကြပြီး ကျား၊မ၊ အဆင့်အတန်း၊ အသက်အရွယ်မရွေး တူညီသော ဘုံကောင်းကျိုးနှင့် တန်ဖိုးထားမှုများကို မျှဝေခံစားကြကြောင်းကို ဖေါ်ပြထားပါသည်။ ထို့ကြောင့် Nathanael L. Inglis ဆိုသည့်အတိုင်း၊ “ဤဆွေမျိုးသားချင်းသဘောထားသည်ကိုယ်ပိုင်ဂုဏ်သိက္ခာအရ မြင့်မားခြင်း သို့မဟုတ် နိမ့်ကျခြင်းဟူသော ကွဲပြားမှုများကို တိုင်းတာခြင်းမဟုတ်ဘဲ ၎င်းတို့တစ်ခုလုံး၏ ခိုင်ခံ့ရှင်သန်မှုအတွက် မရှိမဖြစ်လိုအပ်သော အစိတ် အပိုင်းများအဖြစ် အသိအမှတ်ပြုပါသည်။"

မြန်မာနိုင်ငံတွင် 'ဆွေမျိုးသားချင်း' ဆက်ဆံရေးနှင့် ပတ်သက်သော အပြုသဘောဆောင်သည့် အခြားအယူအဆတစ်ခုလည်း ရှိသေးသည်။ Spiro ၏အဆိုအရ ညီအစ်ကို မောင်နှမများသည် မိသားစုအရေးဖြစ်ကြသော ဘာသာရေးပွဲ၊ မင်္ဂလာဆောင်ပွဲ၊ နှင့် ထုံးတမ်းစဉ်လာအရ အစီအစဉ်တစ်ခုခု စသော မိသားစုအရေး ရှိလာပါက မိသားစုဝင်များသည် ထို အချိန်အခါများတွင် ပါဝင်မေတ္တာဖေါ်ပြရန် စိတ်ဆန္ဒ အပြင်းထန်ဆုံးရှိသည့် အလွန်ကောင်းမွန်သော ဆက်ဆံရေးမျိုး ရှိပါသည်။ ဆိုလိုသည်မှာ မိသားစုသာရေးနာရေးအချိန်များတွင် မိသားစုဝင်များ၏ ပူးပေါင်းပါဝင်မှုသည် မြန်မာနိုင်ငံရှိ ဆွေမျိုးသားချင်းဆက်ဆံရေးစနစ်၏ လက်တွေ့ဘဝတစ်ခုဖြစ်သည်။ ဤဆွေမျိုးသားချင်းဆက်ဆံရေးစနစ်သည် ဆွေမျိုးသားချင်းတစ်ဦးချင်းစီ၏ အလေးထားမှု၊ လေးစားမှုနှင့်ဂုဏ်ပြုမှုဆိုင်ရာ သတ်မှတ်ချက်များတွင် သူ့အလိုလိုနှလုံးသားမှ ထွက်ပေါ်လာသောမွန်မြတ်သည့်ကျင့်ဝတ်တစ်ခုဖြစ်သည်။

အထက်တွင် ဖော်ပြထားသော”ဆွေမျိုးသားချင်း” အပေါ် အခြေခံထားသော ဂေဟ-ဓမ္မပညာသည် လူသားများနှင့် လူသားများမဟုတ်သော ဖန်ဆင်းခြင်းအားလုံးသည် တန်ဖိုးထားမှု၊ အပြန်အလှန်နားလည်မှု၊ လက်ခံမှုနှင့်အသိအမှတ်ပြုမှုတို့အပေါ် အခြေခံကြောင်း ပြသပါသည်။ထို့အပြင် မိသားစု “ဆွေမျိုးသားချင်း”သဖွယ် လူသားများနှင့် လူသားများမဟုတ်သော ဖန်ဆင်းခြင်းအားလုံးတို့သည် မိသားစုသာရေးနာရေးအချိန်များတွင် မိသားစုဝင်များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ဆွေမျိုးသားချင်းတစ်ဦးချင်းစီ၏ အလေးထားမှု၊ လေးစားမှုနှင့် ဂုဏ်ပြုမှုဆိုင်ရာ မွန်မြတ်သည့်ကျင့်ဝတ်များသည် သူ့အလိုလိုနှလုံးသားမှ ထွက်ပေါ်ဆောင်ရွက်ရန်အပေါ် အခြေခံသည်။

နိဂုံး

'ဂေဟ-ဓမ္မပညာ'သည် ဘုရားသခင်၏ မိသားစု အသိုက်အမြုံ၌ဘုရားသခင်သည်အရာအားလုံးကိုအဆင်းသဏ္ဌာန်မရှိ ပရမ်းပတာမှ စနစ်တကျ ပြီးပြည့်စုံသော ဖန်ဆင်းခြင်းတစ်ခုလုံးသို့ ဖန်ဆင်းခြင်း လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်းအပေါ် အခြေခံသော 'ဓမ္မပညာ'ရပ် တစ်ခုဖြစ်သည်။ မိသားစုအသိုက်အမြုံ၌ ဖန်ဆင်းခြင်းများ အပြန်အလှန်အမှီသဟဲပြုနေရသည်ဟူသော အဓိပ္ပာယ်ရှိသည့် ဂေဟ-ဓမ္မပညာသည် ဘုရားသခင်သည် ဖန်ဆင်းခြင်းတိုင်း၏ရင်းမြစ်ဖြစ်ပြီး ဖန်ဆင်းခြင်းတိုင်းသည် ဘုရားသခင်၌ ဆွေမျိုးသားချင်းဖြစ်သော အယူအဆအပေါ်တွင် အခြေခံထားသည်။ ဘုရားသခင်၏ မိသားစုအသိုက်အမြုံအပေါ် အခြေခံထားသော ဂေဟ-ဓမ္မပညာသည် လူသားများနှင့် လူသားများမဟုတ်သော သဘာဝတရားအပါအဝင် ဖန်ဆင်းခြင်းအားလုံးသည် မိသားစုဆွေမျိုးသားချင်းများ ဖြစ်ကြပြီး ကျား၊မ၊ အသက်အရွယ်၊ အဆင့်အတန်း၊ အမျိုးအစားမရွေးတူညီသော ဘုံကောင်းကျိုးနှင့် တန်ဖိုးထားမှုများကိုမျှဝေခံစားကြကြောင်းကို ဖေါ်ပြထားပါသည်။ ထို့အပြင် မိသားစုအသိုက်အမြုံအပေါ် အခြေခံထားသော ဂေဟ-ဓမ္မပညာသည် လူသားများနှင့် လူသားများမဟုတ်သော ဖန်ဆင်းခြင်းအားလုံးတို့သည် မိသားစုဆွေမျိုးသားချင်းသဖွယ် မိသားစုသာရေးနာရေးအချိန်များတွင် မိသားစုဝင်များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ဆွေမျိုးသားချင်း တစ်ဦးချင်းစီ၏ အလေးထားမှု၊ လေးစားမှုနှင့်ဂုဏ်ပြုမှုဆိုင်ရာ မွန်မြတ်သည့်ကျင့်ဝတ်များသည် သူ့အလိုလိုနှလုံးသားမှ ထွက်ပေါ်ဆောင်ရွက်ရန်အပေါ် အခြေခံသည်။ အထူးသဖြင့် လူသားကြောင့် ပျက်စီးယိုယွင်းလာ၍ အဆင်းသဏ္ဌာန်မရှိ ပရမ်းပတာအဖြစ်သို့ ပြောင်းလဲလာသော မိသားစုအသိုက်အမြုံကို တဖန် စနစ်တကျပြီးပြည့်စုံခြင်းသို့ ပြန်လည်ရောက်ရှိစေရန်အတွက် ကယ်တင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အဓိကလိုအပ်သောအရာတစ်ခုဖြစ်သည်။ ဤသည်မှာ ဂေဟ-ဓမ္မပညာ၏အဓိပ္ပါယ် နှင့်တာဝန်တစ်ရပ်အနေဖြင့် ဖြစ်ပေါ်တည်ရှိနေပါသည်။



သိက္ခာတော်ရဒေါက်တာသန်းဇော်မိုး

“အသင်းတော်နှင့် လွဲမှားသောဩဝါဒသစ်”

“နိဒါန်း”

အသင်းတော်ပြင်ပမှ ဖြစ်ပျက်လျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဒုက္ခပြဿနာများသည် အသင်းတော်များသို့ ရိုက်ခတ်လျက်ရှိပြီး၊ မြန်မာပြည်၌သာမက ကမ္ဘာနှင့်အဝှမ်း ကြုံတွေ့ရင်ဆိုင် ဖြတ်သန်းနေကြရသည်။ ဓမ္မပညာရှင်တစ်ဦးဖြစ်သော ဝေါကာပါစီ (Walker Percy) က “ယခုခေတ်သည် မျက်စိဉာဏ်အလင်းပွင့်သောခေတ်မဟုတ်၊ ဘာလုပ်၍ဘာကိုင်ရမှန်းမသိသောခေတ်” ဟု မှတ်ချက်ပြုခဲ့ဖူးပေသည်။ ထိုမှတ်ချက်မှာ အချိန်ကြာခဲ့ပြီဖြစ်သော်လည်း ကျွန်ုပ်တို့အတွက်တော့ မှန်ကန်သောအဓိပ္ပါယ်ဖွင့်ဆိုချက်ဟု ဆိုရပေဦးမည်။ ထို့အပြင် အသင်းတော်သို့ ဝင်ရောက်နှောက်ယှက်လျက်ရှိသည့် လွဲမှားသော ဩဝါဒအသစ်များလည်း ရှိနေပါသည်။

“အသင်းတော်၏အဓိပ္ပါယ်”

အသင်းတော်ဆိုသည်မှာ “ယုံကြည်သူများအစုအဝေး” ဟု အဓိပ္ပါယ်ရသည်။ Ekklesia ဆိုသည့် ဂရိစကားမှ ဆင်းသက်လာပြီး၊ မူလအဓိပ္ပါယ်အရဆိုလျှင် အသင်းတော်သည် ဘုရားသခင်၏အိမ်တော် (The Lord’s House) ဖြစ်သည်။ “အိမ်တော်” ဟုဆိုခြင်းသည် “အဆောက်အဦး”ကို ဆိုလိုခြင်းမဟုတ်ဘဲ ဘုရားသခင်၏အလိုတော်အတိုင်း အသက်ရှင်ပြီး တစ်ဦးနှင့်တစ်ဦး မိသားစုရှဖွဲ့သောနေရာဖြစ်ပါသည်။

အသင်းတော်ထဲသို့ဝင်လာသော ယုံကြည်သူ

ခရစ်ယာန်များအား စစ်မှန်သောတပည့်တော်များဖြစ်လာအောင် လုပ်ဆောင်၊သွန်သင်ပေးရန် အသင်းတော်၌ တာဝန်

ရှိသည်။ ထို့ကြောင့် အသင်းတော်သည် အသင်းသားများ လက်တွေ့ လုပ်ဆောင်ခြင်းနှင့် ပြုစုပျိုးထောင်ခြင်းများအားဖြင့်၊ အရည်အသွေးမှီသော တပည့်တော်များဖြစ်လာစေရန် ပြုစုဆုံးမသွန်သင်ခြင်းများပြုလုပ်ရမည့်နေရာဖြစ်ပါသည်။

ခရစ်ယာန်များအတွက် အသင်းတော်သည် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသင်းတော်သည် သခင်ယေရှုခရစ်တော်ကိုယ်တော်တိုင်တည်ဆောက်ခဲ့သောအရာဖြစ်သောကြောင့်တည်း။ "ဤကျောက်ပေါ်တွင် ငါ့အသင်းတော်ကို ငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ"(မဿဲ ၁၆:၁၈)။

အသင်းတော်သည် ခရစ်ယာန်သက်သေခံများ ထုတ်ဖော်ပေးသောနေရာနှင့် ခရစ်ယာန်တန်ဖိုးများကို အတူတကွ လုပ်ဆောင်ရသောနေရာလည်းဖြစ်သည်။ ခရစ်ယာန်တန်ဖိုးဟုဆိုရာတွင် ခရစ်ယာန်များ၏အသက်ရှင်မှု၊ နေထိုင်မှု၊ အခြားသူများနှင့် ဆက်နွယ်မှုစသော အသက်ရှင်ခြင်း၏ကျင့်စဉ်ကောင်းများကို ဆိုလိုပါသည်။

စစ်မှန်သောအသင်းတော်သည် ဘုရားသခင်မိန့်တော်မူသော အကြီးမြတ်ဆုံးသော ပညတ်တော်ဖြစ်သည့် ဘုရားကို ချစ်ခြင်းနှင့် ကိုယ်နှင့်စပ်ဆိုင်သောသူများအား ကိုယ်နှင့်အမျှချစ်ခြင်းပင်ဖြစ်သည်။ အကယ်၍ အသင်းတော်သည် မိမိ၏ အတွင်းရေးကိစ္စ၊ အသင်းတော်အားကြေညာခြင်းကိစ္စနှင့် အသင်းတော်ရှင်သန်ခြင်းကိစ္စအတွက်သာ ဖြစ်တည်နေပါက အသင်းတော်မည်မျှကြီးပါလေစေ စစ်မှန်သောအသင်းတော်မဖြစ်နိုင်ပါ။

စစ်မှန်သောအသင်းတော်တွင် ပုံမှန်ပြောင်းလဲလာသော အသင်းဝင်သစ်များလည်း ရှိကောင်းရှိမည်။ သို့သော် အဓိကသည် အသင်းတော်တံခါး အပြင်ဘက်၌ရှိသော လောကလူသားများအတွက် ကူညီမစဖို့ရန် နှလုံးသားတံခါးပုံမှန်ဖွင့်ထားသောအသင်းတော်ပင်ဖြစ်သည်။

"လွဲမှားသောဩဝါဒအသစ်၏အန္တရာယ်"

ကနဦးခရစ်ယာန်များသည် သန့်ရှင်းသောဝိညာဉ်တော်ထံမှ တန်ခိုးကိုခံရပြီး အတွင်းအင်အားကို စုစည်းနိုင်ခဲ့ကြသည်။ ထို့နောက် လူအမြောက်အများအား သခင်ယေရှုခရစ်တော်ထံသို့ ပြောင်းလဲယုံကြည်လာစေခဲ့ပြီး၊ အသင်းတော်သည် တဖြည်းဖြည်းကြီးထွားလာပါသည်။

သို့သော် ယေရှုခရစ်တော်ကိုယ်တော်တိုင် တည်ထောင်ခဲ့သောအသင်းတော်သည် အသင်းတော်သမိုင်း၌ ဒုက္ခပြဿနာများလည်း ရင်ဆိုင်ကြုံတွေ့ ဖြတ်သန်းလာခဲ့ကြရလေသည်။ ယနေ့မျက်မှောက်ခေတ်တွင်လည်း အသင်းတော်သည် အခြားသောပြဿနာများအပြင် မှားယွင်းသော ဩဝါဒသစ်များကိုလည်း ရင်ဆိုင်ရုန်းကန်ဖြေရှင်းနေကြရဂျာနေသည်။ သမ္မာကျမ်းစာ၌လည်း ထိုမှားယွင်းသောဩဝါဒများအား မယုံကြည်ပါမည့်အကြောင်းကိုလည်း သတိပေးထားပါသည်။

"အကြောင်းမူကား၊ နောင်ကာလ၌လူတို့သည် စင်ကြယ်သော ဩဝါဒကိုနားမခံနိုင်ဘဲ၊ ယားတတ်သော နားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်း များပြားသော ဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။" (၂တိ ၄:၃-၄) ထို့ပြင် သခင်ယေရှုသည် ဒုတိယအကြိမ် မကြွလာမည် "မိစ္ဆာပရောဖက်အများတို့သည် ပေါ်လာ၍ လူအများတို့ကို လှည့်ဖျားလိမ့်မည်"ဟု သတိပေးထားပါသည်။ (မဿဲ ၂၄:၁၁)

ထို့ပြင် သခင်ယေရှုသည် ဒုတိယအကြိမ် မကြွလာမည် "မိစ္ဆာပရောဖက်အများတို့သည် ပေါ်လာ၍ လူအများတို့ကို လှည့်ဖျားလိမ့်မည်"ဟု သတိပေးထားပါသည်။ (မဿဲ ၂၄:၁၁)

ထို့ကြောင့် ခရစ်တော်၏ အမှုတော်၊ သာသနာတော်ကို ထမ်းဆောင်နေကြသော ဓမ္မဝန်ဆောင်များသည် မိမိတို့အသင်းတော်ရှိ အသင်းသားများအား မှားယွင်းသောပရောဖက်နှင့် မှားယွင်းသောဆရာများ၏ဩဝါဒသစ်အန္တရာယ်မှ ကာကွယ်နိုင်ရန် သတိပေးသင့်ပါသည်။

ယနေ့မျက်မှောက်ခေတ်ကာလတွင် မှားယွင်းသော သွန်သင်ချက်နှင့် ကျင့်သုံးမှုများသည် အသင်းတော်ထဲသို့ စိမ့်ဝင်လာနေသည်။ တနည်းအားဖြင့် ကျန်းမာချမ်းသာဝံဂေလိတရား (Prosperity Gospel) သည် ခရစ်ယာန်သာသနာတော်ထဲသို့ ရောက်ရှိလာပြီး လူအချို့တို့သည်လည်း နားထောင်ကောင်း၍ ထိုတရားနောက်သို့ လိုက်ပါကြသူများလည်းရှိကြကြောင်း တွေ့ရပါသည်။

ထိုဩဝါဒအသစ်များ၏ သဘောသဘာဝတွင် အောက်ပါအချက်(၃)ချက်ကိုတွေ့ရပါသည်။

၁။ ဩဝါဒသစ်များသည် စနစ်မကျသောယုံကြည်ချက်များကို သွန်သင်ခြင်း (Unsystematic Beliefs)။

၂။ ဩဝါဒသစ်များသည် ဖျော်ဖြေမှုဆန်သော ကိုးကွယ်ဝတ်ပြုခြင်းပုံစံများ (Worship Entertainment) ပါရှိနေခြင်း။

၃။ ဩဝါဒသစ်များသည် မိမိအကျိုးစီးပွားကိုအလေးထားမှု (Personal Prosperity) အား ဝိညာဉ်ရေးရာအဖြစ် ရှုမြင်ခြင်း (ဥပမာ – မိမိကောင်းစားကြွယ်ဝရန် ဘုရားသခင်နှင့် ဆက်ကပ်ရမည်ဖြစ်ခြင်း)။

ထိုကဲ့သို့ ဩဝါဒသစ်များကို သွန်သင်သူများတွင်လည်း အောက်ပါအချက်(၃)ချက်အား တွေ့မြင်ရပါသည်။

၁။ ဩဝါဒသစ်များကို သွန်သင်သူများသည် ခရစ်ယာန်ဂိုဏ်းဂဏအဖွဲ့အစည်းနှင့်ဆက်စပ်မှုမရှိခြင်း (Anti Institutiionalism)၊ တစ်နည်းအားဖြင့် စနစ်တကျဖွဲ့စည်းထားသောအဖွဲ့အစည်းဖြင့် အတူတကွမလုပ်ဆောင်လိုခြင်း (ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာထိန်း၊ စာရင်းစစ်၊ ဂေါပကအဖွဲ့ မလိုအပ်ဘဲ သူတို့သာလျှင် အလုံးစုံဖြစ်ပြီး၊ ဘဏ္ဍာရေးမူဝါဒလည်း ပွင့်လင်းမြင်သာမှု မရှိသူများဖြစ်ခြင်း)။

၂။ ဩဝါဒသစ်ကိုသွန်သင်သူများသည် မှန်ကန်သော ခရစ်ယာန်ဓမ္မအတွေးအခေါ်သင်ယူမှုမရှိခြင်း (Lack of Theologiacal Education)၊ တစ်နည်းအားဖြင့် ကျမ်းစာကျောင်းများမတက်ရောက်ဖူးခြင်း။

၃။ ဩဝါဒသစ်ကိုသွန်သင်သူများသည် စည်းစိမ်၌

ဝါကြွားခြင်းအား ဘုရားသခင်၏မျက်နှာသာပေးမှုဟု ကြွေးကြော်ခြင်း (Wrongly Praise God's Favouritism)။

ထိုမျှမက ဩဝါဒအသစ်၏ သင်ကြားခြင်းအချို့ကိုလည်း အောက်ပါအတိုင်းတွေ့ရသည်။

'၁။ ဘုရားသခင်သည် သင်တို့၏အသက်တာတွင် နိမိတ်လက္ခဏာပြုလုပ်လိုခြင်း။

၂။ အလှူဘဏ္ဍာငွေသည် အနာဂါတ်တွင် ကြွယ်ဝရန်မျိုးစေ့ချခြင်းဟုဆိုခြင်း။

၃။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို အဓိကသက်သေခံရန်။

၄။ ကျွန်ုပ်တို့သည် ကမ္ဘာလောကကြီးကိုအုပ်စိုးရန် ဖန်ဆင်းခံထားရခြင်း။

၅။ ဘဝအသက်တာချောမွေ့စေရန်နှင့် မကောင်းသောအမှုအရာများမှကာကွယ်ရန် အလေးပေးဆုတောင်းခြင်း။

၆။ ဝိညာဉ်ရေးရာနိုးထမှုအစီအစဉ်တွင် ရုပ်ပိုင်းဆိုင်ရာကောင်းချီးနှင့် ဘဝ၏သုခရရှိစေရန် တက်ရောက်သူများအား ကတိပေးခြင်း။

၇။ ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်ဆန္ဒ လိုအင်များအားဖြည့်ဆည်းပေးမည့်သူဖြစ်ခြင်း။' စသည်တို့ဖြစ်သည်။

နိဂုံး

ထိုဩဝါဒသစ်များ၌ တူညီသောအချက်မှာ ယေရှုခရစ်တော်အား ယုံကြည်သောသူများသည် ကျန်းမာရမည်၊ ချမ်းသာရမည်။ ထိုသို့မဟုတ်ပါက ဘုရားသခင်အား သင်၏ဆက်ကပ်ယုံကြည်မှုအားနည်းခြင်းကြောင့်လည်းကောင်း၊ သင်၏အပြစ်ကြောင့်လည်းကောင်းဖြစ်ရသည်ဟုဆိုသည်။

ယုံကြည်ခြင်းရှိခြင်းသည် မိမိအသိဉာဏ်၊ ဆင်ခြင်တုံတရားအား နောက်ဖေးပေါက်မှ လွှတ်ပစ်လိုက်ခြင်းဟု မဆိုလိုပေ။ "ညီအစ်ကိုတို့၊ သင်တို့သည် ဉာဏ်အရာ၌ သူငယ်မဖြစ်ကြနှင့်။ မတရားသောအမှုအရာ၌ နို့စို့ သူငယ်ဖြစ်ကြလော့။" (၁ကော ၁၄:၂၀)

"ငါ့စကားကိုဆင်ခြင်လော့။ ထာဝရဘုရားသည် အရာရာတို့၌ဉာဏ်ကို သင့်အားပေးသနား တော်မူ ပါစေသော။" (၂တိ ၂:၇)

"အကြောင်းမူကား၊ သူတပါးတို့သည် လူပရိယာယ်နှင့် အပြစ်သို့ သွေးဆောင်ခြင်းငှါ လှည့်ဖြားပြောဆိုသဖြင့်၊ ငါတို့သည် နောက်တဖန် ခပ်သိမ်းသော ဩဝါဒ လေတိုက်၍ ဖရိုဖရဲလွင့်သွားသော သူငယ်မဖြစ်ဘဲလျက်၊ မေတ္တာစိတ်နှင့် သမ္မာတရားကို ဟောပြောသဖြင့်၊ ဦးခေါင်းတည်းဟူသောခရစ်တော်မှာ အရာရာတို့၌ ကြီးပွားကြမည် အကြောင်းတည်း။" (ဧဖက် ၄:၁၄-၁၅)


ထို့ကြောင့် အသင်းတော်များသည် လွဲမှားသောဩဝါဒသစ်များ၏ လှည့်ဖြားပြောဆိုမှုများနောက်သို့ မိမိတို့အသင်းသူအသင်းသားများ မလိုက်မပါသွားစေရန် သတိပေးကာကွယ်သင့်ပါကြောင်းနှင့် စစ်မှန်သောအသင်းတော်အား တည်တံ့ခိုင်မြဲစေပြီး ယေရှုခရစ်တော်တပည့်များမွေးထုတ်နိုင်ကြပါစေကြောင်း ဖော်ပြအပ်ပါသည်။


ကျမ်းကိုး

– ဆရာစောသောဝါး(MICT)၏သင်ခန်းစာ

– Jared C.Wilson. "5 Distinguishing Marks of a Fruitful Church".

– Life Application Bible (NIV). Grand Rapids,Zo





ရေတွင်းပျက်ထဲမှသည် MCC ဆီသို့

ဟဟီစော

အဲဒီနေ့က ညနေမှောင်စပြုံးချိန်မှာ ကောင်လေးတစ်ယောက်က စက်ဘီးလေးကို အရှိန်တင်နင်းလာတယ်။ ဆောင်းတွင်းဆိုတော့ နေဝင်တာကလည်း စောတဲ့အပြင် ကျူရှင်ကလည်း နောက်ကျမှ လွတ်တာမို့ အလင်းရောင်က တဖြည်းဖြည်း အားနည်းစ ပြုလာတယ်။ နယ်မြို့လေးရဲ့ ထုံးစံမို့ လမ်းမီးဆိုတာကလည်း အားကိုးလို့သိပ်ရတာမဟုတ်။ ကျူရှင် ပြပေးတဲ့ ဘုရားကျောင်းက ဆရာမက အမှာစကားလေးကို သူငယ်ချင်းဆီ သွားပြောပေးဖို့ လာခဲ့ရတာပါ။

သူငယ်ချင်းရဲ့ အိမ်နားရောက်တော့ အတော်ကို မှောင်နေပြီ။ သူငယ်ချင်းတွေရဲ့ အိမ်က သူများတွေ အိမ်ရဲ့ အနောက်ထဲမှာ။ ရှေ့အိမ်ဘေးမှာ စက်ဘီးလေး ရပ်ပြီး လှမ်းနှုတ် ဆက်လိုက်တော့ အိမ်ထဲက အမှောင်ထဲကလည်း ပြန်နှုတ်ဆက်လာတယ်။ ခပ်သုတ်သုတ်လေး ဆက်ဝင်သွားတော့ လုံးဝကိုမှောင်နေပြီ။ ကောင်းကင်က ကြယ်ရောင်လေး အားကိုးနဲ့ ဆက်သွားလိုက်တယ်။

လမ်းရဲ့ဒေါင့်ချိုးလေး တစ်နေရာမှာ နူတ်ခမ်းသား မရှိတော့တဲ့ ရေတွင်းပျက်တစ်ခုတော့ရှိတယ်။ အကြိမ်ပေါင်း များစွာ သွားခဲ့ဖူးတဲ့လမ်းမို့ မှတ်မိနေတာပါပဲကွာဆိုပီး စက်ဘီးသော့လေးကို လက်မှာ ဝှေ့ကာ ဆက်သွားလိုက်တယ်။ တနေရာရောက်တော့ ဇဝဇဝါ ဖြစ်သွားပြီး ခဏရပ်လိုက်မိတယ်။ တည့်တည့်ပဲ သွားရမလား။ ညာဖက်ပဲ ချိုးလိုက်ရမလားပေါ့။ ညကမှောင်မှောင် လရောင်က ဝေဝေဝါးဝါးဆိုတော့ အိပ်မက်ထဲပဲရောက်နေသလိုလို။ ခြေတစ်လှမ်းလှမ်းလိုက်တာနဲ့ကို ခြေထောက်က တစ်ခုခုနဲ့ တိုက်မိပြီး လေဟာနယ်ထဲကို နင်းမိသွားပြီး လူက ဝုန်းကနဲ ပြုတ်ကျသွားတော့တယ်။

ရေတွင်းကလည်း သိပ်မကျယ်ပါဘူး။ လက်နှစ်ဖက် ဆန့်လိုက်ရင်ကို ဟိုဘက်ဒီဘက်ကိုင်မိနေပီ။ ကံကောင်းတာက ဆောင်းတွင်းဆိုတော့ ရေက ခြေချင်းဝတ်သာသာလောက်ပဲ ရှိတော့ အကျတော့မနာဘူးပေါ့။ ဒါပေမယ့် မျက်နှာတခြမ်းတော့ ရေတွင်းနံရံနဲ့ ပွတ်မိသွားတယ်။ အနက်က ဝါးတစ်ရိုက် သာသာဆိုပေမယ့် ရေတွင်းပျက်ဆိုတော့ ရေတွင်းနံရံက ရေညှိတွေနဲ့ ချောနေသလို သိပ်လည်း မခိုင်တော့ဘူး။ ကျကျချင်း လူက နဲနဲတော့ ထူပူသွားတယ်။ နံရံကို ကုတ်ဖက်ပြီး တက်ဖို့ ကြိုးစားမိတော့ ရေညှိတွေနဲ့ ချောနေတာရယ်၊ အုတ်ခဲတွေက မခိုင်တော့တာနဲ့ ပြန်ပြုတ်ကျလာတယ်။

ရေတွင်းထဲမှာ မှောင်တူးပီး အပေါ်မော့ကြည့်တော့ မဝိုင်းတဝိုင်းကောင်းကင်ကြီးကိုပဲ တွေ့ရတယ်။ သူငယ်ချင်း နာမည်ကို ကြိုးအော်တော့လည်း ပြန်ထူးသံမကြားရဘူး။ လုပ်မိ လုပ်ရာ ရေထဲကို လိုက်စမ်းပီး ဖိနပ်နဲ့ စက်ဘီးသော့ကို ရှာမိတယ်။ တွေ့တဲ့အခါ အပေါ်ကို ပစ်တင်လိုက်တယ်။

အော်ခေါ်လိုက်၊ ကုတ်ဖွဲ့တက်ကြည့်လိုက်နဲ့ နာရီဝက်လောက် ကြာလာတော့ လူက ချမ်းတုန်လာပြီး သွေးလည်း ပျက် လာတယ်။ ငါသေရတော့မလား။ ငါ့ကို ကယ်မယ့်သူ မရှိတော့ဘူးလား နဲ့တွေးရင်း ကြောက်ကာ ငိုယိုမိတယ်။

"ဂွမ်းလေး ... ဟေ့ရောင် ဂွမ်းလေး ..." ဆိုပီး သူငယ်ချင်းရဲ့ မောင်နံမည်ကို ထပ်ကာထပ်ကာ အော်ခေါမိတယ်။

ဖြစ်ချင်တော့ အဲ့အနားမှာလည်း ဗီဒီယိုရုံက ရှိနေတော့ ဗီဒီယိုရုံက အသံတွေကလည်း ကျယ်လောင်စွာ ကြားနေရတယ်။ ဒီအသံကြောင့်ပဲ ကိုယ့်အသံကို မကြားကြတာလား။

အော်ရလွန်းလို့ အသံတွေတောင် သိပ်မထွက်ချင်တော့ဘူး။ လူကလည်း အရမ်းချမ်းလာတယ်။ ဒီအချိန်မှာ ဘုရားကို သွားသတိရမိတယ်။ ဘုရားသခင် ကယ်ပါ။ ကိုယ်တော် ကယ်ရင် ကိုယ်တော့်အတွက် ပြန်ပေးဆပ်ပါမယ်လို့ ကတိတွေလည်း သွေးရူးသွေးတန်း မျက်ရည်ကျပြီး ပေးနေတော့တာပေါ့။

တစ်နာရီလောက်ကြာသွားတဲ့အခါ အပေါ်က ခြေသံလို လိုကြားတာနဲ့ ကြိုးအော်လိုက်တယ်။ အပေါ်ကလည်း ပြန်မေးလာတယ်။ ဘယ်သူလဲတဲ့။ ကျနော် ဖိုးနီပါခင်ဗျ။ ကျနော် ဖိုးနီပါလို့ ငိုသံကြီးနဲ့ အော်ပြောလိုက်မိတယ်။

အပေါ်ကလူကတော့ ကျနော့်သူငယ်ချင်းကို လာလည်တာပဲ။ သူကလည်း မကြောက်တတ်လို့ပဲ တော်တော့တယ်။ သူကပဲ အနားကလူတွေကို အကူအညီပြန်တောင်းတယ်။ အဲနားမှာ ဘော်ဒါဆောင်လည်း ရှိတော့ အဲ့က လူတွေက ရောက်လာကြတယ်။ ကျတော့်ကို ဓါတ်မီးတွေနဲ့ ထိုးကြည့်ကြ တယ်။

ကိုယ်ကလည်း အောက်မှာ မေးဂတ်ဂတ်တုန်နေပြီ။ ဒီကြားတဲ့ နော်အေးစေဆိုတဲ့ ကျနော့်သူငယ်ချင်းရဲ့ အမေက လာနောက်နေသေးတယ်။ "နင်.. ဖိုးနီ မဟုတ်ဘူး။ အက်ဒွပ်ပါတဲ့"။ သူငယ်ချင်းရဲ့ အမေက သူ ယေကျင်း အရက်မူးပြီး ပြုတ်ကျတယ်ထင်နေသေးတာ။ "အက်ဒွပ် မဟုတ်ပါဘူး။ ကျနော် ဖိုးနီပါ" လို့ အော်ပြောရသေးတာရယ်။

နောက်တော့ သူတို့က ဝါးလုံးတစ်လုံးကို ချပေးလာတယ်။ ကျနော်ကလည်း အဲ့ဝါးလုံးကို ဖက်ပြီး ခြေကန်တက်လာသလို သူတို့ကလည်း ဆွဲတင်ပေးကြတယ်။ အကျီတွေလဲပေးကြ။ ရေတွေသုတ်ပေးကြတယ်။ အားလုံးက ကျနော့်ကို သိနေကြတာကိုး။ အရှေ့အိမ်က နေမကောင်းတဲ့ အဒေါ်ကတောင် သူ အုတ်နီခဲမီးဖုတ်ပြီး စောင်ပတ်ထာပြီး ခြေနင်းတာကိုပါ လာပေးလို့ ပိုက်ထားရသေးတယ်။ မြန်မြန်နွေးသွားအောင်လေ။

အဲဒီအချိန်မှာ ကျနော်အော်ခေါ်မိနေတဲ့ ဂွမ်းလေးဆိုတဲ့ တယောက်က ဗီဒီယိုပြီးလို့ ပြန်ရောက်လာတာ ရေတွင်းထဲထောင်ထားတဲ့ ဝါးလုံးကို သရဲထင်ပြီး သရဲလို့ အော်ပြေးသေးတယ်ဆိုပဲ။ သူလာတုန်း အောက်ကနေ သူ့နံမည်အော်ခေါ်တာကြားရင် ကိုယ့်မကယ်ပဲ ထွက်ပြေးမယ့်အကောင်။

အဲဒီနေ့က သူငယ်ချင်းကို လာပြောတဲ့သတင်းကတော့ ပျော်ကုန်းမှာလုပ်မယ့် သင်တန်းတက်ဖို့ဆိုတာပါပဲ။ မနှစ် က နွေမှာ ပျော်ကုန်းမှာ သင်တန်းသွားတက်တော့ ဘုရားသခင်ရဲ့ အကြောင်း ကျမ်းစာအကြောင်းတွေကို သင်ကြားခဲ့ရသလို အဲသင်တန်းမှာလည်း ကျူပျော်ကျောင်းကုန်း သာသနာနယ်က လူငယ်တွေနဲ့တွေ့ဆုံပြီး မိတ်သဟာရဖွဲ့ခွင့်လည်း ရခဲ့တယ်။ ဆရာအောင်သန်းဇော်တို့သားအဖရဲ့ ပြဇာတ်တွေကတဆင့် MCC ဆိုတာကိုလည်း သိလာရတယ်။ အဲဒီကနေမှ YFC လို့ ခေါ်တဲ့ Youth for Christ အဖွဲ့ရဲ့ နယ်လှည့်သာသနာပြုတာကို သိလာရတယ်။

သူတို့က ပွင့်လင်းရာသီဆို နယ်တွေကိုလှည့်ပြီး ဧဝံဂေလိခရီးစဉ်ကို စတိတ်ရှိုးတွေဆို၊ လက်ထိုးရုပ်သေးတွေပြ၊ တရား ဒေသနာဟောရင် နယ်လှည့်ကြတာ။ သူတို့အဖွဲ့ထဲမှာ ကျနော်တို့ မြို့က တယောက်ကလည်း တီးဝိုင်းအဖွဲ့မှာပါတော့ သူတို့အဖွဲ့တွေ ကျနော်တို့မြို့ရောက်တဲ့အခါ ပို့ပြီးရင်းနှီးခွင့် ရခဲ့တယ်။ အဲအချိန် ကျနော်အစ်ကိုတွေက ရန်ကုန်မှာ တက်အလုပ်လုပ်နေကြပြီ။ တီးဝိုင်းအဖွဲ့မှာ ကီးဘုတ်လည်းတီး၊ ကားလည်းမောင်းတဲ့အစ်ကိုတယောက်အိမ်က ကျနော့ အစ်ကို တွေအိမ်နဲ့ တလမ်းထဲဆိုတာသိလာရတယ်။ ဆယ်တန်းနှစ် ရန်ကုန်မှာ အနီးကပ်သွားတက်တော့လည်း သူတို့ YFC ကားနဲ့ ပဲ လိုက်သွားဖြစ်တယ်။

ဆယ်တန်းဖြေပြီးတော့ ရန်ကုန်မှာတက်၊ ကွန်ပြူတာသင်တန်းတက်ရင်းက MCC က ဖွင့်ထားတဲ့ SCM Computer မှာ အလုပ်သင်ဝင်လုပ်ဖြစ်တယ်။ အစ်ကိုရဲ့ ဇနီးဖြစ်လာမယ့်

အစ်မက SCM မှာ လုပ်နေတော့ သူ့အဆက်နဲ့ပဲ SCM Computer မှာ ဝင်လုပ်ဖြစ်ခဲ့တာပေါ့။ အဲဒီအချိန် SCM National Secretary ဖြစ်တဲ့ ဆရာမက်သယူးအေးကလည်း ပုသိမ်အဆက်တွေ။ အစ်ကိုတို့ကလည်း ပုသိမ် UCF မှာ ပါဝင်ခဲ့ကြတော့ ရင်းနှီးနေတာလည်း ပါတာပေါ့။

အဲဒီကနေမှ UCF ဆိုတာကို စကြားလာရတယ်။ SCM Computer မှာ ပုသိမ်က ကိုဘာမူအားက တာဝန်ခံပြီး ဆရာဒယ်နီရယ်က အချိန်ပိုင်းစာသင်နေတော့ ပုသိမ်သားတွေ စုမိကြတာပေါ့။ နောက် ဒေးဗစ်တို့ နေလင်းတို့ရောက်လာကြတယ်။ သူတို့လည်း တက္ကသိုလ်မတက်ခင်ကကို UCF မှာ ပါနေကြပြီ။

ကျနော်တို့ခေတ်ကျမှ အဝေးသင်တက္ကသိုလ်တွေ၊ GTI တွေ၊ ရွာသာကြီးအီကိုတက္ကသိုလ်တွေ စတဲ့ခေတ်ပေါ့။ UCF သင်တန်းတွေ၊ MCC က လုပ်တဲ့သင်တန်းတွေမှာ ဝင်ပါဖြစ်နေပြီ။ UCF Camp တွေလိုက်တဲ့အခါ ပုသိမ် UCF ဆိုတဲ့ ခေါင်းစဉ်အောက်ပဲ လွယ်လွယ်တပ်လိုက်ကြတာပေါ့။

အဲဒီအချိန်က SCM Computer ခန်းက Judson Center စတိတ်စင်ဘေး ညာဖက်ထောင့်က အခန်းကျဉ်းလေးပေါ့။ အဲဒီအချိန်က အလုပ်လည်း မလုပ်ရသေးတော့ စာစီစာရိုက်နဲ့ပဲ ပိုက်ဆံရှာရတာကိုး။ MCC က ရုံးစာတွေ၊ တခြား အပြင် က လာအပ်တဲ့စာတွေကို ရိုက်ပေးရင်းနဲ့ပေါ့။ အဲဒီအချိန်က ကွန်ပြူတာတွေက မရှိကြသေးဘူးလေ။ တစ်ညလုံး စာတွေ ရိုက်၊ မနက် ကွန်ပြူတာသင်ချိန်ဆို ခဏထွက်၊ MCC ဘက်ကူးရင်း သင်တန်းတွေရှိရင် တက်လို့ရတာ ဝင်တက်၊ ကျွေးတာတွေ ဝင်စားပေါ့။ SCM Computer ကို နောက်တော့ တောင်ငူက ဆရာ ပေါလုထူးရဲ့သား ကိုဂေါ်ခူထူးရောက်လာတယ်။ သူကတ်ဆင့် ဆရာအောင်သက်ညွှန့်တို့ဆီ စာစီစာရိုက်သွားကူရင်း ပါဝင်ဖြစ် ခဲ့တယ်။

MCC က သင်တန်းတွေတက်ရင်း တစ်လုံးတစ်ဝတည်း အမှုတော်မြတ်ဆိုတာကို သိလာရသလို ဂိုဏ်းဂနအသီးသီးက ခရစ်ယာန်ညီအစ်ကိုမောင်နှမတွေနဲ့လည်း ခင်မင်ခွင့်ရခဲ့တယ်။ သူတို့အသင်းတော်တွေကို သွားပြီး လေ့လာခွင့်ပါဝင်ခွင့်ရခဲ့တယ်။

တစ်ရက်တော့ ဦးလှဖူးအပေါ်ထပ် သင်တန်းခန်း နောက်ဖက်က အခန်းကျဉ်းလေးမှာ သူငယ်ချင်း တစ်ယောက် သီချင်းကျင့်တာကို လိုက်သွားရင်း သီချင်းဆိုဖို့ဖြစ် သွားတယ်။ အဲဒီမှာ သီချင်းကျင့်တာက ဆရာအောင်သက်ညွှန့် တို့ရဲ့ Campus Crusade for Christ ရဲ့ ဇဝံဂေလိထွက်မယ့် Be a Light အဖွဲ့ဖြစ်နေတယ်။ အဲဒါနဲ့ သူတို့အဖွဲ့နဲ့ပဲ ဇဝံဂေလိ နယ်လှည့် ခရီးစဉ်မှာ သီချင်းဆိုရင်း စက်တွေထမ်းရင်းနဲ့ ပါဝင်ဖြစ်ခဲ့ပြန်ပါတယ်။

နောက်တော့ မေတ္တာတမန်မဂ္ဂဇင်းမှာ စာစီစာရိုက်အနေနဲ့ ဘုရားက လမ်းဖွင့်ပေးလို့ ပထမဆုံး အလုပ် လုပ်ဖြစ်ခဲ့တယ်။ MCC က သင်တန်းတွေ၊ UCF သင်တန်း တွေကနေ ဘုရားကို ပိုသိလာပြီး တချိန်က ရေတွင်းပျက်ထဲက ဘုရားကို ကတိပေးထားတာလေးနဲ့ ပေါင်းပြီး ဘုရားကို ဆုတောင်းဖြစ်ခဲ့တာက ကိုယ်တက်ကျွမ်းတာလေးနဲ့ ဘုရား အမှုတော်မှာ တစ်ထောင့်တစ်နေရာက ပါဝင်ချင်တယ်လို့ ဆိုတဲ့ ဆုတောင်းလေးကို ဘုရားက အဖြေပေးခဲ့တာပါပဲ။

အဲဒီအချိန် မေတ္တာတမန်မှာ တာဝန်ခံအယ်ဒီတာက ဆရာ စောရွှေရည် (ဆိုး) ပေါ့။ သူကတော့ အခန်းဆက် ဝတ္တုရှည်တွေကို ဧည့်သည်တွေကို ဧည့်ခံရင် ဖေါင်ပိတ်အမှီ ရေးနိုင်တာတော့ လေးစားခဲ့ရတယ်။ ရာပြည့်ပွဲနဲ့ကြုံတာနဲ့ ကချင်ပြည်ကို အဖွဲ့လိုက် ရထားနဲ့သွားပြီး စာအုပ်တွေ ရောင်းခဲ့ တာ အမှတ်တရပါပဲ။

နောက်တော့ သူငယ်ချင်းဒေးဗစ်ရဲ့အဆက်အသွယ်နဲ့ ၁၉၉၆ မက်သဒစ်ဘုရားကျောင်းမှာ ရုံးဝန်ထမ်းလုပ်ဖို့ဖြစ်လာခဲ့တယ်။ (သူက အင်္ဂလိပ်မက်သဒစ်မှာ ရုံးဝန်ထမ်းလုပ်နေတာကိုး)။ အဲဒီမှာ ဆရာစောရွှေက ရုံးလုပ်ငန်းနဲ့ ပတ်သက်တဲ့ မိတ္တူကူးတာတွေ၊ စာအုပ်ချုပ်တာတွေကအစ သင်ပေးခဲ့တယ်။ နောက် တော့ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) ရဲ့ ဌာနချုပ် မှာ ရုံးဝန်ထမ်းအနေနဲ့ လုပ်ဖို့ဖြစ်လာပြန်ရော။ Bishop မောရာ ခေတ်ပေါ့။ ရုံးအုပ် အခု Bishop မြတ်ဆန်းရဲ့အဖေ ဦးသိန်းဝေ။ ဒါက ခရစ်ယာန်မှာ မတူညီတဲ့ Denomiation တွေကို လေ့လာဖို့ ဘုရားက ပို့ဆောင်ပေးမှန်း မသိခဲ့သေးဘူး။

တဖက်မှာလည်း အဝေးသင်ကို ဒဂုံတက္ကသိုလ်မှာ စတက်နေပြီ။ အဝေးသင်မှာ ဒုတိယ Batch လောက်ဆိုတော့ UCF မဖွဲ့နိုင်သေးဘူး။ သူငယ်ချင်း ဒေးဗစ်ကတော့ ရွာသာကြီး အီကိုမှာ Day တက်နေတော့ သူငယ်ချင်းတွေစုပြီး Eco UCF ကို စဖွဲ့နေကြပြီ။ ဒေးဗစ်၊ ခရစ္စတိုဖာ၊ ရဲထွေးလှ၊ ဖေါလေးလေ၊ အယ်နီ၊ ဂျူလီယာချစ် တို့က ဦးဆောင်ပြီး ခရစ်ယာန် ကျောင်း တွေစုပြီး ဘုရားရှိခိုးတာတွေ စနေကြပြီ။ နောက်တော့ မှတ်မှတ်ရရ ၂၀၀၁ –၂၀၀၂ ဝန်းကျင် တောင်ကျ UCF WorkCamp မှာ ရန်ကုန်က ရှိသမျှတက္ကသိုလ်တွေအကုန် UCF တွေ ဖွဲ့နိုင်ကြလို့ လာဆုံကြတယ်။ ဒဂုံ UCF၊ တာဝ လို့ခေါ်တဲ့ အရှေ့ပိုင်းတက္ကသိုလ် UCF၊ အနောက်ပိုင်း တက္ကသိုလ် UCF၊ ECO UCF၊ မော်ဘီ UCF တို့ အပြင် တနိုင်ငံလုံးက UCF တွေ အတူတကွ ပါဝင်ခဲ့ကြတယ်။

တဖက်မှာလည်း မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) ဌာနချုပ်ကနေ ပန်းလှိုင် Estate မှာ အလုပ်လုပ်ဖို့ဖြစ်လာပြန်ပါရော။ ပန်းလှိုင်ဆေးရုံကြီးတောင် စဆောက်စ ရှိသေးတာ။ လှည်းတန်းက အဆောင်မှာ နေနေတဲ့အချိန်ဆိုတော့ ဂျပ်ဆင်ဘုရားကျောင်းမှာလည်း ပါဝင်နေတဲ့အချိန်ပါ။ တစ်နှစ်လောက်တောင် မကြာပါဘူး။ ဘဏ်တွေ ကမောက်ကမတွေဖြစ်တာနဲ့ ရိုးမဘဏ်ပါဝင်တဲ့ ပန်းလှိုင်အုပ်စု။ FMI အုပ်စုလည်း ဝန်ထမ်းတွေလျော့ကြတော့ လျော့တဲ့အထဲ ကျနော်လည်း ပါသွားပါလေရော။ ဘုရားရဲ့အမှုတော်ကနေ လခလေး ပိုကောင်းတဲ့ ပုဂ္ဂလိကဖက်ကို ပြောင်းခဲ့လို့များ ဘုရားက ဒဏ်ခတ်တာပဲလား။

အဲဒီအချိန်မှာ ဆရာမက်သယူးအေးတို့ကလည်း KDN ကို စဖို့လုပ်နေတဲ့အချိန်ပေါ့။ တပည့်အရင်းခေါက်ခေါက်တွေဖြစ်တဲ့ ကိုဘာမူအား။ ဒေးဗစ် နဲ့ ကျနော်တို့ကလည်း သူ့ကို

သွား သွားကူနေရတဲ့အချိန်ပေါ့။ တကယ်စတဲ့အချိန်မှာ ကိုဘာကလည်း SCM က ထွက်ပြီး ကုမ္ပဏီတစ်ခုမှာ လုပ်နေချိန်၊ ဒေးဗစ်ကလည်း ဝိုင်မှာ သင်တန်းတက်နေချိန်ဆိုတော့ ကျနော် ပဲ ဆရာမက်တို့နဲ့ ပါဝင်ခွင့်ရခဲ့တယ်။ သူတို့ရုံးခန်းကလည်း ကရင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ် လူငယ်ဌာန (KBC DYW) ရုံးခန်းအပေါ်ထပ်မှာဆိုတော့ မနက်ဆို အပေါ်မှာ ရုံးတက်၊ ညဆိုအောက်က DYW မှာ မဂ္ဂဇင်းထွက်ရှိရေး ပါဝင်ကူညီဖြစ်နေ ပါတယ်။ ဘုရားက သူ့အမှုတော်မှာ ပါဝင်ဖို့ တဖက်တလမ်းက ဆွဲခေါ်ခဲ့တာပါ။

ဒါပေမယ့်လည်း သိုးမည်းလေးကျနော်က ဘုရားနဲ့ဝေးရာကို ထွက်သွားဖို့ ကြိုးစားမိပြန်ပါတယ်။ အဲဒီ အချိန် စင်ကာပူမှာ ကျနော်အစ်ကိုကလည်း သူ့မိသားစုနဲ့အတူ အိမ်ဝယ်ထားပြီးပြီမို့ ကျနော်တို့ကို လှမ်းခေါ်နေတယ်။ ကျွန်တော်နဲ့ ကျွန်တော့်အစ်မက သွားဖို့လုပ်ကြတယ်ပေါ့။ သူငယ်ချင်း ဒေးဗစ်တို့၊ နေလင်းတို့ UCF က ညီလတ်တို့ ချစ်ဖတို့ ချာလီတို့ ရေးယွားဒီးတို့လည်း ရောက်နေကြပီကိုး။ ဟိုရောက်တော့ သူငယ်ချင်းတွေနဲ့ ဘုရားကျောင်းမှာဆုံကြတယ်။ မှတ်မှတ်ရရ ကိုယ်ရောက်သွားတဲ့အချိန်မှာ မြန်မာပြည်မှာလည်း နာဂစ်ဖြစ်တဲ့အချိန်ပေါ့။ အင်တာဗျူးတွေမှာ အလုပ်အကြောင်းမမေးပဲ နာဂစ်အကြောင်းပဲ မေးလို့ ဖြေခဲ့ရတယ်။

နောက်တော့ စင်ကာပူမှာ အလုပ်ရတော့လည်း ဘုရားကျောင်းမှာ ပါဝင်ဖြစ်ခဲ့တယ်။ စင်ကာပူမှာ အလုပ်လာလုပ်တဲ့ အိမ်ဖေါ်လေးတွေကို ကွန်ပြူတာသင်တဲ့နေရာမှာ ဝင်ကူဖြစ် တယ်။ တစ်လမှာ တစ်ခါသာ ထွက်ခွင့်ရတဲ့သူတွေကို ကွန်ပြူတာ သင်ရတာ မလွယ်ပါဘူး။ ဒါပေမယ့် ဘုရားကျောင်းရဲ့ ရည်ရွယ်ချက်က အားလပ်ရက်မှာ တခြားနေရာရောက်ရင် ပျက်စီးမှာစိုး လို့ ဘုရားကျောင်းမှာရောက်ရင် ဒီလိုအဖြစ်တွေ ရှောင်နိုင်မယ်လို့ ရည်ရွယ်တာ။ စင်ကာပူအသင်းတော်မှာ ပါဝင်တာတော့ တနင်္ဂနွေ တနေကုန်ပါပဲ။ မနက်ပိုင်းဆို အသင်းတော်မှာ သင်တန်းပေး။ ပြီးရင် ဘုရားရှိခိုးတဲ့ဆီပြေးပေါ့။ ညနေကျရင် နောက်ထပ် ဘုရားကျောင်း တစ်ခုစီပြေး။ စက်ခန်းမှာ အသံတွေ ပါဝါပွိုင်ပြင်တာတွေမှာ ကူ၊ ညရောက်မှ အိမ်ပြန်ရောက်တော့တာ။


တိုင်းတပါးမှာ အလုပ်လုပ်ရတယ်ဆိုတာ ပိုက်ဆံရတာ မှန်ပေမယ့် ဖိအားအရမ်းများတယ်။ ကိုယ့်နိုင်ငံသားမဟုတ်တဲ့ သူတွေကြားမှာ အလုပ်လုပ်ရတာ တကယ်တော့ မလွယ်ပါဘူး။ ယဉ်ကျေးမှုခြင်းလည်း မတူ၊ ဘာသာစကားလည်း မတူတော့ အခက်အခဲက ရှိတာပါပဲ။ အထူးသဖြင့် ကျနော်တို့လို ဂရုပ်ဖစ် ဒီဇိုင်းသမားတွေအတွက် ပိုဆိုးတာပေါ့။ နောက်ပြီး အလုပ်ဝင်တဲ့အချိန်မှာ မားကပ်တင်းအဖွဲ့ကလည်း မရှိပဲ သူဌေးမကိုယ်တိုင် ကိုင်တွယ်နေတော့ နေ့စဉ်လိုလို သူနဲ့ တိုက်ရိုက်အလုပ်လုပ်ရတဲ့ အခါ မလွယ်ပါဘူး။ အထူးသဖြင့် ဒီဇိုင်းလုပ်ဖို့ လိုအပ်တဲ့ အချက်အလက်တွေ မရပဲ အလုပ်လုပ်ရတဲ့အခါ အရမ်းပါတယ်။ ဒီဇိုင်းပြီးရမယ့်အချိန်၊ ပုံနှိပ်အပ်ရမယ့်အချိန်၊ ဆိုင်တွေကို ဖြန့်ရမယ့်အချိန်တွေမှီအောင် လုပ်ရပါတယ်။ သူ့ဆီက ဒီဇိုင်းအတည်ပြုချက်ရဖို့ဆိုတာလည်း ထွက်မှဖြစ်တော့မယ်ဆိုတဲ့ နောက်ဆုံးအချိန်ထိ ပြင်မဆုံးအောင်ဖြစ်တဲ့အခါ နေ့စဉ်လိုလို သူနဲ့ရင်ဆိုင်ဖို့ ဘုရားဆီမှ ဒူးထောက်ဆုတောင်းရတာလည်း အကြိမ်ကြိမ်။

တဖက်မှာလည်း အသင်းတော်မီဒီယာအဖွဲ့မှာလည်း ပါဝင်ရင်း အသင်းတော်က ပွဲတွေမှာ ဓါတ်ပုံတွေ စရိုက်ဖြစ်လာရင်းက PreWedding တွေပါ ရိုက်လာရတယ်။ ဒါကပဲ ဘုရားအမှုတော်မှာ ပါဝင်လို့ ဘုရားက ပြန်လည်ပေးအပ်တဲ့ဆုလာဒ်လေးပေါ့။

စင်ကာပူမှာ နှစ်အတန်ကြာလာတဲ့အခါ မြန်မာပြည် ပြန်လာဖို့ အကြောင်းဖန်လာပြန်ရော။ စင်ကာပူမှာလည်း ကျနော်တို့လို Graphic Designer တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းနဲ့ ကိုယ်တာက နည်းလာတာကိုး။ ဒီကနေမှာ ရန်ကုန်ပြန်လာတဲ့အခါ Graphic Designer နဲ့ Photographer ဆိုတဲ့ ကိုယ်ပိုင်လုပ်ငန်းအနေနဲ့ ရပ်တည်လာနိုင်ခဲ့တယ်။ အရှိန်ကလေး ရလာတုန်းရှိသေး ကိုဗစ်နဲ့ ကြုံတဲ့အခါ ခဏာတာလုပ်ငန်းတွေ ပါးသွားရပြန်ရော။

ဒီအချိန်မှာ ဘုရားကို ပိုပြီးဖက်တွယ်ရင်း ဆုတောင်းလာရတဲ့အခါ ဘုရားကလည်း နားညောင်းခဲ့ပါတယ်။ MCC ကနေ ပြီးတော Communication ပိုင်းမှာ ပါဝင်ပေးဖို့ ကမ်းလှမ်းလာတဲ့အခါ ဝမ်းသာအားရ လက်ခံလိုက်မိတယ်။

MCC ဆိုတာလည်း ကျနော့်ဘဝရဲ့ တစ်ဆစ်ချိုးလို့ ပြောနိုင်တဲ့အချိန်မှာ အများကြီး အရေးပါတဲ့နေရာတစ်ခုမှာ ပါဝင်ခဲ့တာဆိုတော့ ပျော်ပျော်ကြီး အဖြေပေးလိုက်တယ်။ အလုပ်က လက်ခံပေမယ့် ကိုဗစ်ကြောင့် Work From Home နဲ့ပဲ စခဲ့ရတယ်။ တကယ်ရုံးကိုလာပြီး အလုပ်လုပ်ဖို့ ဆွေးနွေးတိုင်



ပင်ဖြစ်ပြီး မကြာပါဘူး။ အာဏာသိမ်းမှုကြီး ဖြစ်သွားတဲ့အခါ Work From Home ကနေပဲ ပြန်အလုပ်လုပ်ရပြန်ပြီး အခြေအနေကို စောင့်ကြည့်ရင်း လုပ်ငန်းစတင်ခဲ့ရတယ်။

တကယ်တန်း အလုပ်တွေလုပ်လာရတဲ့အခါ မတူညီတဲ့ ဂိုဏ်ကနတွေနဲ့ လုပ်ဆောင်လာရတဲ့အခါ တချိန်က ဘုရားက လမ်းပြပြင်ဆင်ပေးခဲ့တဲ့အတွက် လက်တွဖူးခဲ့တဲ့ သူတွေနဲ့ ပြန်ဆုံရတဲ့အခါ ကျနော့အတွက် လွယ်ကူစေခဲ့တယ်။

သုံးနှစ်တာ ကာလအတွင်း ပထမတစ်နှစ်မှာတော့ ကိုးဗစ်ကြောင့် သင်တန်းတွေလုပ်ခွင့်မသာခဲ့ပေမယ့် မခသက မှာ တာဝန်ထမ်းဆောင်သွားတဲ့သူတွေကို သူတို့ရဲ့ ဖြတ်သန်းခဲ့ရတဲ့ တစ်လုံးတစ်ဝတည်းခရီးစဉ် အမှတ်တရနဲ့ မိုင်တိုင်တွေ အကြောင်း ကို အင်တာဗျူးပြီး မှတ်တမ်းဗီဒီယိုအနေနဲ့ တင်ဆက်ခွင့်ရခဲ့တယ်။ ထို့အတူ မခသက မှ ထုတ်ဝေခဲ့ဖူးတဲ့ သီချင်းအဟောင်းလေးတွေကို ယခင်က ရေးသားခဲ့တဲ့ တေးရေးဆရာတွေ သီဆိုခဲ့တဲ့ အဆိုတော်တွေနဲ့အတူ ပြန်လည်တိုင်ပင်ပြီး ကို ဘွိုင်းက အခုခေတ်ဗားရှင်း နဲ့ ပြန်လည်တီးခေတ်ပြီး အဆိုတော် ကောင်းကောင်း၊ အဆိုတော် လားဒင့်ထား၊ အဆိုတော လူးလု၊ အဆိုတော် နီနီရှင်၊ ဆရာဂျပ်ဆင်ညို့တို့မှ ပြန်လည်သီဆိုကာ တေးသီချင်းဗီဒီယို ငါးပုဒ်ကို တင်ဆက်နိုင်ခဲ့ပါတယ်။

ဒုတိယနှစ်မှာတော့ အဖွဲ့ဝင်အသင်းတော်တွေနဲ့ ပူးပေါင်းဆက်သွယ်သော အဖွဲ့အစည်းတွေက Communication ပိုင်းလုပ်ဆောင်နေတဲ့သူတွေကို ပြန်လည်တွေ့ဆုံကာ ဆွေးနွေးတိုင်ပင်ပြီး သတင်းနဲ့မီဒီယာဆိုင်ရာ၊ ဆက်သွယ်ရေး လုပ်ငန်းဆိုင်ရာသင်တန်းကို ပြုလုပ်ပေးနိုင်ခဲ့သလို အဖွဲ့ဝင်အသင်းတော် (၁၃) ပါးနဲ့ ပူးပေါင်းဆက်သွယ်သော အဖွဲ့အစည်း (၁၄) ခုတို့ရဲ့ အကြောင်းအကျဉ်းချုပ်လေးကို စာအုပ်အနေနဲ့ စုစည်းပြီး ဖြန့်ဝေနိုင်ခဲ့တယ်။

တတိယနှစ်မှာတော့ အခြေခံမှတ်တမ်းဇာတ်လမ်းတို ရိုက်ကူးခြင်းဆိုင်ရာသင်တန်းကို စာတွေ့လက်တွေ့ပြုလုပ်နိုင်ခဲ့ပြီး အဖွဲ့ဝင်အသင်းတော် (၄) ပါးရဲ့ မတူညီသောဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ မှတ်တမ်းတမ်းဇာတ်လမ်းတို့ကို သင်တန်းသားများကိုယ်တိုင် ရိုက်ကူးတည်းဖြတ် တင်ဆက်နိုင်ခဲ့ပါတယ်။ ထို့အတူ အဖွဲ့ဝင်အသင်းတော် (၁၃) ပါးရဲ့ မတူညီတဲ့ ဝတ်ပြုကိုးကွယ်ခြင်းနဲ့ အထူးနေ့ကျင်းပခြင်းအကြောင်းကို မှတ်တမ်းတင် ရိုက်ကူးတင်ဆက်နိုင်ခဲ့ပါတယ်။

MCC မှာ သုံးနှစ်တာ ကိုယ်တတ်စွမ်းတဲ့အတက်ပညာလေးနဲ့ ဘုရားအမှုတော်ထမ်းဆောင်နိုင်ခဲ့တာက တချိန်က ရေတွင်းပျက်ထဲမှာ ပေးခဲ့တဲ့ ကတိလေးကို MCC ရောက်အောင် သယ်ဆောင်လာရင်း ဘုရားနဲ့ ကိုယ့်ကြားက ကတိသစ္စာလေးကို တည်အောင်လုပ်ဆောင်နိုင်ခဲ့၊ လုပ်ဆောင်ခွင့်ရခဲ့တဲ့ အတွက် အရမ်းကို ကြည်နူးရပါကြောင်းနှင့် အခွင့်ပေးတဲ့ ဘုရားသခင်ကို လည်း အထူးပင် ကျေးဇူးတင်နေမိပါတော့တယ်။



ဆက်သွယ်ရန်

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ
၆၀၁၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၂၅၅၃၉၈၉၁၈ / ၀၉၉၄၁၅၅၃၆၁၀
info@mccoikom.org
www.mccoikom.org

ကြော်ငြာကဏ္ဍ



MCC Sunday

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ တစ်လုံးတစ်ဝတည်း တနင်္ဂနွေနေ့ (M.C.C Sunday) ကို ဇန်နဝါရီလ၊ တတိယအပတ် တနင်္ဂနွေနေ့တွင် နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကျင်းပပြုလုပ်ရန် (၈၇) ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးတွင် အားလုံးသဘောတူ သတ်မှတ်ဆုံးဖြတ်ခဲ့ကြပါသည်။ အဖွဲ့ဝင်အသင်းတော်များမှလည်း ၂၀၁၉ - ၂၀၂၀ နှစ်များတွင် စတင်ပြုလုပ်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ စဉ်ဆက်မပြတ် ဆက်လက်ပြုလုပ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

Once and For All

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ အနာဂတ်လုပ်ငန်းစဉ်များအတွက် ပဒေသာပင် မတည်ရန် (Once and For All) အလှူငွေ ကောက်ခံရန်အလို့ငှာ (၈၇) ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးတွင် အားလုံးသဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ အလှူတော်ငွေကို ဆက်လက် ပေးအပ် လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်း နှိုးဆော်အပ်ပါသည်။





အခန်းငှားရန်

မ.ခ.သ.က အဆောက်အဦး၏ (၅)လွှာတွင် အခန်းများ ငှားရမ်းရန် ရှိပါသည်။

၁၀ ပေ x ၁၅ ပေ (၃၀၀,၀၀၀) ကျပ်
၁၀ ပေ x ၁၂ ပေ (၂၀၀,၀၀၀) ကျပ်

ဆက်သွယ်ရန်
- ၀၉ - ၄၂၀၀၈၆၁၁၇၊ ၀၉ - ၇၉၉၆၆၉၀၇၉
- ၀၉ - ၇၉၅၈၁၉၇၅၁၊ ၀၉ - ၇၈၅၉၄၈၅၆

ဝိန်ဖရန်စစ်ဘာကီခီခီ

qawmi;arwm

ခရစ်တော်ဘုရား...

u&eyu u , awm\ ir;cr;a&; t wu t o;jyawmry/
rle;w;jci;u csp;jci;jzi v n;aumi;
xlcu;jyprm;jci;u cilvlwjci;jzi v n;aumi;
,lrm;olo ,jzp;jci;u ,lu n;jci;jzi v n;aumi;
plwlysu;l t m;i ,jci;u arm;v ij;ci;jzi v n;aumi;
t rlularmilu t v i;jzi v n;aumi;
alu ulOr;en;jci;u Or;ajrmul&ilve;jci;jzi v n;aumi;
wjyeei&e ce t m;aus;Z;ay;oem;awmry/

ခရစ်တော်ဘုရား...

u&eyo n olwpy;\ Eplorl t m;ay;jci;ulc&el&mazjci;x u
olwpy;t m; Eplorl t m;ay;&elul;pm;jci;u v naumi;
owpy;u u&ely l tay:ü olwwlem;v n&el &mazjci;x u
u&eyu? olwpy;t ay:ü olwwlem;v n&el
ul;pm;jci;u v n;aumi;jy&ei&e
u&ey t m; u nawmry/

t allumi;rum;ay;ur;jci;jzi omv&i u&eyw&&uly;
cilvlwjci;jzilomv&i u&eywon cilvlwjci;c&um
aoq;jci;jzilomv&i u&eywon xm0& t oulol
ar;zm;jci;cu&yapownf/

အာမင်...